
www.burmeseclassic.com




BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ရွှန်းရမီမိုး

## ရွှေရတုဒွိဟာ

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ

အမှတ် (၅၉) ၁၉–လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင် (၅၅၇၃)၊ စေတနာ Offset

အမှတ် (၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်

ရန်ကုန်မြို့။

ရွှန်းရမီမိုး

ရွှေရတုဒွိဟာ၊ ရွှန်းရမီမိုး၊ ရန်ကုန်

စေတနာစာပေ၊ ၂၀၁၃

၁၆၈-စာ၊ ၅×၇

(၁) ရွှေရတုဒွိဟာ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



BURMESE CLASSIC

"နတ်သျှင်နောင်"ယောက်ျားလေးဆောင်။ ခြံဝင်းကျယ်ကျယ်နဲ့။ ရေကူးကန်နဲ့ တင်းနစ်ကွင်းပါ ရှိသေးသည်။ အဆောင်ဆိုပေမယ့် နေရုံသက်သက်မဟုတ်။ ထမင်းပါ စရိတ်ပေးပြီးစားလို့ရသည်။ မစားချင်လည်းရသည်။ ဧည့်ခန်းကျယ်ကြီးတစ်ခုပါရှိပြီး လက်မလေးဆယ် LCD TV ကြီးနဲ့ ရုပ်သံလိုင်းပေါင်းစုံက ဘောလုံးပွဲကြည့်ဖို့ စီစဉ်ပေးထားသည်။

ဝန်ဆောင်မှု အပြည့်အစုံနဲ့ပါ။ ဒါပေမဲ့ အဆောင်တွင်း အရက်သောက်ခွင့်မရှိ။ အပြင်က သောက်လာရင်လည်း မသိမသာ သောက်လာရင်တော့ ရသည်။ သိသိသာသာသောက်လာရင်တော့ လက်မခံ။ အဆောင်ထဲ ဝင်ခွင့်မပေးတော့။



www.burmeseclassic.com

www.burmeseclassic.com



စားရေးသောက်ရေးကို အမျိုးသားစားဖိုမှူးတွေနဲ့ စီစဉ်ပေးသည်။

အဝတ်တွေ မလျှော်ချင်ရင်လည်း သန့်ရှင်းရေး ကောင်လေးတွေကို လျှော်ခိုင်းလို့ရသည်။ မီးပူပါ တိုက်ပေး၏။ ပိုက်ဆံတော့ ပေးရတာပေါ့။

အဆောင်ခန်းတွေက နှစ်ယောက်ခန်း ရှိသလို သုံး ယောက်ခန်းလည်း ရှိသည်။ သန့်ရှင်းရေးလုပ်စရာမလို။ အဆောင် သန့်ရှင်းရေးကောင်လေးတွေက မနက်တိုင်း သန့်ရှင်းရေးလာလုပ် ပေးသည်။ လျှစ်စစ်မီးက နှစ်ဆယ့်လေးနာရီ အပြည့်ရသည်။

ဟိုတယ်နီးပါး ဝန်ဆောင်မှုပေးထားတာမို့ ဈေးလည်း ကြီးပါသည်။ ပိုက်ဆံတတ်နိုင်သူတွေပဲ လာနေနိုင်သည်။ ဒါပေမဲ့ ဟိုတယ်လောက် ဈေးမကြီးသလို တစ်ယောက်တည်း အခန်းငှား နေရတာထက်စာရင်လည်း သက်သာကာ ဝန်ဆောင်မှုအပြည့်ရ ရတာမို့ တစ်ကိုယ်ရေ ဘာစ်ကာယနဲ့ ပိုက်ဆံတတ်နိုင်သူတွေ လာ နေကြတာ များပါသည်။





ထို့ကြောင့် အဆောင်တွင်း ပစ္စည်းပျောက်တာတို့ ပြဿနာဖြစ်တာတို့လည်း မရှိဘဲ လူသန့်သောအဆောင်အဖြစ် သတင်းကြီးပါ၏။

ပိုက်ဆံတတ်နိုင်သော နယ်ကျောင်းသားတွေ၊ နယ် ကလာပြီး အလုပ်လုပ်နေသော အလုပ်အကိုင်ကောင်းယောကျ်ား တွေ၊ တချို့ကျတော့လည်း ကိုယ့်အိမ်တွေ၊ အခန်းတွေငှားစားပြီး နတ်သျှင်နောင်မှာ လာနေတာလည်း ရှိပါသည်။

သေချာတာတော့ နတ်သျှင်နောင်မှာ လာနေတဲ့သူ တွေဟာ တစ်ကိုယ်ရေ ဘာစ်ကာယသမား လူလွတ်တွေချည်းပါပဲ။ လူလွတ်တာပါ။ လူပျိုလို့မပြောပါ။ တချို့က လူပျို၊ တချို့က တစ်ခုလပ်တို့၊ မုဆိုးဖိုတို့လည်း ပါပါသည်။ သို့သော် ထိုတစ်ခု လပ်တွေ မုဆိုးဖိုတွေဆိုလည်း သားသမီးမရှိသော လွတ်လပ်သူ တွေပါ။

ထို့ကြောင့်လည်း နတ်သျှင်နောင်အဆောင်က နာ မည်ကြီးပါသည်။ ဂိတ်ပါကင်ကို သေသေချာချာ လုပ်ပေးထားရှ သေးသည်။ နတ်သျှင်နောင်မှာနေတဲ့သူတိုင်း ကားကိုယ်စီရှိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



အမိက,ကတော့ ဝန်ဆောင်မှုကောင်းကောင်းနဲ့အေးအေးဆေးဆေး နေရလို့ လာနေကြတာရှိသလို၊ နတ်သျှင်နောင်ပိုင်ရှင်ရဲ့သမီးလေး ရွှေရတုကို ပိုးပန်းပြီး လာနေကြတာလည်းပါပါသည်။


နတ်သျှင်နောင်အဆောင်နဲ့ ကပ်ရပ်မှာ ပိုင်ရှင်နေပါသည်။ နေတယ်ဆိုပေမယ့် ခြံဝင်းသီးသန့်စီပါ။ အဆောင်ကလူတွေ သူတို့ခြံဘက်ကို ကူးလူးဆက်ဆံခွင့်မရှိ။

အဆောင်မှာ မန်နေဂျာရှိ၏။ ကိစ္စရှိရင် မန်နေဂျာနဲ့ပဲပြော။ ပြီးတော့ အဆောင်မှာ သောင်းကျန်းလို့မရ။ အားကောင်းမောင်းသန် လုံခြုံရေး ငါးယောက်တိတိရှိသည်။

ဝန်ဆောင်မှုကလည်း ကောင်း၊ ရွှေရတုဆိုသောပန်းကလေးဆိုလည်း မချူသာပေမယ့် အဝေးကြည့်လေး ကြည့်လို့ရတာမို့ နတ်သျှင်နောင်အဆောင်မှာ အမြဲလူပြည့်နေပါ၏။

နတ်သျှင်နောင် ပိုင်ရှင်ကလည်း စီးပွားရေးအကွက်မြင်ပါသည်။ အဆောင်ထဲမှာ အားကစားခန်းမပါ ထည့်သွင်းပေးထားသည်။ member ကြေးပေးပြီး ကစားလို့ရသည်။






www.burmeseclassic.com

စိတ်ကူးသစ် မောင်ကျော်လှိုင်
စေတနာစာပေ၏ ပင်တင်စာစောင်သစ်

Alter Writer

ဂျိမ်း

အပြင်းစားရင်ခုန်သံ





အားလုံးအဆင်ပြေကာ စိတ်ချမ်းသာရတာမို့ ပေးရတာ တန်ပါသည်။

အစာနံဆုံးက ဝင်းမွတ်အိစက်လှသော ရွှေရတုလေးကို မြင်ခွင့်ရတာပါပဲ။ ရွှေရတုဟာ အဖေလို အရုပ်မြင့်ပြီး အမေလို ရုပ်ကချောသည်။ ပြီးတော့ ရွှေရတုအမေက အသားညိုသော်လည်း ဖအေဘက်လိုက်ကာ ဖြူနေသည်။ ဖြူရုံတင်မက ဝင်းနစ်နေတာဆိုရင် ပိုမှန်မည်။ ရွှေရတုဖခင်က အဲရှမ်းကိုအသားဖြူတာ။ ရွှေရတုအမေက ခပ်ညိုညို။ ဒါပေမဲ့ ရွှေရတုကျတော့ မိဘတွေရဲ့အသားရောင်ကို Mix လုပ်ထားသလို ဖြူဆွတ်နေတာမဟုတ်ဘဲ ဝါဝင်းနစ်နေတာ။ ထိုအသားအရေကို ထပ်ပြီးလှစေတာက ရွှေရောင်မွှေးညင်းလေးတွေပါ။ ရွှေရတုရဲ့ဆံပင်က နဂိုအရောင်ကကို နက်မှောင်မနေဘဲ ညိုဖျော့ဖျော့ရယ်ပါ။ လက်မောင်းကမွှေးညင်းတွေဆို ရွှေရောင်ပြေးနေပါသည်။

ရွှေရတုဆိုတဲ့နာမည်နဲ့ လိုက်အောင် ရွှေရောင်ယှဉ်မင်းရုပ်ကလေးနယ်ပါ။ နှုတ်ခမ်းလေးတွေက နီထွေးဖူးထွတ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးကတော့ ရှည်မျောမျောလေးနဲ့ မျက်တောင်က စိုက်စင်းစင်းနဲ့။ ဒါပေမဲ့ အဲဒီမျက်လုံးစင်းစင်းလေးကကို တစ်မျိုးလေးလှနေပါသည်။

ဒူးတိဂါဝန်တိုလေးတွေ အမြဲဝတ်တတ်တာမို့ ခြေသလုံးအလှကို မြင်ရသလို လက်မောင်းလေးတွေကလည်း ဆင်နှာမောင်းလေးလို အချိုးတကျ လှမှလှ။ လက်ချောင်းလေးတွေကလည်း ဖယောင်းလို သွယ်သွယ်လုံးလုံး ရှည်ရှည်လေးတွေ။ ခြေဖမိုး၊ လက်ဖမိုးလေးတွေက ဖောင်းဖောင်းပြည့်ပြည့်လေး။ နှာတံလေးက သေးသွယ်ချွန်စင်းကာ မျက်ခုံးက စင်ရော်တောင်။

မျက်နှာအကျလှသလို ကကြီးပုံ နဖူးလေးကလည်း မကျဉ်းမကျယ်နဲ့။

ဘာမှပြောစရာမရှိအောင် တစ်နေကုန် ထိုင်ငေးကြည့်ရလောက်အောင် လှပတဲ့ ရွှေရတုကြောင့် နတ်သျှင်နောင်အဆောင်က ပိုပြီး နာမည်ကြီးတာပါ။

♥ ♣ ♥





ယောက်ျားလေးတွေ ဆိုတာက သိတော်မူကြတဲ့အတိုင်း လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး နေချင်တဲ့သူက များပါသည်။

နတ်သျှင်နောင်လို စည်းနဲ့ကမ်းနဲ့ အဆောင်မျိုးကို တော်တော်များများက စိတ်မဝင်စားကြ။ ဘယ်လောက်ပဲ ဝန်ဆောင်မှုကောင်းကောင်း၊ လွတ်လပ်မှုမရှိရင် မနေချင်ကြ။

ဒါပေမဲ့ ဇီဇာကြောင်တဲ့ ယောက်ျားကြီးတွေကတော့ ကြိုက်ကြပါသည်။ အင်မတန် အသန့်အပြန့်ကြိုက်သော၊ နားအေးပါးအေးနေချင်သော၊ မသောက်မစားတတ်သော ယောက်ျားတွေကတော့ နတ်သျှင်နောင်အဆောင်ကို ကြိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တချို့ကြတော့ ရွှေရတုဆိုသော နတ်သမီးလေးကြောင့် နတ်သျှင်နောင်မှာ လာနေတဲ့သူလည်း ရှိပါသည်။

သချောတာကတော့ အရက်သောက်တတ်တဲ့သူတွေ ဆိုရင်တော့ နတ်သျှင်နောင်နဲ့ အဆင်ပြေမှာ မဟုတ်။

အခုလည်း ဇီဇာဘဲတစ်ပွေ အဆောင်လာဗုံးနေပြန်သည်။ အဆောင်ညွှေ့ခန်းထဲမှာ မန်နေဂျာနဲ့ အဆောင်လာငှားသော ကောင်လေးတစ်ယောက် စကားပြောနေတာကို ဘောလုံးပွဲကြည့်နေသူတွေ နားမစွင့်ဘဲ ကြားနေရသည်။

ဘောလုံးပွဲက အသင်းငယ်တွေရဲ့ပွဲမို့ သိပ်စိတ်မဝင်စားဘဲ နားစွင့်မိနေတာလား။ အဆောင်လာငှားသော ကောင်လေးရဲ့ ဂဃိဂချောင် စကားတွေကြောင့် နားစွင့်မိတာများလားမသိ။

သေချာတာကတော့ သေသေချာချာကြီးကို နားစွင့်နေမိကြသည်။

"ကျွန်တော်က တစ်ယောက်ခန်းပဲ လိုချင်တာ"





"ကိုယ်တို့ဆီမှာက တစ်ယောက်ခန်း မရှိဘူး ညီလေးရဲ့။ နှစ်ယောက်ခန်း ရှိတယ်။ သုံးယောက်ခန်း ရှိတယ်။ လောလောဆယ်တော့ သုံးယောက်ခန်းတွေက ပြည့်နေပြီ။ နှစ်ယောက်ခန်းတစ်ခန်းပဲ လွတ်တော့တယ်"

"အဲဒါဆိုလည်း ကျွန်တော် နှစ်ယောက်စာပေးပြီး တစ်ယောက်တည်း နေမယ်ဗျာ"

"လွတ်တယ်ဆိုတာက တစ်နေရာစာလွတ်တာကို ပြောတာ ညီလေးရဲ့။ နှစ်ယောက်ခန်းမှာ တစ်ယောက်ရှိပြီးသား။ ညီလေး နေချင်ရင် နှစ်ယောက်ခန်းမှာပဲ တစ်နေရာစာ ရမယ်လို့ ပြောတာ"

"ဗျာ ... ဒုက္ခပါပဲ။ လွတ်လွတ်လပ်လပ် နေချင်ပါတယ်ဆိုမှ။ ဒါဆိုလည်း စဉ်းစားလိုက်ဦးမယ်။ နောက်မှလာခဲ့မယ်နော်"

"ကောင်းပါပြီ ခင်ဗျာ"

ဇီဇာဘဲ ထွက်သွားတော့ သူတို့ တဟားဟား အော်ရယ်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးတွေ အသန့်ကြိုက်ရင် မိန်းကလေးတွေ လိုက်မမီသလို၊ ယောက်ျားလေးတွေ ဇီဇာကြောင်ရင်လည်း မိန်းကလေးတွေ လိုက်မမီပါ။

နတ်သျှင်နောင်ရဲ့မန်နေဂျာကတော့ အရေထူနေပုံရပါသည်။ နေအားဆေးပဲ။

နတ်ရှင်နောင်ဆောင်မှာ နေရာလွတ်ခဲပါသည်။ နေချင်တဲ့သူတွေက တန်းစီနေသည်။ ဇီဇာဘဲ ထွက်သွားပြီးနောက် နာရီဝက်ခန့်အကြာမှာပဲ လူတစ်ယောက် ထပ်ရောက်လာပြန်သည်။

"အခန်းဆောင်ငှားချင်လို့ပါ။ တစ်ယောက်စာ ရဦးမလားမသိဘူး"

"တစ်နေရတော့ လွတ်ပါသေးတယ်။ ဒါနဲ့ နေမယ့်သူက"

"ကျွန်တော့်သားအတွက်ပါ"

"ဪ ... ဟုတ်ကဲ့။ ဒီမှာကတော့ လူမျိုးစုံ အနေအထားမျိုးစုံ ရှိတတ်ပေါ့ဗျာ၊ ဒါနဲ့ ဦးရဲ့သားက ဘာလုပ်သလဲ မသိဘူး"





"သူက ကျောင်းသားပါ။ ကျွန်တော်က နိုင်ငံခြားကို ရက်ရှည်လများ သွားစရာပေါ်လာတော့ နီးစပ်ရာဆွေမျိုးသားချင်းလည်းမရှိလို့ နတ်သျှင်နောင်မှာ လာအပ်ရတာပါ။ ဒီအဆောင်ရဲ့သတင်းတွေလည်း ကြားပြီးသားပါ။ သားကလည်း ကျောင်းတစ်ဖက်ဆိုတော့ ခေါ်သွားလို့ မရလို့ထားခဲ့ရတာပါ"

"ဟုတ်ကဲ့ပါ၊ ဦးက နိုင်ငံခြားသွားမှာဆိုတော့ ကျွန်တော်တို့က ဦးရဲ့သား တစ်ခုခု စည်းကမ်းဖောက်ဖျက်ရင် ဘယ်သူ့ကို အကြောင်းကြားရမှာလဲ"

"အဲလောက် စိုးရိမ်စရာ မလိုပါဘူး။ ကျွန်တော့်သားက အေးအေးဆေးဆေး နေတတ်တဲ့ ကလေးပါ။ အဲလိုတွေ မဖြစ်စေရပါဘူး"

"ဟုတ်ကဲ့ပါ၊ ကျွန်တော်တို့ကလည်း ပြောရမယ့်တာဝန်အရ ပြောတာပါ၊ ဦးက ကျွန်တော်တို့အဆောင်ကို အပ်ထားတယ်၊ ဒါပေမဲ့ တစ်ခုခုဖြစ်သွားရင် ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



ညည်းကာမ်းအတိုင်း အရေးယူပါတယ်။ ဒါကိုလက်ခံတယ်ဆိုရင်တော့ အဆောင်မှာထားလို့ ရပါတယ်”

“လက်ခံပါတယ်”

“ဒါဆို ဦးသားကို ခေါ်လာလို့ ရပါပြီ။ ဒီမှာ ပုံစံလေးဖြည့်ပြီး တစ်လစာ ကြိုပြီးငွေချေပေးရပါမယ်”

“ကောင်းပါပြီကွယ်၊ မောင်ရင်တို့လို အဆောင်မျိုးရှိလို့ သားကို စိတ်အေးအေးနဲ့ ထားခဲ့နိုင်တာ”

လူသစ်တစ်ယောက် ထပ်တိုးဦးမယ်။





နတ်သျှင်နောင်မှာ လူကပေါင်းစုံသည်။ နောက်ဆုံးရောက်လာတာက ဘူမိဗေဒကျောင်းသားတစ်ယောက်။ သူ့အဖေက အစိုးရအရာရှိကြီးတစ်ယောက်။ မအေက မရှိတော့။ မိထွေးနဲ့နေခဲ့ရင် အဆင်မပြေမှာစိုးလို့ဆိုပြီး အဆောင်မှာ လာထားသွားတာပါ။ ငယ်ငယ်တည်းက မိခင်ဆုံးပါးသွားတာမို့ မိထွေးကိုကြောက်ရတဲ့ဘဝနဲ့ ကြီးပြင်းလာခဲ့ရတာမို့ အရွယ်ရောက်လာတော့ ကြောက်တော့ဘဲ မကျေမနပ် ဖြစ်တတ်လာကာ ပြဿနာရှာတတ်တဲ့ကောင်လေး ဖြစ်လာခဲ့သည်။

ထို့ကြောင့် သူ့အဖေက သူ့ကို အဆောင်မှာလာထားသွားတာပါ။ သူကလည်း အဆောင်မှာ လာနေရတာကို ပျော်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါတောင် မိထွေးက နတ်သျှင်နောင်လို အဆောင် ရွှီးမှာ စျေးကြီးပေးပြီး လာထားတာကို မကျေနပ်ချင်ဘူး။

သူ့နာမည်က ညီညီသစ်တဲ့။

ညီညီသစ်နဲ့ တစ်ခန်းထဲနေတဲ့ ဘော်ဒါကတော့ သိင်္ဂါထွန်း ဆိုတဲ့ ငပွေးတစ်ကောင်။ ငပွေးမှ တကယ့်ငပွေးပါ။ သိင်္ဂါထွန်းက ခတ်ပုံဆရာပါ။ ပရော်ဖက်ရှင်နယ်လ်မဖြစ်တဖြစ်၊ နာမည်မကြီးတကြီး ခတ်ပုံဆရာပါ။

ခတ်ပုံဆရာတို့ ထုံးစံအတိုင်း ခတ်ပုံရိုက်ဝါသနာ ပါတဲ့ မိန်းကလေးတွေ တရုန်းရုန်းနဲ့ပေါ့လေ။

အဲဒီထဲကမှ သူ သဘောကျတဲ့ မိန်းကလေးဆိုရင် ခတ်ပုံကို မဂ္ဂဇင်းတို့ ဂျာနယ်တို့မှာပါအောင် လုပ်ပေးပြီး စည်းရုံး တတ်သေးသည်။

ရုပ်က သိပ်အခန့်ကြီး မဟုတ်ပေမယ့် ဝတ်တတ် စားတတ်တော့ ကြည့်လို့တော်တော်ကောင်းတဲ့ ယောကျ်ားတွေ ထဲမှာ တစ်ယောက်အပါပေါ့လေ။





ပြီးတော့ အပြောကလည်း အရမ်းကောင်း၏။ အပြော အရမ်းညက်သည်။ ပါးနပ်လည်းဝယ်မှုလည်းရှိသည်။ မိန်းကလေး တွေကို ပစ်ကျသွားအောင် ပြောနိုင်စွမ်းရှိသည်။

သိင်္ဂါထွန်းရဲ့ အပြောအဆိုနဲ့ စတိုင်လ်တွေဟာ ယောကျ်ားလေးအချင်းအချင်းအဲတွက် အရမ်းကို အမြင်ကတ်စရာ ကောင်းသလောက် မိန်းကလေးတွေကိုတော့ ဆွဲဆောင်နိုင်စွမ်းရှိ သူသည်။

သူ့အလုပ်က မိန်းမလှလေးတွေရဲ့အလှအပ ပို့စ် မျိုးစုံကို မှတ်တမ်းတင်ပေးရတဲ့ အလုပ်မို့ အလှတရားကိုအထူး အဆန်းအဖြစ် ရင်မခုန်တတ်တော့။

ထို့ကြောင့် ရွှေရတုကို ရင်ခုန်သူတွေထဲမှာ သိင်္ဂါ ပါပါ။

မိန်းမလှမျိုးစုံရဲ့ ရွှေရင်ဖုံးတဲ့ မဖုံးတဲ့ပုံတွေ၊ ပေါင်တံ အတွဲ့ မဖုံးတဲ့ပုံတွေကို နေ့စဉ် မြင်နေရ၊ တစ်ခါတလေ စိတ်ပါ လက်ပါရှိရင် ကိုယ်နေဟန်ပြင်ပေးသလိုလိုနဲ့ အသားကိုအရသာ ခံကြည့်သေးတာမို့ သူ့အတွက်တော့ မိန်းမဆိုတာကြီးက ရိုးအီနေ



www.burmeseclassic.com

www.burmeseclassic.com



ကာ တစ်ခါတလေ ယောက်ျားလေးတွေ အလှပုံလာရိုက်ရင်တောင် အထူးတဆန်း ဖြစ်နေတတ်သေးတာ။

သူနဲ့ တစ်ခန်းထဲလာနေရတဲ့ ညီညီသစ်ကလည်း ကျောင်းသားဆိုတော့ သူ့လိုင်းနဲ့သူ အေးဆေးမို့ အဆင်ပြေပါသည်။

ဒီနေ့ မိုးအေးနေတာမို့ ညဘက် အပြင်မထွက်တော့ဘဲ အခန်းထဲထိုင် Game နှိပ်နေမိသည်။

"ကိုသိင်္ဂါ အပြင်မသွားဘူးလား"

"အေး ... မသွားဘူး၊ မိုးက ကောင်းနေတယ်ကွ"

"ကျွန်တော် ကော်ဖီမှာမလို့။ မှာဦးမလား"

"ကောင်းတာပေါ့ကွာ"

ကော်ဖီပူလေးသောက်ရင်း စာကျက်နေပေမယ့် စိတ်ကမပါ။ ညီသစ် အာရုံတွေက အများပြောနေကြတဲ့ ရွှေရတုဆိုတဲ့ ကောင်မလေးဆီ ရောက်နေသည်။ ထိုကောင်မလေး တော်တော်ချောသလား။ သူ မတွေ့ဖူးသေး၍ မသိပါ။

"ကိုသိင်္ဂါ"





"ပြော"

"ရွှေရတုဆိုတာ တော်တော်ချောလား"

"ငါလိုလူအတွက်တော့ ထူးမခြားနားပတ်ပျိုးတစ်ပုဒ်ပါပဲကွာ"

"ဗျာ"

"ဩော် ... ငါက ဓာတ်ပုံဆရာလေကွာ။ မိန်းကလေးတွေကို ပုံစံမျိုးစုံ၊ အလှမျိုးစုံ မြင်ဖူးတယ်။ ဟဲ ဟဲ _ ထိဖူးတယ်လေကွာ။ သူလှတာထက် ပိုလှတဲ့သူတွေတောင် မြင်ဖူးသေးတယ်။ ဟီး ဟီး"

"ကိုသိင်္ဂါ ဓာတ်ပုံဆရာ ဘာလို့လုပ်တာလဲ"

"ဟော့ ... ငါ့အလုပ်ကိုတော့ စော်စော်ကားကား မတွေးနဲ့ကွ။ ငါက ဓာတ်ပုံရိုက်နေရရင်ကို ပျော်တာ။ ဓာတ်ပုံရိုက်နေရရင် ထမင်းမေ့ ဟင်းမေ့ကွ။ ကောင်မလေးတွေကိုရိုက်ရမှ မဟုတ်ဘူး။ ရှုခင်းပုံတွေ၊ အိုင်ဒီယာကိုချပြတဲ့ပုံတွေလည်း ရိုက်တာပဲ။ ဘာမဟုတ်တဲ့ အရာလေးတစ်ခုကို လှပသွားအောင် ရိုက်ပြချင်တာကွ။ ဒါပေမဲ့တစ်ခုတော့



www.burmeseclassic.com

www.burmeseclassic.com



ရှိတာပေါ့ကွာ။ ခါတ်ပုံဆရာနဲ့ မိန်းမလှလေးတွေဆိုတာက ခွဲလို့မရအောင် ဒွန်တွဲနေတဲ့ ပတ်သက်မှုပေါ့"

ညီညီသစ်က ခေါင်းညိတ်သည်။

"ဘာလဲ ... မင်းက ရွှေရတုကို စိတ်ဝင်စားလို့လား"

"မြင်တောင် မမြင်ဖူးပါဘူးဗျာ။ ပြောသံကြားပြီး တရားနာနေတာပါ။ ကျွန်တော် ဒီကိုပြောင်းမလာခင်ကတည်းက ကြားဖူးတယ်ဗျ။ ရွှေရတုက အရမ်းချောတယ်တဲ့။ ဒါပေမဲ့ ကျွန်တော်က ချောတဲ့မိန်းမတွေကို အထင်မကြီးဘူး"

"တစ်မျိုးပါလား"

"ဟုတ်တယ်၊ ကျွန်တော့်မိထွေးဆို သူ့အသက်သူ့အရွယ်နဲ့ အရမ်းလှတယ်၊ နုတယ်ဗျာ၊ ဒါပေမဲ့ ကျွန်တော့်အပေါ်တော့ ထောင့်တော်ကို မကောင်းတာ၊ စင်ဒရဲလားရဲ့မိထွေးနဲ့ နင်လား ငါလားပဲ"

"ဟုတ်လား ... ဟား ... ဟား၊ မင်းဥပမာတော့ သဘောကျသွားပြီ။ ဒါပေမဲ့ စင်ဒရဲလားရဲ့မိထွေးက ရုပ်ဆိုးပါတယ်ကွ၊ မင်းကလည်း"





"ရုပ်ချောလည်း မိထွေးက မိထွေးပဲဗျ၊ ဘယ်တော့မှအမေ ဖြစ်မလာဘူး၊ သူ မွေးထားတဲ့ သားသမီးတွေအတွက်တော့ အနန္တမိခင် မွန်မြတ်တဲ့မိန်းမ ဖြစ်ချင်ဖြစ်မယ်။ လင်ပါသား ကျွန်တော့်အတွက်တော့ သူက ကြောက်စရာ ရွံစရာမိထွေး မျိုးဗျ။ အဲဒါကြောင့် ရုပ်ချောတဲ့ မိန်းမတွေ အထင်ကြီး စရာ မရှိဘူးလို့ ပြောတာ"

"ကောင်လေး ... မင်းမှာလည်း ခံစားချက်တွေ များနေတာ ကိုး။ သိပ်ဖီးလ်မဖြစ်ပါနဲ့ကွာ၊ စင်ဒရဲလားတောင် မိန်းက လေးတန်မဲ့ မိထွေးနဲ့ နေနိုင်သေးတာပဲ။ ဒီနေရာမှာ မင်း ယောက်ျားလေး ဖြစ်နေတာ အများကြီး ကံကောင်းတယ် ကိုယ့်လူ"

"ဟုတ်တယ်ဗျ၊ ဒါပေမဲ့ ရုပ်ချောတဲ့ မိန်းမတွေကိုတော့ အထင်မကြီးဘူး၊ မိန်းမတွေမှာ မိခင်စိတ်ရှိတယ်ဆိုပေမယ့် အဲဒီမိခင်စိတ်က သူတို့မွန်းတဲ့သူအပေါ်တော့ မထားနိုင်ကြ ပါဘူးဗျာ။ ဥပမာ သူတို့မိထွေး ဖြစ်လာချိန်မှာ သူတို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



မိခင်စိတ်ကြီးကို ဘယ်ရှောင်ပို့လိုက်ကြလဲ မသိပါဘူးဗျာ၊ ငါ့သားလေးသာဆိုရင်ဆိုတဲ့စိတ် မထားနိုင်ကြဘူး။ ဘယ်သူက လင်ပါသား ဖြစ်ချင်မှာလဲဗျာ။ ကိုယ့်အမေရင်းနဲ့ပဲ နေချင်တာပေါ့။ အမေဆုံးလို့ သူ့လက်ထဲ ရောက်ရတာ၊ အမေကဆုံး မိထွေးကမုန်းနဲ့"

"မင်းကလည်းကွာ၊ ဂရုစိုက်လို့၊ သူ့ဘာသာမုန်းတာ သေအောင်မုန်းပစေ။ မင်းအသားလေး တစ်ချက်မှ အဟာပ်မခံရဘူးမို့လား၊ အေးဆေးပေါ့"

ညီညီသစ်က စာအုပ်ကိုပိတ်၊ မျက်စိမှိတ်၍ တစ်ခုခု စဉ်းစားနေပုံရသည်။

♥ ♣ ♥





သိင်္ဂါက ခေါတ်ပုံဆရာပီပီ မိန်းမလှတွေကို ထူးပြီး ရင်မခုန်တတ်သလို ညီညီသစ်ကကျတော့ မိန်းမလှတွေအပေါ် အမုန်းခေါတ်ခံရှိနေသူဖြစ်သည်။

သေချာတာကတော့ သူတို့နှစ်ယောက်လုံး ရွှေရတုလုတာကို လက်ခံပေမယ့် နှစ်သက်ခြင်းမရှိပါ။

တစ်ဖက်ခန်းမှာက မုဆိုးဖို ကိုကိုကြီး ဆိုတဲ့လူနဲ့ မှိုင်းထွန့်ဆိုတဲ့ ကောင်လေးတစ်ယောက်ရှိ၏။ ကိုကိုကြီးက မုဆိုးဖိုဆိုပေမယ့် အသက်က နှစ်ဆယ့်ခုနစ်နှစ်ပဲ ရှိသေးတာ။ အကြောင်းမလှလို့ ဇနီးဖြစ်သူကို ဆေးကုလိုက်ရတာနဲ့ ရှိတဲ့တိုက်ခန်းလေးပြုတ်ကာ နတ်သျှင်နောင်မှာ လာနေတာဝါ။



www.burmeseclassic.com

www.burmeseclassic.com



အသံကျယ်ငယ်ငယ်နဲ့ မှဆိုးဖို ဖြစ်ရသူမို့ မိန်းမကို တမ်းတတာကတစ်ပိုင်း၊ မိန်းမ မရှိရင် မနေတတ်သလိုဖြစ်နေတာ ကတစ်ပိုင်းနဲ့။

ပြောရမယ် ဆိုရင် ကိုယ့်ကြည့်တော့ အဆံမရှိတဲ့ သကြိန်အခြောက်ဘဝနဲ့ နောက်မိန်းမ ထပ်လိုချင်နေသူပါ။

သူလိုလူက ရွှေရတုလို အဖူးအညွန့်၊ အနုအထွင့် ကလေးကိုမှ အသေအလဲ မျက်စိကျနေသေးသည်။

ရှိုင်းထွင့်က ရိုးရိုးသားသား ဆေးကျောင်းသားလေး ပါ။ နေတာက လှည်းကူးတင်ပါ။ ဒါပေမဲ့ နေ့စဉ်ကျောင်းတက်ရ တာကျတော့ အဆင်မပြေလို့ နတ်သျှင်နောင်မှာ လာနေတာပါ။ သူလည်း ရွှေရတုကို ခိုက်တဲ့အထဲမှာ ထိပ်ဆုံးကပါသူပါ။

သူတို့ဘေးက အခန်းကျတော့ သုံးယောက်ခန်းဖြစ် သွားပါသည်။ ထိုသုံးယောက်က သူငယ်ချင်းသုံးယောက် အတူ လာငှားနေတာပါ။ သူတို့သုံးယောက်က ရွှေရတုကို ပတ်သက်ချင် လို့ တမင်လာနေကြတာပါ။





သူတို့ ကိုယ်ပိုင်တိုက်ခန်းနဲ့ ဂျာနယ်တိုက်တစ်ခု ထောင်ထားတာရှိရက် တမင်ကြီးကို နတ်သျှင်နောင်မှာ လာနေ ကြတာပါ။

တစ်ယောက်က အယ်ဒီတာ၊ တစ်ယောက်က ဒီဇိုင် နာ၊ တစ်ယောက်က ပရိုဂျူဆာပါ။ အဲဒီထဲမှာ ငွေထုတ်နိုင်တဲ့ ပရိုဂျူဆာကတော့ အချမ်းသာဆုံးပေါ့လေ။ ပရိုဂျူဆာမှာက တခြားလုပ်ငန်းတွေလည်း ရှိသေးသည်။ ဂျာနယ်လုပ်ငန်းကတော့ သူ့သူငယ်ချင်းနှစ်ယောက်အတွက် သက်သက် လုပ်ပေးထားတာ ပါ။ ထို့အတွက်လည်း သူ့သူငယ်ချင်းတွေက ပရိုဂျူဆာအတွက် ဆိုရင် ဘာပဲလုပ်ပေးရ လုပ်ပေးရ အသင့်ရှိနေကြသည်။ အခု လည်း ရွှေရတုကို ပရိုဂျူဆာက သဘောကျ၍ နတ်သျှင်နောင် မှာ လိုက်အားဖြည့်ကြတာပါ။ အယ်ဒီတာရော ဒီဇိုင်နာကပါ နယ်ကဆိုတော့ ဘယ်မှာပဲနေနေ ဖြစ်ပါသည်။

ပထမတော့ နှစ်ယောက်လုံး ဂျာနယ်တိုက်မှာနေကြ တာပါ။ နောက်မှ ပရိုဂျူဆာရောက်ါထလို့ နတ်သျှင်နောင်ကို လိုက်လာရတာ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးယောက်ကတော့ အဆောင်မှာမနေတာများပါသည်။ ပြန်မအိပ်တဲ့ရက်ကလည်းများသည်။ ဗိုက်ဆံပေါလို့လာနေကြတဲ့ သဘောပါပဲ။

လော်လောဆယ်မှာတော့ ပရိဂျူဆာရယ်၊ ဆေးကျောင်းသားရယ်၊ မုဆိုးဖိုရယ်က ပြိုင်ဘက်တွေ ဖြစ်နေကြပါသည်။

မုဆိုးဖိုက ကားပွဲစား၊ အိမ်ပွဲစားလုပ်သူမို့ အပြောချိုပြီးသား။ ဆိုဒ်ဂိုက်ကလည်း ပေးတတ်ပြီးသားပါ။

ဆေးကျောင်းသားကလည်း မွှန်မွှန်ရည်ရည် သန့်သန့်ပြန့်ပြန့်လေးပါ။

ပရိဂျူဆာကတော့ စီးတဲ့ကားကြီး မာစီဒီးစ်နဲ့ပင်သေလို့ရပါပြီ။

ရွှေရတုနဲ့ နတ်သျှင်နောင်တော့ တွေ့ကြပါပြီ။

♥ ♣ ♥





ဓာတ်ပုံဆရာ ကိုသိင်္ဂါက ပရိဂျူဆာတို့သုံးယောက်နဲ့ ပလဲနံပသင့်သည်။ လိုင်းတူတာကိုး။

ဆေးကျောင်းသားနဲ့ ဘူမိကျောင်းသားကလည်း ခင်ခင်မင်မင်ရှိသည်။ အခန်းချင်းကပ်နေတာမို့ တခြားသူတွေထက် ပိုရင်းနှီးသည်။

မုဆိုးဖိုကိုကိုကြီးကိုတော့ ပေါင်းမယ့်သူမရှိ။ အရွယ်ကလည်းမတူ။ ကားပွဲစားပီပီ စကားပြောလည်သလို ကျော်တတ်ခွတတ်လွန်းသဖြင့် တစ်ခန်းတည်းနေတဲ့ ရှိုင်းထွင့်ခမျာ ဒဏ်မခံနိုင်ရှာ။ သွားတိုက်ဆေးကအစ ဆပ်ပြာအဆုံး ယူယူသုံးနေသည်။ လူကြီးဆိုတော့ ပြောရခက်။ အပြောကချိုတော့ ငြင်းရခက်။ ကလေးနဲ့လူကြီးကိုကပ်ပြီး ပတ်ကားကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားရေ ... ကိုရှိင်းလေး၊ သွားတိုက်ဆေး နည်းနည်းသုံးမယ်ကွာ၊ ဝယ်ဖို့ မေ့မေ့လာလို့၊ မိန်းမရှိတုန်းက ဘာမဆိုအဆင်သင့်။ ခုတော့ ဟိုဟာမေ့ ဒီဟာလိုနဲ့ ကသောင်းကနင်းပဲ"

ပြောရုံ ပြောတာပါ။ နောက်ထပ်ဆယ်ရက်လောက်ဆက်တိုက်နေသေးသည်။ တိုက်တာမှ မနက်ပြန် ညပြန်။ သူ့ကွမ်းချိုးတွေ ပြောင်အောင်ဆိုပြီးတော့ သွားတိုက်ဆေးကို သွားပွတ်တံပေါ်မှာ လျှံထွက်နေအောင်ထည့်ပြီးမှ တိုက်တာဝါ။ ဒီတော့ သွားတိုက်ဆေး ဘူးသေးသေးလေးက ခဏလေးနဲ့ ဟိုက်သွားသည်။ ရှိင်းထွင့်က် တစ်ယောက်စာ ဘူးသေးလေးပဲဝယ်ဝယ်တိုက်တာ။

ဆေးကျောင်းသားပီပီ ပစ္စည်းတစ်ခုကို အကြာကြီးလည်း မသုံးချင်။ ဘူးကြီးဝယ်ပြီး အကြာကြီးသုံးရင် ကြာလာရင်လတ်ဆတ်မှုရှိပါ့မလားဟု သံသယဝင်တတ်ကာ ဘူးသေးမဲသုံးတာမို့ မှဆိုးဖိုနဲ့တွေ့မှ သူ့ဘူးသေးလေး ဒုက္ခရောက်တော့သည်။





မခံနိုင်တဲ့အဆုံး ရှိင်းထွင့်ကပဲ အပြင်ကနေ သွားတိုက်ဆေးဘူး ဝယ်လာပေးလိုက်၏။

"ဦးကိုကိုကြီး ... ကျွန်တော် အပြင်ထွက်ရင်း သတိရလို့ သွားတိုက်ဆေး ဝယ်လာပေးတယ်"

"သိုင်းကျူး ... သိုင်းကျူး ... ညီလေးရေ၊ ကိုယ်ကလည်း ကိုယ်။ မေ့တတ်တာ။ ကိုရှိင်းလေး ဝယ်လာပေးတော့ အဆင်ပြေသွားတယ်၊ ဘယ်လောက်ပေးရမလဲ ညီလေး"

"နှစ်ထောင့်ရှစ်ရာ"

သူက ကွမ်းချိုးကြီးမို့ ဘူးကြီးပဲ ဝယ်လာပေးလိုက်သည်။

"အေး ... အေး ... ညီလေး၊ ပေးမယ်နော်၊ လောလောဆယ် ကိုယ့်မှာ အကြွေမရှိသေးဘူး၊ တစ်သောင်းတန်တွေပဲရှိလို့"

အဲဒီလိုနဲ့ သွားတိုက်ဆေးဖိုးကို မပေးတော့ဘဲ အမေ့ခံသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှိုင်းထွင့် တစ်ယောက် တစ်ချိန်လုံး အကျော်အခွ ခံနေရသည်။

ညီညီသစ်ကို ပြောပြတော့ ...

"မင်ကလည်း တောင်းလိုက်ပေါ့ကွာ"

"တောင်းရတဲ့အဆင့်ဆိုလည်း မကောင်းတော့ဘူး၊ ဒါပေမဲ့ မပေးရင်တော့ တောင်းရမှာပဲ။ နှစ်ထောင့်ရှစ်ရာက ကားဆီတစ်ဂါလန်စာတောင် မရပါဘူး။ ဒါပေမဲ့ ဒီငနဲကြီးက ကျော်လွှန်းခွလွှန်းလို့ မခံနိုင်တာ"

"မင်းကို ကလေးဆိုပြီး အနိုင်ကျင့်နေတာကွ"

"ဟုတ်တယ်၊ ငါက အားနာပြီး မပြောတာ။ ဒီငနဲကြီးက အဟုတ်မှတ်နေတယ်"

"မင်လည်း သူ့ကို ပြန်ကျော်ပေါ့ကွာ"

"ငါ့စာနဲ့ငါတောင် ဦးနှောက်ထဲမှာ ပြည့်နေတာ။ သူ့ကို ကျော်စရာအကွက်ရှာချိန် မရပါဘူးကွာ"

"သူ့အကြောင်းသိရင် မင်း ခပ်ရှောင်ရှောင်နေလိုက်ပေါ့"





"နေလို့မရဘူး။ ငါ့ပစ္စည်းတွေ အကုန်ယူသုံးနေတာ။ ဘော်ဒါချင်းဆို အကန့်မရှိပါဘူးကွာ၊ ခုက တမင်လာလာခွနေလို့"

"ဒါဆို မင်း ငါနဲ့လာနေမလား။ ကိုသိင်္ဂါကို သူ့အခန်းပြောင်းပေးဖို့ ပြောကြည့်မယ်။ ကိုသိင်္ဂါကလည်း လူလည်ပဲကွ။ ငါတို့ ကိုသိင်္ဂါကို အကျိုးအကြောင်း ပြောပြရင် ရနိုင်ပါတယ်"

"အားနာစရာကြီးကွာ။ မင်းနဲ့ ကိုသိင်္ဂါနေတာက အဆင်ပြေနေတာကြီးကို"

"ပြောကြည့်တာပေါ့ကွာ၊ ရတော့လည်း အမြတ်ပေါ့"

ကိုသိင်္ဂါကို အကျိုးအကြောင်း ပြောပြတော့ ကိုသိင်္ဂါက ...

"မင်း အခန်းချိန်းမယ့်အစား သူ့ကိုပြန်ပြီး စိတ်အနှောင့်အယှက် ပေးပါလား။ ငါ မင်းကို အိုင်ဒီယာပေးမယ်လေ"

"ကျွန်တော့်စာနဲ့ကျွန်တော် မအားပါဘူး အစ်ကိုရာ။ သူ့ကို ခေါင်းထဲ မထည့်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးရောကွာ။ ဒါဆိုလည်း မင်းနဲ့ငါ အခန်းချင်းလဲကြတာပေါ့"

"ကျေးဇူးကြီးလှပါတယ် အစ်ကိုရာ"

"မလိုပါဘူးကွာ"

♥ ♣ ♥





ရွှေရတုအဖေက ရွှေရတုကို Timetable နဲ့ထားတာဖြစ်သည်။

မနက်ဆို ခြောက်နာရီ မဖြစ်မနေအိပ်ရာက ထရသည်။ ပြီးရင် မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီးတာနဲ့ ဘုရားစင်သန့်ရှင်းရေး လုပ်ရသည်။ ပြီးရင် ရွှေရတုမေမေက အိမ်ဖော်တွေ အဆင်သင့်ထချက်ပြီး ပြင်ဆင်ပေးထားတဲ့ ဆွမ်းတော်ပွဲကိုကပ်သည်။

ပြီးရင် မိသားစု အတူတူ ဘုရားရှိခိုးရ၏။ ဘုရားရှိခိုးပြီးရင်တော့ အားကစားခန်းမထဲကို သွားပေတော့။

မိသားစုသုံးယောက်လုံး လေ့ကျင့်ခန်းလုပ်ရသည်။ ခုနစ်နာရီထိုးရင်ရေချိုး။ ပြီးတာနဲ့ မနက်စာ စားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးရင်တော့ ကိုယ်လုပ်စရာရှိတာလုပ်။ ရပြီ။ ရွှေရတုဆို ကျောင်းသွားရင်သွား။ သင်တန်းသွားရင်သွား။ ဒါပေမဲ့ နေ့လယ်စာကိုတော့ အိမ်ထမင်းဟင်းပဲ ချိုင့်နဲ့သယ်သွားရလေသည်။

ရွှေရတုအတွက် ဆွေမျိုးနီးစပ်တော်သူကိုပဲ ဒရိုင်ဘာ ပြန်ခန့်ထားသည်။ အသက်ကြီးကြီးထဲကပဲဖြစ်သည်။

ရွှေရတုအမေက ရွှေဆိုင်ထိုင်သည်။ ရွှေရတုအဖေက ရွှေကုန်သည်။ ရတနာကုန်သည်။ ခရီးသွားနေတာများသည်။ သူတို့ရဲ့ကြွယ်ဝမှုတွေကို ဆက်ခံရမယ့်သမီးမို့ သူများတွေလို နိုင်ငံခြားလွှတ်ပြီး ပညာသင်ခိုင်းတာမျိုး မလုပ်တော့။ ရွှေရတု သင်ရမှာက ရွှေပညာ၊ စိတ်ပညာ။ ကျောက်မျက်ရတနာပညာ။

ထိုပညာတွေကို ပြည်တွင်းမှာပဲ သင်တန်းတွေတက်ကာ သင်စေသည်။

ပညာတွေ အကုန်သင်ပြီးသွားတာနဲ့ ရွှေရတုက ရွှေဆိုင်လိုက်ထိုင်ရတော့မည်။





မိဘလက်ငုပ်လက်ရင်း ရှိသူတွေဟာ တခြားစီးပွားရေးနယ်ပယ်ထဲကို ရောက်ခဲလှသည်။

ရွှေရတု ကျောင်းတို့ သင်တန်းတို့က ပြန်လာပြီဆိုရင် ခဏနားပြီး ဗဟုသုတရှိမယ့်စာမျိုး ဖတ်ရသေးသည်။ ညဘက်ကျတော့ ကျောင်းစာကျက်မှတ်ပြီး တီဗီကြည့်ချင်ကြည့်။ မကြည့်ရင်အိပ်။

ပုံစံချထားတဲ့ ဘဝတစ်ခုနဲ့ နေရတာပါ။ ကျန်တဲ့မီးဖိုချောင်ကိစ္စ၊ အိမ်မှုကိစ္စ ရွှေရတု ဘာမှမလုပ်တတ်။ သင်လည်းမသင်ရပါ။ ရွှေရတုရဲ့ခြေသည်းလက်သည်းတွေ အမြဲလှပအောင် ပုံသွင်းထားစေသည်။ ရွှေရတုကို ကြည့်လိုက်ရင် သပ်သပ်ရပ်ရပ်ဖြစ်စေရမည်ဟူသော ဖခင်ရဲ့အမိန့်ကို ရွှေရတု စိတ်ပျက်လှပါသည်။ ရွှေရတုက လွတ်လွတ်လပ်လပ်ပဲ နေချင် သည်။ ပေါ့ပေါ့ပါးပါးပဲ နေထိုင်ချင်သည်။

ဖုန်းနဲ့အင်တာနက် သုံးလို့ရလာတော့ တော်တော်အဆင်ပြေသွားသည်။ Facebook သုံးကာ သူငယ်ချင်းတွေနဲ့စကားပြောရင်း အပျင်းပြေလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ညဘက်ဆို တော်တော်နဲ့ မအိပ်ဘဲ အိပ်ရာထဲနှပ်ရင်း ဖုန်းလေးနဲ့ အင်တာနက်သုံးသည်။ ညဘက်အိပ်ရေးပျက်လို့ မနက်ခြောက်နာရီ မထနိုင်ရင်လည်း အတင်းအနိုးခံရသည်။

ရွှေရတုသည် ကိုယ့် Timetable နဲ့ကိုယ် ချာချာလည်နေတာမို့ မအားရပါ။ နတ်သျှင်နောင် အဆောင်ဘက်ကို မျက်စောင်းတောင် လှည့်မထိုးမိပါ။

ရွှေရတုစိတ်ထဲမှာ ယောကျ်ားလေးတွေနဲ့ ပတ်သက်လို့ မရိုးသားတဲ့စိတ်ကစားမှုမျိုး၊ စိတ်ကူးယဉ်မှုမျိုးလည်း မရှိသေးပါ။

ရွှေရတု စွဲလမ်းနေတာက facebook ။ တစ်နေ့တစ်နေ့ facebook ထဲက စာတွေ ပုံတွေ ကြည့်ရတာနဲ့ကို အားမရ။

connection မကောင်းတဲ့နေ့များဆို စိတ်အညစ်ဆုံးပဲ။

♥ ♣ ♥





မဆိုးဖို ကိုကိုကြီးသည် ကိုသိင်္ဂါ အခန်းထဲပြောင်းလာတာကို သိပ်ကြိုက်ပုံမရ။ ရှိုင်းထွဋ်ကို ပြဿနာလာရှာသေးသည်။

"ရှိုင်းထွဋ် ... မင်း ကိုယ်နဲ့နေရတာ အဆင်မပြေလို့လားကွ"

"ပြောပါတယ် အစ်ကို၊ ဒါပေမဲ့ ဒီမှာ ညီသစ်နဲ့ကျွယ်တူချင်းဆိုတော့ ပိုပြီးအဆင်ပြေလို့ပါ"

"မသိပါဘူး၊ မင်းက ကိုယ်နဲ့မနေချင်လို့ ပြောင်းတာလားလို့"

ကိုသိင်္ဂါက နားကြားပြင်း ကတ်လာပုံဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ လူငယ်ချင်း နေချင်လို့ နေမှာပါဗျာ။ ကျွန်တော် တောင် ပြောင်းပေးလိုက်သေးတာ။ ဘာလဲ ... ခင်ဗျားက ရော ကျွန်တော်နဲ့ မနေချင်လို့လားဗျ"

"ဟာ ... မဟုတ်ပါဘူး သိင်္ဂါရ။ တော်ကြာ ဘာကိုမကျေ နပ်လို့ ပြောင်းမှန်းမသိ ဖြစ်နေမှာစိုးလို့ပါကွ။ Welcome သိင်္ဂါ ... Welcome "

ကိုသိင်္ဂါ ဝင်လိုက်တော့မှ ငြိမ်သွား၏။ သိင်္ဂါလည်း ထိုလူ့ကို တော်တော်ချဉ်သွားသည်။

ရှိုင်းထွဋ်ကတော့ ခုမှ တော်တော်အဆင်ပြေသွား သည်။

"ညီသစ် ... မင်းမှာ ရည်းစားရှိလား"

"မရှိဘူး၊ ငါက မိန်းမတွေကို ကြည့်လို့မရဘူး"

"ရွှေရတုကိုရော"

"ရုပ်ချောတဲ့ မိန်းမတွေကို ပိုဆိုးတယ်"





"ငါကတော့ ရွှေရတုကို သဘောကျတယ်ကွာ၊ ဒါတောင် မအားလို့ သူနဲ့နီးစပ်အောင် မကြိုးစားနိုင်သေးဘူး။ စာတွေ များလို့ မနည်းလိုက်နိုင်အောင် လုပ်နေရတာ။ သူ့ကျောင်း သွားတွေ့မယ် တွေ့မယ်နဲ့ စိတ်ကူးထဲပဲ ရှိသေးတယ်။ စာမေးပွဲပြီးရင်တော့ ကြိုးစားကြည့်ဦးမယ်"

"အင်း"

ရှိုင်းထွဋ်က အားတက်သရော ပြောနေပေမယ့် ညီသစ်က စိတ်မဝင်စားပါ။

မကောင်းတတ်လို့ Game ဆော့ရင်း အင်း၊ထောက် ပေးနေတာ။

"ငါ့ရဲ့အဓိကပြိုင်ဘက်က Producer ပဲကွ။ ပရိဂျူဆာက ငါ့ထက် အင်အားပိုတောင့်တယ်။ ပံ့ပိုးပေးမယ့် ဘော်ဒါ ဘော်ချက်တွေအပြည့်။ ပြီးတော့ ခုတည်းက ကြိုးစားနေပြီ ဆိုလားပဲ"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



“မင်းကလည်း ငါပြောတာကို စိတ်မဝင်စားဘူး”

“မိန်းမကိစ္စတွေကို ငါနှိပ်နေတဲ့ Game လောက် စိတ်မဝင်စားတာတော့ အမှန်ပဲကွ။ မင်းတို့ပြောနေတဲ့ အချစ်ဆိုတာကို ငါသဘောမကျဘူး၊ အချစ်က လူကိုကောင်းကျိုးထက် ဆိုးကျိုးပိုပေးသလိုပဲ။ အချစ်က ဦးနှောက်မရှိဘူး။ မျက်လုံးလည်း မရှိဘူး။ အဲဒါကြောင့် အကောင်းအဆိုးလည်း မခွဲခြားတတ်ဘူး။ လုပ်သင့် မလုပ်သင့်ကို မသိတော့ မလုပ်သင့်တာတွေကို လုပ်မိရော။ အဲဒီတော့ အချစ်က ဘာအထင်ကြီးစရာ ရှိလို့လဲ”

“မင်းပြောသလိုဆို ကမ္ဘာလောကကြီးကို ချစ်ခြင်းတရားဖြင့် အလှဆင်ပါဆိုတာကြီးက မှားနေပြီပေါ့”

“အဲဒါ ငါမသိဘူး။ ငါသိတာကတော့ ငါ အချစ်ကိုမကြိုက်ဘူး”

“မင်းလိုလူမျိုးတွေ အချစ်နဲ့တွေ့ရင် ပိုဆိုးတတ်ကြတယ်”

“အချစ်နဲ့လည်း မတွေ့ချင်ဘူး”





“ဟား ဟား ... မင်းက ဇွတ်ကြီးပဲ ညီသစ်ရဲ့၊ စောင့်ကြည့်လိုက်ဦးမယ်”

“စောင့်ကြည့်။ ငါတော့ လောလောဆယ် တစ်ရေးနှပ်လိုက်ဦးမယ်ဟေ့။ ညကျမှ စာကျက်တော့မယ်”

“ငါကတော့ မနှပ်နိုင်ဘူး၊ စာကျက်ရင်း ရွှေရတုသင်တန်းအပြန်ကို စောင့်ရှိုးလိုက်ဦးမယ်”

“ဝဋ်ကြွေးက ကြီးပါ့”

ခဏနေတော့ ညီသစ်ဆီက ဟောက်သံထွက်လာသည်။ ပြောတဲ့အတိုင်း တကယ်ကို မိန်းကလေးတွေကို စိတ်မဝင်စားတာပါ။ မိထွေးအပေါ် နာကြည်းချက်တွေ ကြီးနေပုံရသည်။

ညီသစ်ကို ကျောခိုင်းပြီး ပြတင်းပေါက်ရှိရာ ထလာမိသည်။ လိုက်ကာစလေး တဖျပ်ဖျပ် လွင့်နေတဲ့ ပြတင်းပေါက်မှာ သူရပ်နေတာကို ရွှေရတုတို့ခြံဘက်ကကြည့်ရင် မြင်ရပါသည်။ ရွှေရတုရဲ့ကားလေး ခြံထဲဝင်လာပါသည်။ နို့စိမ်းရောင်နုနု ဂါဝန်ကလေးနဲ့ ချစ်စရာကောင်းလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ စာမေးပွဲဖြေပြီးရင်တော့ ရွှေရတုဘက်ကို အချိန်ပေးဦးမှပါ။ မဟုတ်ရင် ဦးကိုကိုကြီးနောက် ပါသွားဦးမယ်။ ရွှေရတုဆိုသော နတ်သမီးကို ဘယ်လိုနည်းနဲ့မှ အဆုံးရှုံးမခံနိုင်ပါဘူး။

ရွှေရတုက အိမ်ထဲဝင်သွားပြီ။ သူလည်း အိပ်ရာပေါ်လှဲ၊ နဖူးပေါ် လက်တင်ကာ ရွှေရတုကို မြင်ယောင်နေမိသည်။

ချစ်လို့မဝနိုင်အောင်၊ မြတ်နိုးလို့ တားမရနိုင်အောင် ချစ်ရပါသော ရွှေရတုကို အမြန့်ဆုံး ချစ်ရေးဆိုရပါလိမ့်မည်။

♥ ♣ ♥





ရွှေရတုတို့ သင်တန်းက ဒီနေ့ ဆရာမလာ။ ထို့ကြောင့် သင်တန်းရောက်ပြီးကာမှ သင်တန်းမရှိတဲ့ အဖြစ်။ ဒါပေမဲ့ ပြန့်ဖို့ရာလည်း ကားမရှိ။ ဒီနေ့ ရွှေရတုကားက ဝပ်ရှော့ပို့ထားရသဖြင့် မနက်က သင်တန်းအလာကို ရွှေရတုဖေဖေက ဝင်ပို့ပေးသွားတာ။ သင်တန်းပြီးချိန်လောက်မှ လာကြိုမှာ။ သင်တန်းကလည်း တစ်ချိန်ပြီးတစ်ချိန် တက်ရမှာမို့ နေ့လယ်တစ်နာရီလောက်မှ ပြီးမှာ။ ခုတော့ ပထမအချိန်သင်မယ့် ဆရာက မလာသဖြင့် ကျောင်းသားတွေက အလျို အလျို ပြန်လစ်ကုန်ကြပြီ။ သင်တန်း နောက်တစ်ချိန်ကလည်း လိုသေးသည်။

ဒီတော့ ရှစ်နာရီကနေ ဆယ့်တစ်နာရီလောက်အထိ သင်တန်းအခန်းထဲ ငုတ်တုတ်ထိုင်နေရမလို ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာတော့မရှိ။ ရွှေရတုက facebook ထိုင်သုံးနေလို့လည်းရသည်။ ပြဿနာက သူငယ်ချင်းတွေ။ သင်တွန်းမှာ မိစုနဲ့ အိမ ဆိုတဲ့ သူငယ်ချင်းနှစ်ယောက် ရှိသည်။

မိစုက သင်တန်းနောက်တစ်ချိန်ပါဖျက်ပြီး ရုပ်ရှင်သွားကြည့်ချင်နေသည်။ အိမကတော့ ရှော့ပင်စင်တာတွေ ပတ်ချင်နေ၏။

မိစုနဲ့ အိမတို့ ငြင်းခုန်ရင်း ...

"ကဲ ... နှစ်မဲတစ်မဲပဲ။ ရွှေရတု ... နင်က ဘာလုပ်ချင်လဲ"

"ငါက ဒီမှာပဲထိုင်ပြီး facebook သုံးမလားလို့"

"သေရော"

"ပိုဆိုးသွားပြီ"

"ငါ အပြင်မထွက်ရဲဘူးဟဲ့၊ ငါ့အဖေသိရင် မလွယ်ဘူး။ ပြောပြီးသွားလို့လည်း ရမှာမဟုတ်ဘူး"

"ပူတတ်ရန်ကော ကလေးမရယ်။ ရန်ကုန်မြို့ကြီးက အကျယ်ကြီးပါဟယ်။ နင် ခဏတဖြုတ်ထွက်တာ နင့်အဖေ





မသိနိုင်ပါဘူးဟယ်။ ငါတို့ တက္ကစီနဲ့သွားမယ်။ ပြီးရင် နင် ဦးထုပ်တစ်လုံးဝယ်ဆောင်းပြီး ရုပ်ဖျက်လိုက်"

"ငါ့ရုပ်က ဦးထုပ်လေးဆောင်းလိုက်ရုံနဲ့ မသိသာတော့မယ့်ရုပ်ကို"

"ပူမနေပါနဲ့၊ နင့်အဖေ မသိလောက်ပါဘူး။ ခိုးထွက်ရတဲ့ အရသာကို နင် ကြိုက်သွားစေရမယ်။ လာစမ်းပါဟာ။ ဒီနေ့ နင့်ဒရိုင်ဘာ အဘကြီး မပါတုန်း လစ်ရအောင်။ မဟုတ်ရင် မုန့်စားတာတောင် မလွတ်လပ်ဘူး"

မိစုနဲ့ အိမတို့ အတင်းဆွဲခေါ်နေသဖြင့် ရွှေရတု ပါသွားသည်။ ဒါတောင် ကားပေါ်ရောက်တော့ မမနှစ်ယောက်က ငြင်းခုန်နေသေးသည်။

"ရွှေရတုအဖေဆီ သတင်းမရောက်အောင် လူမမြင်သူမမြင် ရုပ်ရှင်ရုံထဲ သွားထိုင်ကြမယ်ဟာ"

"အံမာ ... သူ ရုပ်ရှင်ကြည့်ချင်တိုင်း။ မရဘူးနော် ... ရှော့ပင်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး၊ နင်က ဘာတွေများ ဝယ်မှာမို့လို့တုံး"

"Window ပေါ့ဟယ်။ မျက်စီအရသာခံဖို့ပေါ့"

"ငါကတော့ ပိုက်ဆံမပါဘဲ လျှောက်ကြည့်ရတဲ့အလုပ်ကို အမုန်းဆုံးပဲ။ ကြိုက်တာတွေ့ပြီး မဝယ်နိုင်ရင် ခံစားရဦးမယ်"

"အဲတော့လည်း ဆိုင်ကိုသိမ်းထားပေးဖို့ မှာခဲ့ပြီး နောက်နေ့ သွားဝယ်မှာပေါ့"

"မရဘူးဟာ၊ ရုပ်ရှင်ပဲကြည့်မယ်၊ ငါ ဒီနေ့ ခေါက်ဖိနပ်စီးလာလို့ လမ်းကြာကြာ မလျှောက်နိုင်ဘူး"

"သိပ်မမြင့်ပါဘူး၊ နင် တမင်ညစ်ပြီး မပြောနဲ့ မိစု"

"ကဲ ... တော်ကြတော့၊ ဘယ်မှလဲ မသွားနဲ့တော့။ သင်တန်းနောက်တစ်ချိန်လည်း မဖျက်နဲ့တော့။ ဒီမှာပဲ face book ထိုင်သုံးတော့မယ်"

"ဟာ ... အဲလိုတော့ မလုပ်ပါနဲ့၊ ဒီလိုလုပ် မိစု၊ ရုပ်ရှင်လည်းကြည့်။ ပြီးရင် ဈေးပင်"





"ဒါဆို ရုပ်ရှင်ရုံရှိတဲ့ ဈေးပင်စင်တာကို သွားကြတာပေါ့"

"good ... good ... good ... ကောင်းလေစွ။ ကဲ ... ရွှေရတု၊ ငါတို့ ငြင်းခုန်နေတာကို အကြောင်းပြုပြီး ဒိုင်စားဖို့ မကြံနဲ့။ ထ ... ထ"

မိစုနဲ့အိမ ပြေလည်သွားတော့ ရွှေရတုကို အတင်းဆွဲခေါ်ကြသည်။ ရွှေရတုလည်း အိမ်ကလူကြီးတွေမသိအောင် လျှောက်လည်ရမှာကို ပျော်ရွှင်ရင်ခုန်မိသလို တွေ့သွားမှာလည်း ကြောက်ကာ ကြိုးလန့်စားစားသလို ရင်ခုန်မှုမျိုးဖြင့် ပါသွားလေသည်။

တိုက်ဆိုင်ချင်တော့ ထိုနေ့က ရွှေရတု ကားပျက်နေမှန်းသိ၍ ကိုကိုကြီးက ရွှေရတုတို့သင်တန်းနားမှာ အခွင့်အရေးရလိုရငြား လာချောင်းနေခဲ့သည်။

ရွှေရတုကိုကြိုတဲ့ကား မလာသေးခင် စကားပြောခွင့်ရလိုရငြား လာစောင့်နေတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ရွှေရတုတို့ သင်တန်းထဲက ထွက်လာတာတွေ့တော့ အကြိုက်ဖြစ်ကာ သဘောခွေ့သွား၏။ ရောင်းပေးဖို့အပ်ထားတဲ့ ကားက အသင့်ပါလာသည်။ ဖြစ်ချင်တော့ ရောင်းပေးဖို့ အပ်ထားတာက တက္ကစီ ဖြစ်နေသည်။

သင်တန်းရှေ့က လက်ဖက်ရည်ဆိုင်မှာ ထိုင်နေရင်း သူမတို့ကားငှားနေတာ မြင်တာနဲ့ ကမန်းကတန်း ကားပေါ်ပြေးတက်ကာ တက္ကစီသမားယောင် ဆောင်လိုက်၏။

ကံကောင်းချင်တော့ ပထမကားတစ်စီးက ဈေးတည့်ပုံမရ။ သူမတို့ရှေ့ သူ့ကားသွားထိုးလိုက်တော့ ...

"Junction Square ဘယ်လောက်ပေးရမလဲ"

"ထောင့်ငါးရာပဲပေးပါ"

"ရှင်"

"ထောင့်ငါးရာပဲပေးပါ"

သုံးထောင်လောက်တန်တဲ့ခရီးကို ထောင့်ငါးရာပဲတောင်း၍ ရွှေရတုရဲ့သူငယ်ချင်းမလေးတွေက သူ့ကိုအချဉ်ထင်သွားပုံရသည်။ ခပ်သွက်သွက်ပဲ ကားပေါ်တက်လိုက်ကြ၏။





နောက်ခန်းထဲမှာ သူမတို့ တွတ်ထိုးနေသော စကားအရ သူမတို့ ရုပ်ရှင်ကြည့်ကြမှာပဲ။

ကိုကိုကြီးတစ်ယောက် နောက်ကြည့်မှန်ကို ခဏခဏ ကြည့်ရင်း ဘုရားပွဲ တွေ့နေသည်။

♥ ♣ ♥



www.burmeseclassic.com

www.burmeseclassic.com



သူမတို့ကို ရုပ်ပါတီကိုအောက် ချပေးပြီးတာနဲ့ ကား ပါ့ခ်ကို အပြေးထိုးကာ သူမတို့နောက် လိုက်သွား၏။

သူမတို့ပြောစကားအရ Moon Bakery မှာအအေး သောက်မည်တဲ့။ ရုပ်ရှင်လက်မှတ် အရင်ဝယ်မည်ဆိုပဲ။

သူလည်း ရုပ်ရှင်လက်မှတ် အပြေးဝယ်လိုက်၏။ သူမတို့ကတော့ သူ့ကို မတွေ့သေး။ သူတို့အာရုံနဲ့သူတို့။

"ဟိုညီမလေးသုံးယောက် ဝယ်သွားတာနဲ့ ကပ်ရပ်တစ် ခောင်ပေးပါ"

ရုပ်ရှင်လက်မှတ်အရောင်းကောင်တာက ကောင်မ လေးက ဖြီးစိစိ။





ပြီးတော့ moon ထဲလိုက်။ ရွှေရတုလေးမျက်နှာလေး ကို မြင်ရမယ့်နေရာမှာ ဝင်ထိုင်လိုက်သည်။ ခဏနေတော့ သူ့ ကို သူမတို့တွေ့သွား၏။ သူပြုံးပြလိုက်တော့ သုံးယောက်သား ခေါင်းချင်းဆိုင်သွားသည်။

"ဟဲ့ ... ဟိုတက္ကစီသမားမို့လား"

"အေးလေ"

"ငါတို့နောက် လိုက်လာတာလား မသိဘူး"

"ဖြစ်နိုင်တယ်"

"သုံးထောင်တန်တဲ့ဟာကို ထောင့်ငါးရာနဲ့ လိုက်ပို့တာ မရိုးသားဘူးထင်တယ်"

"အေး ... ရုပ်ကလည်း ပျံလန်နေတာပဲ။ တက္ကစီသမား ရုပ် မပေါက်ဘူးဟ"

"သူ့အသက်အရွယ်ကြီးနဲ့ ငါတို့နောက် လိုက်လာတာ တော့ မဖြစ်နိုင်ပါဘူးနော်"

"လောလောဆယ်တော့ ပါလာပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... မသိချင်ယောင်ဆောင်နေ။ ပုံလည်းမလာ feel လည်း မလာ"

သူမတို့ မသိချင်ယောင်ဆောင်ပြီး ငွေရှင်းဖို့ waiter ကိုခေါ်တော့ ...

"အစ်မတို့ဝိုင်းအတွက် ရှင်းပြီးပြီခင်ဗျ"

"ဘယ်သူရှင်းတာတုံး၊ မရှင်းရသေးပါဘူး"

"ဟိုအစ်ကိုကြီးရှင်းတာ၊ အစ်မတို့ အစ်ကိုတဲ့"

"အမယ်လေး ... ဒီအရွယ်နဲ့ ဒီအရွယ်၊ ဘာအစ်ကိုလဲ။ ဦးလေးဆိုရင်တောင် စဉ်းစားသင့်သေးတယ်။ မရဘူး။ ငါတို့ သူ့ကို သိလည်းမသိဘူး။ ငါတို့စားတာ ငါတို့ပဲရှင်းမယ်။ ဘယ်လောက်ကျလဲ"

စားပွဲထိုးလေး ခေါင်းကုတ်နေသည်။ ထိုအစ်ကိုဆိုတာကြီးက ထလာပြီး ...

"ရွှေရတုလေး ... ကိုယ်က နှုတ်သျှင်နှောင်ကပါ။ တမင် ရွှေရတုလေးအတွက် ရှင်းပေးတာ"





"မလိုပါဘူး။ ကျွန်မတို့ဘာသာ ရှင်းမယ်"

"မစိမ်းကားပါနဲ့ ရွှေရတုလေးရယ်။ ကိုယ်က ရွှေရတုလေးကို ခင်လို့ပါ"

"အိုး ... မခင်ချင်ပါဘူး။ ခင်ရမယ့် အသက်အရွယ်မှ မဟုတ်တာ"

"ခင်မင်မှုမှာ အသက်အရွယ် အပိုင်းအခြား ရှိလို့လားကွာ"

"ဒီမှာ ... ရှင့်အရွယ်က ကျွန်မတို့နဲ့ လာခင်ရမယ့်အရွယ် မဟုတ်ဘူး။ ဘိုးဘွားရိပ်သာမှာ မိတ်ဆွေသွားရှာရမယ့် အရွယ်ရှင့် သိရဲ့လား၊ လာ ... ရွှေရတု သွားစို့"

စားပွဲပေါ်မှာ ကျသင့်ငွေကို ချထားခဲ့ကာ ရုပ်ရှင်ရုံဘက် ထွက်လာခဲ့ကြသည်။ မိစုက နောက်လှည့်ကြည့်ပြီး ...

"ဟိုလူကြီး အရှက်မရှိ လိုက်လာပြန်ပြီ"

လိုက်တာမှ ရုပ်ရှင်ရုံထဲ အထိပါပဲ။ မိစုနဲ့ အိမတို့လည်း ရုပ်ရှင်မကြည့်တော့ဘဲ ရုံထဲက ထထွက်ကာ သင်တန်းကို အမြန်ပြန်လစ်ရတော့၏။

အုပ်(၂၀)ပြည့် ရွှေရတု အမှတ်တရ

www.burmeseclassic.com



"အဲဒါကြောင့် ပြောတာ။ ဒီမှာပဲ facebook ထိုင်သုံးရအောင်ပါဆို"

"အေးပါဟယ် ... မှားပါတယ် မသိလို့ပေါ့"

"ရွှေရတု ဒီလူကြီး နင့်ကို လာစောင့်ချောင်းနေတာဖြစ်မယ်နော်"

"ဟုတ်တယ် ရွှေရတု၊ နင်တို့အဆောင်ကတဲ့၊ နင့်ကိုတမင်လာချောင်းနေတာ ထင်တယ်။ အသက်က တော်တော်ကြီးမယ့်ပုံပဲ"

"အေးဟယ် ... ငါတို့ရဲ့ ရွှေရတုက နုနုထွတ်ထွတ်ကလေး။ အဘိုးကြီးနှယ်။ သူ့ရုပ်ကြီးမှ အားမနာ"

"အဲဒါပေါ့ဟဲ့၊ နွားအိုမြက်နုကြိုက်တယ်ဆိုတာ"

မိစုနဲ့ အိမတို့ တစ်ယောက်တစ်ခွန်း ပြောနေကြသော်လည်း ရွှေရတုကတော့ စိတ်မဝင်စားပါ။ facebook သုံးနေပါပြီ။

ရွှေရတုက အချစ်ဆိုတာကြီးကို စိတ်မဝင်စားသေးပါ။ အချစ်ဆိုတာထက် တစ်ယောက်တည်း စာဖတ်နေရတာကို ပိုသဘောကျပါ၏။





ဖေဖေချပေးထားတဲ့ အချိန်ဇယားက တိကျလွန်းလို့ ရွှေရတုမှာ အချိန်ပိုမရှိပါ။ ရည်းစားထားဖို့လည်း အခြေအနေမပေးပါ။

ထို့ကြောင့် ရွှေရတုက ဒီနေ့လိုက်လာတဲ့ ငနဲကြီးကိုလည်း သေသေချာချာတောင် မမှတ်မိတော့။

"ဟဲ့ ... ရွှေရတု၊ အဲဒီလူကြီးက ဖွဲကောင်းမယ့်ပုံကြီး။ နင်သတိထားနော်"

"အေးပါဟာ။ ဒီနေ့တောင်မှ ဆရာမလာလို့ ငါတို့အပြင်ထွက်ရင်း သူနဲ့ဆုံတာ။ မဟုတ်ရင် ဆုံစရာအကြောင်းတောင် မရှိပါဘူး။ အေးဆေး"

"နင့်ကို စိတ်ပူလို့"

"ကျေးဇူးတင်ပါတယ် ချစ်သယ်ရင်းတို့ရယ်၊ လာကြည့် ... ဒီမှာ စိတ်ဝင်စားစရာကောင်းတာ ပြမယ်"

သုံးယောက်သား Phone Screen မှာ ခေါင်းချင်းဆိုင်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏာမနေတော့ သင်တန်းနောက်တစ်ချိန် အတွက် ဆရာရောက်လာ၍ စာသင်ကြပြီး သင်တန်းဆင်းတော့ သင်တန်းရှေ့မှာ အိမ်ကအကြိုလွှတ်လိုက်တဲ့ကားက ရောက်နေပြီ။

ငနဲကြီးက သင်တန်းရှေ့မှာ စောင့်နေသေးပေမယ့် ရွှေရတုကို လာကြိုတဲ့ကားကြောင့်ရွှေရတုနားကို မကပ်ရဲတော့ဘဲ ကိုယ်ရောင်ပဲ ပြနေသည်။

ရွှေရတုကားက မကောင်းသေး၍ ဖေဖေ့ကားပဲ လာကြိုသည်။ ဖေဖေတော့ မပါပါ။ ဆိုင်ကဒရိုင်ဘာတစ်ယောက်နဲ့ အကြိုလွှတ်တာပါ။ ရွှေရတု အဆောင်ရှေ့ကဖြတ်တော့ ငနဲကြီးက အဆောင်ခြံဝကနေ လှမ်းကြည့်နေသည်၊ ရွှေရတုကတော့ လုံးဝကို စိတ်မဝင်စား။

ဦးလေးအရွယ်လောက် ရှိတဲ့သူက ခုလိုလုပ်တဲ့ အတွက် ပိုလို့တောင် အမြင်ကတ်မိသေး၏။

♥ ♣ ♥





ရွှေရတုရဲ့စီးပွားရေးတက္ကသိုလ်ထဲကို ကားဝင်လို့မရပါဘူး။ သာမန်အချိန်တွေမှာ နံပါတ်အနက်ကားဆိုရင် ပေးဝင်ပေမယ့် ဒီနေ့ကျတော့ လူကြီးလာမှာမို့လို့၊ လမ်းကြောင်းရှိလို့ဆိုပြီး ကားတွေကို အထဲပေးမဝင်ဘဲ ကျောင်းပြင်ပမှာပဲ ရပ်ခိုင်းပါ၏။

ဒီတော့ ရွှေရတု လမ်းဆင်းလျှောက်ရတော့၏။ မိစုနဲ့ အိမတို့ကလည်း ကျောင်းထဲရောက်နေကြပြီ။

သူမကို တကူးတက လာခေါ်ခိုင်းရမှာ အားနာသဖြင့် ကိုယ့်ဘာသာ တစ်ယောက်တည်း လျှောက်ခဲ့မိတာမှာ ဒုက္ခတွေ့တော့တာပင်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေရတုရဲ့ကား ကျောင်းပြင်မှာ ရပ်ထားတော့ ရွှေရတုတို့ကားအေးမှာ နံပါတ်အမြင့် မာစီဒီးစ်ကားကြီးတစ်စီးလာရပ်ပါသည်။

ကားရဲ့အရောင်က နက်မှောင်ပြောင်လက်နေကာ မသိရင် အိုဘားမားစီးတဲ့ကား ကျနေတာပဲ။ ကားဈေးတွေကျ တယ်ဆိုတာတောင် ဒီကားမျိုးကိုတော့ တော်တန်ရုံ လူတိုင်းစီးနိုင်မှာ မဟုတ်ပါ။

ကားကြီးကို ငမ်းနေတုန်း ကားထဲကလူတစ်ယောက်ဆင်းလာသည်။ အမယ်လေး ... ကားနဲ့ Match မဖြစ်လိုက်တာနော်။ ဝတ်ထားတဲ့အင်္ကျီက တကယ့်နာမည်ကြီးတံဆိပ်နဲ့မို့လို့သာ ဒရိုင်ဘာလို့ မထင်တာ။ အရပ်က ပုပြတ်ပြတ်၊ ဂင်ကတိုတိုနဲ့ အသားက ညိုသေး၏။ ဘယ်လိုမှ ကြည့်မကောင်းသော ရုပ်ရည်မျိုး။ ရွှေရတု မကြိုက်တတ်သော ရုပ်ရည်မျိုးပါ။ တချို့တွေလည်း စီးလာတဲ့ကားကြောင့် ရုပ်ရည်ကို မေ့လျော့သတ်မှတ်ချင် သတ်မှတ်ပါလိမ့်မည်။ ရွှေရတုအတွက်တော့ ကားနဲ့လူ ဘယ်လိုမှတွဲကြည့်လို့မရ။





သူများကို သွားကြည့်ကဲ့ရဲ့ရင်း ကျောင်းထဲဝင်လာလိုက်တာ။

"ရွှေရတုလေး"

အေးကနေ မာစီဒီးစ်ဂျပု ဖျတ်ခနဲ ပေါ်လာတော့ ရွှေရတု တော်တော်လန့်သွားသည်။ လက်ထဲကိုင်ထားတဲ့ဖိုင်တောင် လွတ်ကျသွားသည်။

သူက ကောက်ပေးတော့လည်း ...

"ရော့"

"မယူဘူး"

"ဟင် ... တမင်ပစ်ချလိုက်တာလား။ ဒါ ကလေးရဲ့ကျောင်းစာအုပ်တွေ ထည့်ထားတဲ့ဖိုင်မို့လား"

ရွှေရတုလည်း ယောင်ယောင်မှားမှားနဲ့ ဘာတွေလုပ်လို့ ဘာတွေပြောမိမှန်းမသိ။ ဖိုင်ကို ပြန်ဆွဲယူလိုက်သည်။ အမှန်တော့ ခုန သူ့ကိုကြည့်ပြီး မနှစ်မြို့တဲ့ခံစားချက်၊ ရှိနေချိန်မှာ ရုတ်တရက်ကြီး အေးကိုရောက်လာတော့ လန့်သွားတာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ကလေးဆီ လာတာပါ၊ ကိုယ့်နာမည် မှတ်ထားဦးနော် ကလေး၊ ကျော်ထိစ်ခေါင်ထွန်းတဲ့"

"အမယ်လေး ... နာမည်နဲ့လူနဲ့ မလိုက်လိုက်တာ"

"ဟင်"

မာစီဒီးစ်ဂျုပ မျက်နှာပျက်သွားသည်။

ပရိဂျူဆာကျော်ထိပ်ခေါင်ထွန်း ခမျာလည်း စစချင်း ဆောက်နဲ့ထွင်းခံလိုက်ရသဖြင့် အောင့်သွားသည်။

ဒါပေမဲ့ ယောကျ်ားလေးပဲ။ ဒီလောက်တော့ အပြောအဆို ခံနိုင်ရမှာပေါ့ဟု နှလုံးသွင်းကာ ...

"ကိုယ် ကလေးနဲ့ ခင်ချင်လို့ပါ။ ကိုယ်က နတ်သျှင်နောင်မှာ နေတယ်လေ"

လာပြန်ပြီ တစ်ယောက်။ နတ်သျှင့်နောင်မှာနေသမျှ ယောကျ်ားတိုင်းကို လက်ခံခင်မင်ပေးရတော့မလို ဖြစ်နေပြီ။

ရွှေရတု ဘာမှပြန်မပြောဘဲ အတန်းရှိရာ သုတ်သုတ်လျှောက်နေမိသည်။





အီကိုကွင်းနဲ့ရွှေရတုဘေးမှာ ပုပုမည်းမည်း ငနဲတစ်ကောင် ကပ်လိုက်နေပုံက အီကိုကျောင်းသားတွေအတွက် ဟာသဖြစ်နေပြီ။

"ကျီးကန်းကြီး ဘဲဥနောက် လိုက်နေတယ်ဟေ့"

"မဟုတ်ပါဘူးကွာ၊ တောကျီးကန်းကြီး ဗျိုင်းဖြူလေးနောက်လိုက်နေတာပါ ... ဝါး ဟား ဟား ဟား"

စသဖြင့် ရယ်မောလှောင်ပြောင်နေကြပေမယ့် ကျော်ထိပ်ခေါင်ထွန်းကတော့ မကြားဝါ။ ရွှေရတုနောက်ကိုပဲ သဲကြီးမဲကြီး လိုက်ကာ စကားတွေ ပြောနေသည်။ ရွှေရတုက ရှက်လို့သေတော့မည်။ ဘေးက လှောင်ဟားနေတာကို သင်းက မကြားသော်လည်း ရွှေရတုကတော့ ကြားသည်။

စာသင်ခန်းရှိရာကိုပဲ သုတ်ခြေတင်နေရသည်။ စာသင်ခန်းရောက်တော့ မိစုနဲ့ အိမတို့က ပြေးလာကာ ...

"ရွှေရတု"

"လုပ်ကြပါဦးဟယ်။ ဒီဂျုပ ငါ့ကို လိုက်နှောင့်ယှက်နေလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... တုလေး၊ ဘယ်လိုပြောလိုက်တာလဲကွာ၊ ကိုယ့်မှာတော့ ချစ်လိုက်ရတာ"

"ဒီမှာ ကိုဂျပု၊ တော်ရုံပဲ မျက်နှာရှူးပါနော်၊ ရှင့် မာစီဒီးစ်နဲ့လိုက်ရင် ပြန်ကြိုက်တဲ့မိန်းမတွေ တစ်ပုံကြီးနေမှာပဲ။ ဒါပေမဲ့ အဲဒီထဲမှာ ရွှေရတု မပါဘူး။ အဲဒါကြောင့် ကျွန်မအတွက် အချိန်ကုန်မခံနဲ့တော့။ နောက်လည်း မလာပါနဲ့တော့၊ ကန်တော့ဆွမ်းပါနော်"

ဒီဇိုင်နာနဲ့ အယ်ဒီတာတို့ မြှောက်ပေးသမျှ အဆိပ်တက်ကာ သူ့ကိုယ်သူ ဟုတ်လှပြီ ထင်နေသော ပရိဂျူဆာကျော်ထိပ်ခေါင်ထွန်း တစ်ယောက် ထင်မထားလောက်အောင် တင်းမာနေသော ရွှေရတုရဲ့တုံ့ပြန်မှုကြောင့် ဒေါသတွေကြီးကာ ...

စာသင်ခန်းထဲ ဝင်သွားသော ရွှေရတုကို ကြည့်ကာ နှမြောတသသ။ ဖူးနုထွက်နေသော ရွှေရတုကို စွဲလန်းလွန်းလို့ ဒီလောက် ဒုက္ခခံနေတာ၊ ရွှေရတု ပြောသလိုပဲ သူ့မာစီဒီးစ်နဲ့လိုက်ရင် ခိုက်မယ့်မဒီမတွေ ပုံလို့။





ခေါင်းငိုက်စိုက်နဲ့ ကျောင်းထဲက ထွက်လာတဲ့ ပရိဂျူဆာကိုကြည့်ကာ ကားပေါ်ကျန်ခဲ့တဲ့နှစ်ယောက် သဘောပေါက်လိုက်ကြသည်။

"တို့ဆရာတော့ အခြေအနေ မကောင်းဘူး ဒီဇိုင်းနာရေ"

"နှစ်သိမ့်ရာ စကားလုံးသာ ရှာထားတော့ အယ်ဒီတာ"

♥ ♣ ♥

ပေဖန်စာ၊ ဘုရားပေးစာနှင့် မိတ်ဆက်စာများပေးပို့လိုလျှင်
အမှတ်-၉/၁၁၊ စ-လွှာ(ဂ)၊ ဖေယျဝတီလမ်း(ပတိုးလမ်း)
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေရတုလည်း နတ်သျှင်နောင်အဆောင်ဘက်ကို လှည့်ကြည့်ချင်စိတ်တောင် မရှိတော့။ တစ်ခါလာလည်း နတ်သျှင်နောင်က၊ နောက်တစ်ခါလာလည်း နတ်သျှင်နောင်က။ လာလိုက်သမျှလည်း တစ်ယောက်မှ ပုံကျပန်းကျမပါ။

ရွှေရတု တော်တော်စိတ်ပျက်နေပါပြီ။ အချစ်ဆိုတာကို အရင်က စိတ်မဝင်စားရုံပဲ ရှိခဲ့တာ။ ခုတော့ ရွံပါ ရွံလာသည်။

အချစ်ဆိုတာ ခုလို မဟားဒယား လိုက်လံနှောင့်ယှက်ခြင်းမျိုးလား။ အချစ်က ထိတွေ့ကိုင်တွယ်၍မရသော နူးညံ့သည့်အရာဟု ထင်ခဲ့တာပါ။ ခုတော့ အချစ်ဆိုတာ အင်မတန်ကြောက်စရာကောင်းသော တဏှာရမက်ရိုင်းကြီးလားဟုထင်ကာ ရွံနေမိသည်။





ကိုယ်မနှစ်မြို့တဲ့သူ အလိုက်ခံရတာက တော်တော်ကို စိတ်ညစ်စရာ ကောင်းလွန်းလှပါသည်။

အိကိုမှာ ရွှေရတုက ကွင်းနံပါ။ ကျောင်းထဲမှာ ရွှေရတုကိုလိုက်တဲ့ ကျောင်းသားတွေ အများကြီးရှိပါသည်။ ဒါပေမဲ့ ရုပ်ချောချော ရုပ်ဆိုးဆိုး သက်ရွယ်တူမျှတဲ့ ကျောင်းသားအချင်းချင်းမို့ ရွှေရတု ခုလောက် စိတ်မဆိုး။ ကျောင်းသားချင်းမို့ ဤမျှ ပျက်လောက်အောင်လည်း မဟားဒယား မလိုက်ကြ။

ရွှေရတုသည် တက္ကစီသမားယောင်ဆောင်သော လူကိုရော၊ မာစီဒီးစ်ဂျပုကိုရော အရမ်းရွံသွားသည်။

ရွှေရတုရဲ့လွတ်လပ်ရေးတွေ ပိတ်ဖင်ကုန်မှာစိုးလို့ ဖေဖေ့ကို မတိုင်ရဲပါ။ နဂိုတည်းကမှ အချိန်ဇယားတွေ တင်းကျပ်နေတာ။ ပြောလိုက်ရင် ရွှေရတု သင်တန်းတက်ခွင့်တောင် ရတော့မှာ မဟုတ်ပါ။ ရွှေရတုအတွက် ဆက်ခံရမယ့် ရွှေဆိုင်လုပ်ငန်းက ရှိပြီးသား။ အပြင်သင်တန်းတွေ တက်တယ်ဆိုတာက လူမနံအောင်၊ ဗဟုသုတရဖို့အတွက်လေးပဲ တက်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



နတ်သျှင်နောင်ဆောင် ဆိုတာကလည်း ဖေဖေ့ရဲ့ အပျင်းပြေ စီးပွားရေးတစ်ခုပါ။ အပျင်းပြေဆိုပေမယ့် နတ်သျှင်နောင်ရဲ့ဝင်ငွေက မသေးတာကြောင့် ဖေဖေက သဘောကျနေသော စီးပွားရေးတစ်ခုပါ။

ခုတော့ နတ်သျှင်နောင်က ရွှေရတုကို နှောင့်ယှက်နေပြီ။

နတ်သျှင်နောင်မှာ ခုလို ကျောက်ရှူးတွေချည်းပဲနေတာလား မသိပါ။

လာ့လိုက်သမျှ တစ်ယောက်မှ အဆင်မပြေ။ စိတ်အနှောင့်အယှက် ဖြစ်ရသလို အကုသိုလ်တရားတွေလည်းပွားသည်။

မာစီဒီးစ်ကြီးကို သဘောကျလို့ ငေးမိတာတောင် ဘာယ်ရောက်သွားမှန်းမသိ။ သူလို နောက်ဆုံးပေါ်တန်ဖိုးကြီးကားအကောင်းစားကြီးကို စီးနိုင်တဲ့သူက နတ်သျှင်နောင်မှာ လာနေတာ မရှိုးသားပါ။





ရွှေရတုကြောင့် လာနေတာပဲ ဖြစ်ရမည်။ ရွှေရတုလို မိန်းမက ချစ်သူရွေးချယ်ရာမှာ ပိုက်ဆံကိုထည့်တွက်စဉ်းစားစရာ မလိုဘူးဆိုတာ သူ မသိဘူး ထင်ပါသည်။

ရွှေဆိုင်နှင့် ရွှေပန်းတိမ်လုပ်ငန်းကြီးတစ်ခုလုံးကို ပိုင်ဆိုင်သော ရွှေရတုအတွက် ပိုက်ဆံမက်ပြီး ရုပ်ရည်ကို သည်းခံစရာမှ မလိုတာလေ။

ကြွေရုပ်ကလေးတမျှ လှပတဲ့ ရွှေရတုဟာ သူမနဲ့ ရှေ့သွားနောက်လိုက်ညီမယ့် ကြင်ယာဘက်မျိုးမှ ရွေးချယ်မှာပါ။

ပြောသာ ပြောရတာပါ။ ရွှေရတု အင်မတန် စိတ်ကုန်ပါသည်။ အချစ်ဆိုတာ အခုလို မဟားဒယား ကြမ်းကြမ်းတမ်းတမ်းကြီးတွေလားဟု တွေးကာ စိတ်ကုန်မိသည်။

လောလောဆယ်တော့ ရွှေရတုက စာဖတ်နေရတာပဲ ပျော်နေပါသည်လေ။ အချစ်ဆိုတဲ့ လေပြည်က ဘယ်နံ့ကြိုင်နံ့ကြွားကိုမှ မကပ်သေးပါ။

♥ ♣ ♥



www.burmeseclassic.com

www.burmeseclassic.com



ရှိုင်းထွင့် တစ်ယောက် ဒီနေ့ ရွှေရတုနားကို စတင်ရွေ့ဖို့ ဆုံးဖြတ်ထားပါသည်။ ဒါပေမဲ့ တစ်ယောက်တည်းသွားရမှာလည်း သတ္တိမရှိ။ အခန်းဖော် ညီညီသစ်ကလည်း သူ့လိုဝရည်းစားမရှိတဲ့ အရိုင်းသက်သက်ပါပဲ။ ဘာအတွေ့အကြုံမှ မရှိတဲ့သူချင်းမို့ အားကိုးလို့တော့မရ။

အားကိုးလို့ မရပေမယ့် အဖော်တော့ ခေါ်ရမည်။ ညီသစ်က မိန်းမလှတွေကိုမုန်းတဲ့သူမို့ လွယ်လွယ်နဲ့တော့ ခေါ်လို့ရမှာမဟုတ်။

"ညီသစ်"

"ဟော"





"မင်း ဒီနေ့ အားလား"

"ညနေကွန်ပျူတာသင်တန်း သွားစရာရှိတာကလွဲရင် မနက်ပိုင်းတော့ အားသားပဲ"

"ညနေ ဘယ်နှနာရီလဲ"

"ငါးနာရီမှပါ"

"ဒါဆို အတော်ပဲကွာ၊ ငါနဲ့ လိုက်ခဲ့ပေးဦး"

"ဘယ်လဲ"

"ရောက်တော့ သိမှာပေါ့"

"မရဘူး မင်းမပြောရင် ငါ မလိုက်ဘူး"

"သူငယ်ချင်းကလည်းကွာ၊ မင်း လိုက်မယ်လို့ ကတိပေးရင် ပြောမယ်ကွာ"

"ပြောမှ လိုက်ပါမယ်ဆို၊ ဈေးလာဆစ်နေပြန်ပြီ။ ဘယ်သွားမှာလဲ"

"အဟီး ... ရွှေရတု သင်တန်းကို သွားမလို့ကွ"

"ရှုပ်ရှုပ်ယှက်ယှက်ကွာ။ မလိုက်ချင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ငါတစ်ယောက်တည်း မသွားရဲလို့ပါကွာ။ လိုက်ခဲ့ပေးပါကွာ။ ငါ မင်းကို ဘီယာတိုက်မယ်ကွာ"

"ငါ့ကိုများ လာဆွယ်နေသေးတယ်။ ငါ ဘယ်တုန်းက သောက်တာတွေ့ဖူးလို့လဲ"

"ငါလည်း မသောက်ဖူးပါဘူးကွာ၊ စမ်းကြည့်မလို့ပါ"

"လှတယ်"

"လိုက်ခဲ့ပါကွာ။ ငါတစ်ယောက်တည်း မသွားရဲလို့ကွ"

"မသွားရဲရင် သွားမနေနဲ့။ လှတဲ့မိန်းမတွေက ကြောက်ဖို့ကောင်းတယ်ကွ"

"အေးပါကွာ၊ ဒါပေမဲ့ ငါမှမနေနိုင်တာ။ ငါက သူ့ကို အရမ်းချစ်နေတာကိုးကွ"

"မင်းလည်း ရောဂါပဲ။ ငါ လိုက်လာရင် စစ်ကူမရဘဲ မင်းကို ဒုက္ခပေးသလိုပဲ ဖြစ်နေလိမ့်မယ် ရှိုင်းထွဋ်"

"မင်းကလည်းကွာ။ အဖော်လိုက်ရုံပဲ လိုက်ပေးပါကွာ။ ငါ့ဘာသာ ကြည့်လုပ်ရှားမှာပါကွ"





"ကျွတ် ... တခြားကိစ္စဆို ဘာပဲဖြစ်ဖြစ် ကူညီချင်တယ်ကွ။ အမျိုးသမီးရေးရာကိုတော့ စက်ဆုတ်လွန်းလို့ပါ။ ကိုသိင်္ဂါကို ခေါ်သွားပါလား"

"ကိုသိင်္ဂါနဲ့ကျတော့ ဘော်ဒါမှမကျတာကွာ။ ပြီးတော့ သူ့ကိုအားနာတယ်၊ မင်းကိုကျတော့ အားမနာရဘူး၊ လာပါကွာ၊ လိုက်ခဲ့ပေးပါကွာ၊ ဒီလောက်ခေါ်နေတာ၊ နည်းနည်းပါးပါး အားနာပါးနာနဲ့ပဲဖြစ်ဖြစ် လိုက်ခဲ့ပေးပါကွာ"

ရှိုင်းထွဋ် အတင်းဆွဲထူ ဆွဲခေါ်နေသဖြင့် ညီသစ်မှာ ပုဆိုးတိုတို စွပ်ကျယ်ချိုင်းပြတ်နဲ့ပဲ ပါသွားသည်။ အဝတ်အစားလဲခိုင်းလို့လည်း ရမှာမှ မဟုတ်တာ။

ရှိုင်းထွဋ်ကတော့ ရှိုးစမိုးအပြည့်။ ကိုရီးယားစတိုင်နဲ့ အပြတ်လန်းနေသည်။ ပိုပြီးမိုက်သွားအောင် မနေ့ကမှ ဆံပင်ပုံကို အသစ်ညှပ်ထားသေးသည်။ ညီသစ်ကတော့ ဆံပင်ဆိုလည်း တိုတိတိပဲ ညှပ်တတ်သည်။ ရုပ်ရှင်မင်းသား လူမင်း ဆံပင်ပုံစံမျိုးလေး ညှပ်ထားသည်။ ပြီတော့ မေးရိုးကားကားနဲ့ ယောကျ်ား

www.burmeseclassic.com



ဝိသသောရုပ်မျိုးပါ။ အသားက သိပ်လည်းမဖြူ၊ ညိုလည်းမညိုဘဲ အသားလတ်လတ်နဲ့ မျက်ခုံးကောင်းကောင်းမို့ ခန့်ညားသည့် ဥဇမိရုပ်မျိုးပေမယ့် မိန်းကလေးတွေ ကြိုက်တတ်တဲ့ ရုပ်မျိုးတော့ မဟုတ်ပါ။ မိန်းကလေးတွေက ရှိုင်းထွင့်တို့လို အသားဖြူဖြူနဲ့ ကိုရီးယားချောချောတဲ့ ယောကျ်ားလေးတွေကိုမှ ခိုက်တတ်တဲ့ ခေတ်မှာ ညီသစ်ပုံစံက တကယ့်တိုက်ဂေါ်ပါ။

ရှိုင်းထွင့်ကားလေးက Two Doors လေးပါ။ အမိုး ဖွင့်လိုက်ရင် ပြိုင်ကားပုံစံလေးလည်း မောင်းလို့ရသည်။ ချစ်သူနှင့်အတူစီးရင် အရမ်းမိုက်မယ့်ကားမျိုးလေး။

ကားလေးနဲ့ ရှိုင်းထွင့်ဟာ ခပ်ပုံပုံထဲကတော့ မဟုတ်ပါ။ ရှိုင်းထွင့်ကို အထာပေးချင်သော ဆေးကျောင်းသူလေးတွေ ရှိပါသည်။

ဒါပေမဲ့ ရှိုင်းထွင့်က ချွေရတုမှ ချွေရတု။ ခိုင်လုံတဲ့ နှလုံးသားက ချွေရတုနားက တစ်ဖဝါးမှ မခွာနိုင်အောင် ရစ်နှောင်ချင်နေသည်။





သူတို့ဆေးကျောင်းမှာလည်း အမိုက်စားလေးတွေ ရှိပါသည်။ ဆေးကျောင်းကကွင်းဆိုရင် အမြဲမြန်မာဝတ်စုံလေးတွေ ဝဲဝတ်ကာ ရင်အေးစရာ အလှပဂေးလေးပါပဲ။

ဒါပေမဲ့ ရင်ခုန်သံတွေက ချွေရတု … ချွေရတုဟုသာ မြည်နေသည်။

ရှိုင်းထွင့်ရဲ့ကားလေးက ချွေရတုရဲ့ သွင်တန်းဆီသို့။

♥ ♣ ♥



www.burmeseclassic.com

www.burmeseclassic.com



ရွှေရုတုရဲ့ကားဘေးမှာ ပြိုင်ကားလှလှလေး တစ်စီး ရပ်ထားသည်။ ကားလှပေမယ့် မင်မ်းရဲ့တော့။ တော်ကြာ မာစီဒီးစ် ဂျပုလို ကားနဲ့လူက အရှေ့နဲ့အနောက် ဖြစ်နေဦးမည်။

ရွှေရုတု သင်တန်းဆင်းလို့ ကားပေါ်တက်တော့ ရွှေရုတုရဲ့ဒရိုင်ဘာကြီး ဦးဘဖြူက ...

"သမီးလေး ခဏနော်၊ ဘဖြူ ကွမ်းယာမှာထားလို့"

"ဟုတ်ကဲ့ ရပါတယ်"

ဘေးကကားကို လှည့်ကြည့်လိုက်တော့ ကားပေါ်မှာ ကောင်လေးနှစ်ယောက် ရောက်နေပြီ။ တစ်ယောက်က ဖော်ဖော် လန်းလန်းလေး။ နောက်တစ်ယောက်ကျတော့ ရိုးရိုးစွပ်ကြယ်ချိုင်း ပြတ်အဖြူနဲ့။ ပေစုတ်စုတ်ကလေး။





အသက်တွေကတော့ ရွှေရုတုနဲ့ မတိမ်းမယိမ်း လောက်ပဲ။ သူတို့တွေကို ရွှေရုတု တစ်ခါမှ မမြင်ဘူးပါ။

ရွှေရုတု ခဏပဲကြည့်ကာ ဖုန်းထုတ်ပြီး facebook သုံးနေလိုက်သည်။ ရွှေရုတု သူတို့ကို မျက်နှာလွှဲလိုက်တာနဲ့ သူတို့ရုပ်တွေကို မမှတ်မိတော့။ ကားလေး သဘောကျလို့ ကြည့်မိတာ။ ကားနဲ့လူ လိုက်တယ်ဟု မှတ်ချက်ချရုံလောက်ပဲ စိတ်ဝင်စားမိပါသည်။

ရွှေရုတုတို့ ကားထွက်လာတော့ ပြိုင်ကားလေးက နောက်ကပါလာသည်။

ရွှေရုတုနောက် လိုက်တာလား။ ရွှေရုတု သိလိုက်ပြီ။ ရွှေရုတုတို့လမ်းထဲအထိ ထိုကားလိုက်ဝင်လာမှတော့ ရွှေရုတု နောက်လိုက်တာပေါ့။

ပြိုင်ကားလှလှလေးနဲ့ ခပ်လန်းလန်း ကောင်လေးဆို တော့ မဆိုးပါဘူးဟု တွေးနေတုန်း နောက်ကကားက နတ်သျှင် နောင်ထဲ ကွေ့ဝင်သွား၏။ လာပြန်ပြီ။ နတ်သျှင်နောင်တစ်ပဲလား။ ဒါပေမဲ့ ဒီတစ်ခါ ကောင်လေးတွေက အလန်းစားလေးတွေပါ။



www.burmeseclassic.com

www.burmeseclassic.com



ရွှေရတု ကားပေါ်ကဆင်းပြီး နတ်သျှင်နောင်ဘက် လှမ်းကြည့်လိုက်တော့ ...

"ဘုရားရေ"

နတ်သျှင်နောင်ရဲ့ ပြတင်းပေါက်တွေမှာ ရွှေရတုကို ကြည့်နေသော ယောကျ်ားသားတွေ မနည်းပါလားကွယ့်။ ရွှေရတု လန့်ကာ အိမ်ထဲပြေးဝင်လိုက်မိသည်။ ဒုက္ခ။ အနေအထိုင်အသွား အလာ ဆင်ခြင်မှ။

ရွှေတု ခြံထဲတောင် မဆင်းရဲတော့ပါ။

ဖြစ်နိုင်ရင် နတ်သျှင်နောင်ကို တခြားနေရာသို့သာ ရွှေ့ပစ်ချင်သည်။

ရွှေရတုရဲ့ဖုန်းလေး မြည်လာသည်။ ရွှေရတုဆီကို ဖေဖေနဲ့ မေမေကလွဲရင် ဖုန်းဆက်မယ့်သူ မရှိပါ။ သူငယ်ချင်း တွေက ခုတင် သင်တန်းကလမ်းခွဲပြီး ပြန်လာတာလေ။

ဒါပေမဲ့ ဖုန်း Screen မှာ မြင်နေရတာက ရွှေရတု မသိသော နံပါတ်အစိမ်းတစ်ခု။ မိစုနဲ့ အိမရဲ့ဖုန်းလည်းမဟုတ်။





ဒါဆိုရင်တော့ သေချာပြီ။ ကောင်လေးတစ်ယောက် ယောက်ဆီကဖုန်းပဲနေမှာ။

ရွှေရတု ဖုန်းကိုမကိုင်ပါ။ သုံးခါလောက် မြည်ပြီး ရပ်သွား၏။ ရွှေရတု ထင်တာမှန်ပါသည်။ ရှိုင်းထွန်း ဆက်နေ တာပါ။

ရွှေရတုက သင်တန်းက ဆင်းလာတာနဲ့ ကားပေါ် တန်းတက်သွားတာဆိုတော့ သူ့မှာ ရွှေရတုနား ကပ်လို့တောင် မရ။ ထို့ကြောင့် အရဲစွန့်ပြီး ဖုန်းဆက်ကြည့်တာ။ ဖုန်းလည်းမ တိုင်။

ရှိုင်းထွန်း တစ်ယောက် မရိုးမရွ ဖြစ်နေ၏။ စပြီး လိုက်ခင်ကမှ နေလို့ထိုင်လို့ ရသေးသည်။ အနားချဉ်းကပ်ကြည့် တော့မှ စကားလေးတစ်ခွန်းတောင် ပြောဖို့မလွယ်၍ ရောဂါပိုရင့် နေသည်။ စစချင်းလွမ်းနေသော သူ့ကို ညီသစ်က အမြင်ဆွေ တတ်နေ၏။

"အဲဒါပဲ ... မိန်းမတွေနဲ့ ပတ်သက်မိတဲ့ဒုက္ခ"



www.burmeseclassic.com

www.burmeseclassic.com



တိုတိုပြတ်ပြတ် မှတ်ချက်ပေးကာ တခေါ်ခေါ်အိပ်နေပြီ။ ရှိုင်းထွင့်မှာတော့ အလွမ်းရင့်ပန်းချီကားတစ်ချပ်ကို ရေးမိရင်း အိပ်လို့မပျော်နိုင် ဖြစ်နေသည်။ ဒီပုံအတိုင်းဆိုမလွယ်။ ဘယ်လိုနည်းလမ်းတွေ သုံးရမလဲမသိ။ သူမ သူငယ်ချင်းတွေဆီကနေ ဝင်ဖို့လည်းမလွယ်။ သူ စုံစမ်းသိရသလောက် သူမသူငယ်ချင်းတွေကလည်း သူမရဲ့ Best friend တွေပါ။ တိုက်စွမျိုးမကူညီတဲ့အပြင် သူမကို ပိုတောင်ကာကွယ်ကြသေးသတဲ့။

ရှိုင်းထွင့် တစ်ယောက် လမ်းစပျောက်နေ၏။ အရေးထဲ ပရိဂျူဆာနဲ့ မုဆိုးဖိုရဲ့ရန်ကလည်း ရှိသေးသည်။ နောက်ထပ်သူမသိရသော ပြိုင်ဘက်တွေလည်း အများကြီး ရှိနေနိုင်သေး၏။

စိတ်ညစ်ညစ်နဲ့ ခေါင်းတွေတဖျင်းဖျင်း ကုတ်နေမိသည်။ ညီသစ်ရဲ့ဟောက်သံကြီးကလည်း စိတ်ပျက်စရာ။

ရွှေရတုတို့ခြံဘက် လှမ်းမျှော်ရင်း အကြံတွေထုတ်နေမိသည်။ စာပဲရေးရင် ကောင်းမလား၊ စာရေးတော့လည်း သူမလက်ထဲ တည့်တည့်ရောက်မှ အဆင်ပြေမှာလေ။ အဲဒီစာကို





သူမလက်ထဲရောက်အောင် ဘယ်လိုလုပ်ရမလဲ။ ဟုတ်ပြီ။ ဖုန်းနဲ့ Massage ပို့ရမယ်။ သူမ ဖုန်းနံပါတ် သိနေမှတော့ လွယ်သွားပြီပေါ့ကွာ။ ဖုန်းခေါ်တာ မကိုင်ပေမယ့် Message ကိုတော့ဖတ်မှာပါ။

♥ ♣ ♥



www.burmeseclassic.com

www.burmeseclassic.com



ရွှေရတု facebook သုံးနေတုန်း ဖုန်းထဲကို message တွေ တစ်စောင်ပြီးတစ်စောင် ဝင်နေ၏။

ရွှေရတု မကိုင်တဲ့ ဖုန်းနံပါတ်ကပါ။ ဖုန်းခေါ်တာကို မကိုင်တော့ message တွေ ပို့တာနေမှာ။

တစ်စောင်ပြီးတစ်စောင် ဆက်တိုက်ဝင်နေသဖြင့် message ကို ဖွင့်ဖတ်လိုက်သည်။

"I love Shwe Ya Tu"

ရိုးရှင်းသော စာကြောင်းလေး တစ်ကြောင်းကိုပဲ အထပ်ထပ်အခါခါ ပို့နေတာပါ။

နောက်နေ့ကျတော့ message က တစ်မျိုးပြောင်းသွားသည်။





"Shine Htut (IM-II)"

ဆေး(၂)က ရှိုင်းထွဋ်ဆိုပဲ။ ဆေး(၂)ဆိုတော့ ဆရာဝန်လောင်းပေါ့။ စိတ်ဝင်စားစရာပဲ။

မိစုနဲ့ အိမကိုပြတော့ ...

"ဟဲ့ ... ဆေး(၂)မှာ သူက ကျောင်းသား မဟုတ်ဘဲ ကျောင်းသားရေးရာက ပျာတာဖြစ်နေရင် ဘယ်လိုလုပ်မလဲ ... ခွီး ခွီး ခွီး"

အိမကပြောရင်း မျှောက်လို ရယ်နေသေး၏။ မိစုကလည်း ...

"အေးလေ ... ဆေး(၂)က ဆေးသုတ်သမားဆိုရင် ဘယ်လိုလုပ်မလဲ ... ဟိ ဟိ"

ရွှေရတု အူတက်အောင် ရယ်နေရသည်။ မိစုတို့ ထွေးသလိုလည်း ဖြစ်နိုင်တာပဲ။

သူက ဆေး(၂)ပဲ ရေးထားတာ။ ဆေးကျောင်းသားလို့ ရေးထားတာမှ မဟုတ်တာ။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... အဲဒီ ရှိုင်းထွင့် ဆိုတာ နင့်ကို Two doors နဲ့ လာရစ်နေတဲ့ တစ်ယောက်ရော မဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်တယ်"

"ခုတလော ခြေလှမ်းစိပ်နေတာဆိုလို့ Two doors ပဲရှိတာ"

"သူကလည်း နတ်သျှင်နောင်ကပဲ"

"ဟုတ်တယ်"

"ဟုတ်ပါတယ်ဆို"

"နင့်ဖားသားကြီး တော်တော်စီးပွားရေး အကွက်မြင်တာပေါ့၊ သမီးချောလေး မွေးထားပြီး ယောကျ်ားလေးအဆောင် ဖွင့်ထားတော့ ..."

"တော်စမ်းပါဟာ။ နင့်စကားက ဘာကြီးလဲ"

"ဆောရီး ... ဆောရီး၊ ငါက ပျော်စေ ပျက်စေ ပြောလိုက်တာပါဟယ်။ နတ်သျှင်နောင်က ဆိုပေမယ့် Two doors က မဆိုးဘူးနော်။ ငါတို့ထက်ကြီးရင်လည်း တစ်နှစ် နှစ်နှစ်ပေါ့။ ပြီးတော့ ရုပ်ပါလည်း လန်းတယ်"





"မလန်းပါဘူးဟာ၊ အခြောက်ပုံစံ ပေါက်နေတာကြီးကို"

"ကိုရီးယားဆန်တာပါဟဲ့"

"ငါက ကိုရီးယားစတိုင်လ် မကြိုက်ဘူး။ ယောကျ်ားဆို ယောကျ်ားဆန်ဆန် တည်တည်ကြည်ကြည်နဲ့ ခန့်ညားတဲ့ပုံစံမျိုးပဲ ကြိုက်တယ်။ ယောကျ်ားလေးတစ်ယောက် ထသွားထလာပုံစံက အလွန်ဆုံး တီရှပ်ရိုးရိုးတစ်ထည်နဲ့ ဂျင်းဘောင်းဘီလောက် ဝတ်ထားရင် ရပါပြီ။ ဆံပင်ပုံစံဆိုရင်လည်း တိုတိုရှင်းရှင်းပဲ ကြိုက်တယ်"

"နင်က တိုက်ဂေါ်ပုံကြီးတွေ ကြိုက်တာပေါ့"

"မတိုက်ဂေါ်ပါဘူး။ ရိုးရိုးရှင်းရှင်းနဲ့ ဆွဲဆောင်မှုရှိတဲ့ပုံစံမျိုးပါ"

"Tow doors လေး သနားပါတယ်"

"သနားရင် နင်ကြိုက်လိုက်"

"ငါမှ မကြိုက်တာ။ ဒီပုံစံမျိုးလေးနဲ့ဆို ကားအမိုးဖွင့်ပြီး မြို့တစ်ပတ်လောက်တော့ စီးလိုက်ချင်သေး ... ဟီး ဟီး"



www.burmeseclassic.com

www.burmeseclassic.com



အိမ ဟာသကြောင့် သုံးယောက် တဟားဟားရယ်နေရသည်။ ပါးစပ်က လျှောက်ပြောနေကြတာပါ။ တကယ်တမ်းကျတော့ စိတ်ထဲပါကြတာ မဟုတ်။

Two doors ဟာ ရှိုင်းထွင့်ပါလို့လည်း သေချာတာမှ မဟုတ်တာ။

Two doors က နေ့စဉ်လိုလို သင်တန်းမှာလာစောင့်တတ်သလို ရှိုင်းထွင့်ကလည်း တစ်နေ့ကို Massage အစောင်နှစ်ဆယ်လောက် ပုံမှန်ပို့နေသည်။

တစ်ပတ်ခန့်ကြာတော့ Two doors ကို ဘဖြူက သတိထားမိသွား၏။

"သမီး ဒီပြင်ကားက ဘဖြူတို့ကို လာစောင့်နေသလိုပဲ။ ပြီးရင်လည်း နတ်သျှင်နောင်ထဲ ဝင်ဝင်သွားတတ်တယ်။ ကားပေါ်ပါတာကလည်း ကောင်လေးငယ်ငယ်လေးတွေ။ သမီးနဲ့ သိနေကြတာလား"

"မဟုတ်ပါဘူး ဘဖြူရဲ့"





"ဒါဆိုရင်တော့ ဆရာ့ဆီ သတင်းပို့ထားဦးမှ။ တော်ကြာ လိုက်နှောင့်ယှက်နေဦးမယ်"

"ဘဖြူ"

"ပြောလေ သမီး"

"သူတို့တွေကို ရွှေရတု တကယ်မသိပါဘူး။ ဒါပေမဲ့ ဖေဖေတို့ကိုတော့ ပြန်မတိုင်ပါနဲ့။ တော်ကြာ ရွှေရတု သင်တန်းတက်ခွင့် ပိတ်လိုက်မှာ ကြောက်လို့ပါ။ နော် … ဘဖြူ နော်"

ဦးဘဖြူကလည်း ရွှေရတုအဖေရဲ့ စည်းကမ်းတွေကို သိထားတာမို့ ရွှေရတုလေး ကျဉ်းကျပ်တာ သိပါ၏။ ဒါပေမဲ့ ပြဿနာဖြစ်ရင်လည်း သူ့ခေါင်းပေါ် ကျမှာစိုး၏။

♥ ♣ ♥



www.burmeseclassic.com

www.burmeseclassic.com



ဦးဘဖြူက ရွှေရတု မသိအောင် သူမမိဘတွေကို တိတ်တိတ်ကလေး အသိပေးခဲ့ပါသည်။ ရွှေရတုမိဘတွေကလည်း မသိချင်ယောင် ဆောင်နေကြသည်။

ရွှေရတုကိုသာ မပြောတာ။ ရွှေရတု အဖေနဲ့အမေကတော့ ခေါင်းချင်းဆိုင်၍ မဆုံး။

"ယောက်ျားရေ ... ရှင့်ရဲ့နတ်သျှင်နောင်ကြီးကို ပိတ်လိုက်ပါတော့လားကွယ်။ ရှင့်အဆောင်ကလူတွေက တို့သမီးလေးနားပဲ ဝဲဝဲနေတာ။ ကြာရင် ပြဿနာကြီးလာမှာစိုးလို့"

"ကြိုးစရာ မရှိပါဘူးကွာ၊ ငါ့ဘာသာ ထိန်းနိုင်ပါတယ်။ နောက်ဆုံးအဆင့် တစ်ခုခုဖြစ်ခဲ့ရင်တောင် နတ်သျှင်နောင်





က ကောင်လေးတွေက တစ်ယောက်မှ ခပ်ပွဲပွဲ မခေါ်ဝါဘူးကွာ"

"အမယ်လေး ... အမယ်လေး ... ဒါ ဖုအေပြောရမယ့် စကားလား၊ အသံကိုက ကျီးစားစား ခွေးထိုးထိုး ပစ်ထားမယ့်အသံ ဖြစ်နေပါလား"

"ဒီမိန်းမတော့ မဟုတ်တာတွေ ပြောပြန်ပြီ။ ငါက သဘောပြောတာပါ။ ဒီကလေးတွေလောက်တော့ ငါ ထိန်းနိုင်ပါတယ်ကွ"

"စောင့်ကြည့်လိုက်ဦးမယ်၊ တော်ကြာမှ သူ့သမီးကို နတ်သျှင်နောင်ထဲက မ,သွားမှ ရှင် မရူးနဲ့"

"မင်းပါးစပ်ပုပ်ကြီးကို ပိတ်ထားစမ်းပါကွာ။ ငါ နတ်သျှင်နောင် ပိတ်လိုက်လည်း မင်းသမီးနားကို မဖြစ်ဖြစ်တဲ့နည်းနဲ့ ချဉ်းကပ်ကြမှာပဲ။ ငါ့စီးပွားရေး အပျက်ခံပြီးတော့ မပိတ်နိုင်ဘူး။ ဒီအလုပ်က တစ်ခါပဲ အရင်းအနှီးထည့်ရတဲ့အလုပ်ကွ။ အမြတ်ကျတော့ လစဉ်လတိုင်း ရှိ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ကောင်းထားလဲ။ လူမပင်ပန်းဘဲ ဝင်ငွေပုံမှန် ရနေတာ"

"အဲဒီမဖြစ်လောက်ကိုပဲ မက်နေ။ ရှင့်သမီး ပါသွားမှရတာ နဲ့ မကာမိအောင် ခံစားရမယ်နော်"

"မင်းကလည်းကွာ။ ကိုဘဖြူ တစ်ယောက်လုံး အနီးကပ် ထားထားတာ။ စိတ်ပူစရာ မလိုပါဘူးကွာ"

"အမယ်လေး ... ရှင်လည်း ငယ်ရာက ကြီးလာတာလေ။ နှလုံးသားကိစ္စဆိုတာ သံကွန်ခြာခုနစ်ထပ်နဲ့ အုပ်တာ တောင် လုံရိုးထုံးစံမရှိဘူး။ ရှင့်သမီး တကယ်ကြိုက်တဲ့သူ တွေ့သွားရင်လေ ကိုဘဖြူလောက်ကို အသာလေးလှည့် ထွက်သွားမှာတော်ရေ"

"ဒါဆိုလည်း မင်းသမီးကို သတင်တန်းမတက်ခိုင်းနဲ့တော့ ပေါ့"

"အဲလိုလည်း မလုပ်ချင်ဘူး၊ ရှင်ထားတဲ့ စည်းကမ်းတွေ ထဲမှာတောင် သမီးခမျာ ကျဉ်းကျပ်နေရှာပြီ။ တင်းလွန်း





ရင်လည်း ပြတ်သွားမှာ-စိုးရတယ်။ တော်ကြာ ချုပ်ချယ် တာကိုကြောက်ပြီး တွေ့ကရာလူကို ပြန်ကြိုက်မှာစိုးတယ်။ ကြိုက်ရုံက ပြဿနာမရှိဘူး။ လွတ်လပ်ခွင့်ရှာသွားမှ ကျုပ် တို့ရင်ကျိုးမှာ"

"ဒါဆို ဘယ်လိုလုပ်မလဲ"

"ကျုပ်သဘောကတော့ ကျုပ်တို့ကိုယ်တိုင်ပဲ သင့်တော်ရာ ရှာဖွေပေးရရင် ကောင်းမလားလို့"

"ဟာကွာ ... ငါ့သမီးလေး ငယ်ပါသေးတယ်"

"မိဘဆိုတာ သားသမီးကို ဘယ်တော့မှ အရွယ်ရောက် တယ်ထင်တာမဟုတ်ဘူး။ ကျုပ်အတွက်လည်း ဒီလိုပဲတော်။ ဒါပေမဲ့ သမီးက တကယ်အရွယ်ရောက်နေပြီ။ ပြီးတော့ ရွှေရုပ်ကလေးလိုလှတဲ့အပြင် ကျုပ်တို့အမွေတွေ ဆက်ခံ မယ့် တစ်ဦးတည်းသော သမီးလေး။ မဟုတ်မဟတ်တွေနဲ့ ဖြစ်သွားရင် ရှင်နဲ့ကျုပ်ပဲရင်ကျိုးရမှာလေ။ ဒီတော့ ကျုပ် တို့ကပဲ သင့်တော်တဲ့သူ ရှာပေးလိုက်တာ ပိုကောင်းမယ်



www.burmeseclassic.com

www.burmeseclassic.com



"ဒုတ္ထပဲ။ ကိုယ်က သမီးရှင် ဘယ်လိုရှာမလဲ။ သမီးရှင်က စကားစလို့ရတာလည်းမဟုတ်။ အတင်းရှာဖွေရအောင်လည်း ကိုယ့်သမီးက မကောင်းမကန်းမဟုတ်။ အကောင်းလွန်နေလို့ ရှာပေးရမှာ"

"ရှင်က ဒီနေရာတော့ အ,သွားပြန်ပြီ။ ကျွန်မတို့က သမီးလေး Roll ကျအောင် စကားစ,စရာ မလိုပါဘူး။ နောက်လထဲမှာ သမီးမွေးနေ့ ရှိတယ်လေ။ ဟိုတယ်တစ်ခုခုမှာ သမီးမွေးနေ့ပွဲ ကျင်းပပြီး ဂုဏ်သရေရှိအသိုင်းအဝိုင်းက သားရှင်တွေကို ဖိတ်လိုက်ရုံပါပဲ"

"ဟော ... ဒီလိုလား။ ကောင်းတယ် ... ကောင်းတယ်၊ အဲဒါကြောင့် ပြောတာ။ မိန်းမတွေက ယောကျ်ားတွေထက် ဉာဏ်နီဉာဏ်နက် ပိုများတယ်တဲ့"

"ရှင်ဘာသာ ဘာပြောပြော။ ကျွန်မကတော့ ခုချိန်မှာ သမက်ကောင်းကောင်းရဖို့ပဲ စိတ်ဝင်စားတယ်။ ဒါမှသမီးလေးနောင်ရေး စိတ်အေးရမှာ။ သြော် ... ဒါပေမဲ့ တစ်ခုတော့ ရှိတယ်နော်။ ဒီကိစ္စ သမီးလေး သိလို့မဖြစ်ဘူး"





"ငါ နားလည်ပါတယ်ကွာ"

"ဒါဆိုရင် ရှင်ဖိတ်ချင်တဲ့သူ စာရင်းလုပ်ထား။ ကျွန်မတို့ ခုတည်းကစပြီး စီစဉ်မှ ဖြစ်မယ်"

"အေးပါကွာ။ အင်း ... မျက်နှာတော့ ပူသား"

"ဘာမှ မျက်နှာပူစရာ မလိုဘူး။ ဒီခေတ်ကြီးမှာ သမီးရှင်တိုင်း ဒီလိုလုပ်နေကျ။ ဒီလိုမှ မလုပ်ရင် ရှင်ခေတ်နောက်ကျ ကျန်ခဲ့လိမ့်မယ်"

"ဖြစ်ရပြန်ပြီ"

သြော် ... သမီးတစ်ကောင် နွားတစ်ကောင်တဲ့။

♥ ♣ ♥



www.burmeseclassic.com

www.burmeseclassic.com



ရွှေရတုကတော့ ဘာမှမသိရှာ။ မွေးနေ့ရောက်ကာနီး သုံးရက်အလိုကျမှ ရွှေရတု လက်ထဲကို ဖိတ်စာထပ်ကြီး ရောက်လာသည်။

ရွှေရောင်ဖောင်းကြွဖိတ်စာတွေမြင်တော့ ရွှေရတု လန့်သွားသည်။

"မေမေ ဘာဖိတ်စာတွေလဲ"

"သိချင် ဖတ်ကြည့်ပေါ့ သမီးရယ်"

ဖိတ်စာ စာအိတ်ကလေးကို ဖွင့်နေတဲ့ လက်တွေက တုန်နေသည်။ ဖိတ်စာကို ဖတ်ပြီးတော့မှ မွေးနေ့ဖိတ်စာမှန်း သိသွားကာ သက်ပြင်းချလိုက်၏။





"တော်သေးတာပေါ့"

"ဘာဖြစ်လို့လဲ သမီးရဲ့"

"မေမေက ရွှေရောင်ဖောင်းကြွ ဖိတ်စာတွေ အထပ်လိုက်ကြီး လာပေးတော့ လန့်သွားတာပေါ့။ သမီး မသိအောင် ဘာဘာညာညာတွေများ စီစဉ်လိုက်တာလားလို့ အဟီး"

"စီစဉ်လိုက်တော့လည်း ဘာဖြစ်လဲ သမီးရယ်၊ မေမေတို့က သမီးအတွက် အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးမှာပဲလေ"

"ဟာ ... သမီး အဲဒီကိစ္စတွေ လုံးဝစိတ်မဝင်စားဘူး မေမေ။ သမီးဘာသာ အေးအေးဆေးဆေးပဲ နေပါရစေနော်"

"အေးပါ ... မေမေတို့ကလည်း မလုပ်ပါဘူး၊ ငါ့သမီးလေးက ငယ်ငယ်လေး ရှိသေးတာ"

"ဒါမှ တို့မေမေကွ"

သမီးဖြစ်သူကို အကဲခတ်ရသလောက်တော့ ရည်းစားသနာ စိတ်ဝင်စားပုံ မရသေးပါဘူး။ ဘာပဲဖြစ်ဖြစ် မိမိတို့



www.burmeseclassic.com

www.burmeseclassic.com



အချိန်မီနိုင်ပါသေးတယ်။ ရွှေရတုမိခင်က ရွှေရတုကိုပဲ အကဲခတ်ခတ်။ အကဲခတ်နေရင်းမှ သမီးဖြစ်သူ အင်တာနက်တွေ အရမ်းသုံးနေတာကို သိလိုက်ရသည်။ ခေတ်မေမေမို့ အင်တာနက်အကြောင်း ကောင်းကောင်းသိပါသည်။

အင်တာနက်ဆိုတာ အကောင်းနဲ့အဆိုး ခွန်တွဲနေတာပါ။ သုံးတဲ့သူအပေါ်မှာ မူတည်တဲ့အရာပါ။ ကောင်းကောင်းသုံးမှ အသုံးချတတ်မှာ၊ ကောင်းကျိုးရမှာပါ။ အသုံးမချတတ်ရင်တော့ အင်တာနက်ကြောင့် ဘဝပါပျက်၊ အသက်ပါဆုံးရှုံးလိုက်ရတဲ့သူတွေ ဒုနဲ့ဒေး။

အထူးသဖြင့် facebook လို လူမှုရေးကွန်ယက် website တွေကြောင့် ဘဝပျက် အသက်ထွက်ရသူတွေ ရှိနေပါသည်။

မိန်းကလေးတွေအဖို့ အပြင်ထွက် လမ်းမသလားဘဲ အိမ်တွင်းပုန်းပြီး facebook သုံးတာဟာလည်း အန္တရာယ်ကြီးပါ၏။ အရာရာကို အသိနဲ့သတိတရား ယှဉ်တွဲနိုင်မှ အန္တရာယ်





ကင်းမှာပါ။ facebookပေါ်မှာ ရည်းစားရှာတဲ့သူတွေအတွက်ဆိုရင်ပြီး အန္တရာယ်ကြီးပါသည်။ တချို့သောယောက်ျားတွေမှာ face book အကောင့် အခုငါးဆယ်ခန့် ရှိတတ်ကြ၏။ တချို့ facebook သုံးစွဲနေသူတွေမှာ မိန်းမနှစ်ယောက် သုံးယောက် ရှိတတ်ကြ၏။ ဘယ်သူ့ကိုမှ မယုံသင့်ပါဘူး။

သမီးဖြစ်သူ အပြင်ထွက်တာထက် **facebook** သုံးနေတာကိုလည်း စိုးရိမ်မိပါသည်။

သမီးအတွက် မြန်မြန်သမက်လောင်း ရှာပေးနိုင်မှပဲ စိတ်အေးရမှာပါလေ။

ရွှေရတုကတော့ မိခင်ဖြစ်သူရဲ့ စီမံကိန်းကြီးကို မသိရှာဘဲ သူမ သူငယ်ချင်းတွေကိုဖိတ်ဖို့ စဉ်းစားကာ ပျော်နေသည်။

ရွှေရတုဆီကို message တွေ ပို့နေတာ Two doors ဆိုတာလည်း သိသွားပါပြီ။ message ထဲမှာ သူ့ကားနံပါတ်ထည့်ပို့လာလို့လေ။



www.burmeseclassic.com

www.burmeseclassic.com



ပဲအရမ်းများသော Two doors ကို သူမ မနှစ်သက်ပါ။ ငယ်ငယ်ရွယ်ရွယ် ရွယ်တူချင်းမို့ ရင်ခုန်ရမလား စဉ်းစားမိပါတယ်။ အင်မတန် နုရွလှပချင်နေသော အနီယောက်ျားကို ဘယ်လိုမှ ကြည့်မရပါ။

သူမကပဲ အချစ်နဲ့ဝေးနေတာလား။ တစ်ခါတလေ အချစ်ဆိုတာ တကယ်ရှိရဲ့လားဟုတောင် ... ...။

♥ ♣ ♥





အချစ်ကို နည်းနည်း ဆန်းစစ်ကြည့်ကြပါ။ မြင်မြင်ချင်းအချစ်တို့၊ မာတ်ပုံလေးမြင်ရုံ၊ အသံလေးကြားရုံနဲ့ချစ်တဲ့ အချစ်တို့ဆိုတာ ရှိတော့ရှိတတ်ပါသည်။ ဒါပေမဲ့ တော်တော်ကြီးကို ရှားပါသည်။

များသောအားဖြင့်တော့ မြင်ပါများလို့ ကြင်သွားကြတာ များပါသည်။ လူတစ်ယောက်ကို ချစ်တော့မည်ဆိုရင် မချစ်ခင် အပြစ်ရှာကြည့်သင့်ပါသည်။ ချစ်ပါမည်ဆိုမှ အပြစ်ရှာခိုင်းရသလားဟု အပြစ်တင်ကောင်း တင်ကြပါလိမ့်မည်။ အပြစ်ရှာကို ရှာကြည့်ရပါမည်။ ချစ်တဲ့မျက်စိနဲ့ မကြည့်ဘဲ အပြစ်ရှာတဲ့မျက်စိနဲ့ ကြည့်ကိုကြည့်သင့်ပါသည်။ စစ်စစ်ပေါက်ပေါက်ကို အပြစ်ရှာကြည့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အမှတ်တမဲ့နေစဉ်က မသိခဲ့၊ မမြင်ခဲ့သော အပြစ်တချို့တစ်ဝက်ကို သိကောင်းသိလာ၊ မြင်ကောင်းမြင်လာနိုင်ပါသည်။

ဒါတောင် အချို့တစ်ဝက်လောက်ပဲ တွေ့နိုင်ပါ၏။

လူတစ်ယောက်၏ အကောင်းအဆိုးတို့ကို ခင်မင်ရင်းနှီးရုံ၊ တွဲသွား တွဲလာ ပြုရုံနှင့် အလုံးစုံ သိနိုင်မည်မဟုတ်။ သေချာလေ့လာကြည့်မှ တချို့တစ်ဝက်လောက်ပဲ သိနိုင်မြင်နိုင်မှာပါ။ အလုံးစုံဆိုတာက အတူနေကြမှ၊ အတူပေါင်းဖက်ကြမှ သိကြရတာပါ။

ဒီတော့ အပေါ်ယံမြင်တွေ့နိုင်တဲ့ အပြစ်တချို့တစ်ဝက်ကို အရင်သည်းခံကြည့်ပါ။ သည်းခံတယ်ဆိုရာမှာလည်း တစ်ခဏသည်းခံရမှာ မဟုတ်ဘဲ တစ်ဘဝစာ သည်းခံရမှာပါ။ **ချစ်**နေတဲ့အချိန်မှာ အရာရာကို သဘောကျ ခွင့်လွှတ်တတ်ခဲ့ပေမယ့် မချစ်တော့တဲ့ အချိန်ကျရင် သဘောကျခဲ့တဲ့ အရာတွေကိုပဲ **အရမ်း**ကို သည်းမခံနိုင် ဖြစ်ဖြစ်တတ်ကြပါတယ်။





ပိုဆိုးတာက လူတစ်ယောက်ရဲ့အကောင်းအဆိုးဆိုတာကို တခြားလူတစ်ယောက်က အလုံးစုံမသိနိုင်တာပါပဲ။ ချစ်ကြပြီးမှ လက်ထပ်ကြပြီးမှ ဖုံးကွယ်ထားတဲ့ အကျင့်ဆိုးတွေ ထပ်ပြီးပေါ်လာနိုင်ပါသေးတယ်။ ထိုအခါ တချို့အချက်တွေက အိမ်ထောင်ရေးကို ပဋိပက္ခဖြစ်စေတဲ့အထိ **ဆိုးရွားတတ်ပါတယ်။**

ထို့ကြောင့် လူကြီးသူမတွေက ပြောခဲ့ကြတာပါ။ အိမ်ထောင်ပြုတယ်ဆိုတာ ကံပေါ်မူတည်သတဲ့။ တချို့ကျတော့ အပျိုလူပျိုဘဝမှာ အရမ်းဆိုးနေပြီး ကိုယ့်လက်ထဲကျမှ ကောင်းသွားတာ ရှိသလို မယူခင်ကအကောင်း။ ယူပြီးမှ ဆိုးကြတာတွေလည်း ရှိကြသည်။ ကံပေါ်မူတည်တာလည်း တည်တာပေါ့လေ။ ဉာဏ်လေးသုံးပြီး စဉ်းစား၊ ဝီရိယလေးထားပြီး အကဲခတ်ရွေးချယ်ရင်တော့ အမှားနည်းတာပေါ့။ မှားစရာရှိရင်တောင် သက်သာတာပေါ့လေ။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုလွန်ကဲပြီး **(သို့မဟုတ်)** ကံကြမ္မာကို မျှော်ကိုးပြီး ဆိုးနေတဲ့လူတစ်ယောက်ကို ငါ့လက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရင် ကောင်းလာမှာပါ။ ငါပြုပြင်နိုင်မှာပါလို့တော့ မထင်လိုက်ပါနဲ့။ တစ်ရာမှာ တစ်ယောက် မကောင်းပါဘူး။ ကိုယ်က စာရိတ္တပြုပြင်ရေး အတတ်ပညာမှာ Ph. D ဘွဲ့ရထားတာလည်း မဟုတ်ပါဘူး။

ထို့ကြောင့် တစ်စုံတစ်ယောက်ကို မချစ်ခင် အပြစ်ရှာကြည့်ပါ။ ဘယ်လိုမှ အပြစ်ရှာလို့ မတွေ့ဘူး။ ဘာအပြစ်မှ မတွေ့ဘူး ဆိုရင်တော့ သေချာနေပါပြီ။ သင်ဟာ ထိုတစ်စုံတစ်ယောက်ကို မျက်ကန်းချစ်နဲ့ မိုးမမြင် လေမမြင်ကြီးကို ချစ်နေပါပြီ။ လူတစ်ယောက်ဟာ သောတာပန်မတည်သေးသရွေ့ အပြစ်မှ မကင်းတာလေ။ အဲဒါကို အပြစ်မမြင်ဘူးဆိုရင်တော့ သင့်မေတ္တာတရား ထုထည်ကြီးမားနေလို့ သို့မဟုတ် သင်မှန်နေလို့ ဖြစ်ပါလိမ့်မည်။ ဘာသာရေးအရ ပြောရရင် သင့်ဝဋ်ကြွေးကြီးနေလို့ ဖြစ်ပါလိမ့်မယ်။

♥ ♣ ♥





ရွှေရတု မွေးနေ့ဖိတ်စာလေးကို ဖတ်ပြီး မိစုက ...

"ရွှေရတု ဖိတ်စာပိုသေးရှင် Two doors ကို ဖိတ်လိုက်ပါလား"

အိမက ...

"ဖိတ်စာတောင် မလိုပါဘူးဟယ်၊ ပါးစပ်နဲ့ဖိတ်ရင်တောင် အပြေးလာမှာ"

"မဖိတ်ပါဘူး။ ဘာလို့ ဖိတ်ရမှာလဲ။ ငါနဲ့သူ စကားတောင် ပြောဖူးတာ မဟုတ်ဘူး။ ဘာလို့ ဖိတ်ရမှာလဲ"

"နောက်တဲ့ဟာပါဟယ် နင်ကလည်း။ နင် Two doors ကို သဘောမကျဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

"တကြီးစတိုင်လ်လေးနဲ့ အလန်းဖလားလေးပါဟယ်။ ဘာလို့ မျက်နှာကြီးလွှဲ ခဲကြီးပစ်ရတာတုံး"

"အလန်းဇယား လုပ်စမ်းပါဟယ်"

"ဖလားပါ။ ဇယားဆိုတာက ကောင်မလေးတွေကို ရွှေ့တာ။ ကောင်လေးဆိုတော့ ဇယားမဟုတ်တော့ဘူးဟ။ ဘာလာလာခံပ်မယ့် ဖလားတွေ"

"ဟိ ... ဒိုင်က မိမ္မိ"

"မိဆို မိစု ပြောတာလေ"

"တက်သွားပြန်ပြီ။ ပြန်ချဦး"

"ထားပါတော့ နင်တို့ဒိုင်တွေ၊ ငါ အတည်ပြောမယ်၊ နင် Two doors ကို ဘာလို့ သဘောမကျတာလဲ"

"ပဲများလို့။ ယောကျ်ားလေးတွေ ပဲများလွန်းရင် ကျီပုန်းနဲ့ တူတယ်ဟဲ့။ ကြည့်မရဘူး။ ချစ်ဖို့တော့ ဝေးရော၊ သူငယ်ချင်းတောင် မတော်ချင်ဘူး"





"ဒီခေတ်ကောင်လေးတွေ အကုန်လုံးက အဲဒီလို ကိုရီးယားစတိုင်လ်တွေချည်းပဲလေဟယ်။ နင်တော့ အပျိုကြီးဖြစ်တော့မှာပဲ"

"ဖြစ်ဖြစ်ဟယ်။ အဲဒါမျိုးတွေတော့ မယူနိုင်ဘူး။ နေဦး ... သူနဲ့ပါပါလာတဲ့ တစ်ယောက်ဆို သူ့လို မဟုတ်ဝါဘူး၊ အေးအေးပဲ။ ဒီဗိုင်းကလည်း ယောကျ်ားဆန်တယ်"

"ဟွန့် ... ယောကျ်ားဆန်တာ မဟုတ်ဘူးဟဲ့။ ပုံ့တာ ... ပုံ့တာ။ အစုတ်ဖလားကြီး"

"အေးလေ ... တစ်ခါလာလည်း စွပ်ကျယ်အစုတ်နဲ့လာတာ ကိုများ ယောကျ်ားဆန်နေသေးတယ်"

"နင့် Two doors လို ရာသီဥတုပူပူမှာ အင်္ကျီလက်ရှည်ကျပ်ကျပ်ထုပ်ထုပ်တွေ ဝတ်တာထက်စာရင် အဲဒီစွပ်ကျယ်အစုတ်က တော်သေးတယ်"

"ရွှေရတု ... နင် အဲဒီဖလားစုတ်ကြီးကိုများ သဘောကျနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ငါက သဘောပြောတာပါဟဲ့။ ကြိုက်စရာလား"

"တော်သေးတာပေါ့ဟယ်"

"ကဲ ... တော်ပြီ။ သူတို့အကြောင်း မပြောတော့ဘူး။ ငါ မွေးနေ့ဝတ်စုံကို ဒီဇိုင်နာဆီမှာ အပ်ထားတာ ဝင်ရွေးရ ဦးမယ်၊ ပြန်တော့မယ်"

"အေး ... ငါတို့လည်း နင့်မွေးနေ့မှာဝတ်ဖို့ စီစဉ်ရဦးမယ်၊ ဟိုတယ်မှာ ညပွဲဆိုတော့ တော်ရုံလျော်ရုံ ဝတ်လို့မရဘူး။ ကြိုလည်း မဖိတ်ဘူး"

"ငါတောင် ဒီအစီအစဉ်ကို ညကမှသိတာပါဆို"

"ချုပ်ချိန်တော့ မရတော့ဘူးဟ။ ရယ်ဒီမိတ်ပဲ ရှာဝယ်ရ တော့မယ်"

"ကဲ ... ငါ သွားပြီနော်"

"အေး ... အေး"

ဘဖြူက ကားတံခါးကို အဆင်သင့် ဖွင့်ပေးထား သည်။ ဒီနေ့တော့ Two doors မလာပါ။





"ဘဖြူ ဒီဇိုင်နာမမအိမ် သွားမယ်နော်"

"အေး ... အေး"

ကားထွက်စဉ်မှာပဲ ဖုန်းမြည်လာသည်။ ချစ်လှစွာ သော မေမေကြီး ဆက်တာပါ။

"ရွှေရတု လာနေပြီ မေမေ"

"အေး ... အေး၊ မမဆီမှာ ခဏစောင့် သမီး။ မေမေ ခဏ နေမှ လာလို့ရမယ်၊ ပန္နည်းတစ်ခု ဈေးဖြတ်ပေးနေလို့"

"ဟုတ်ကဲ့ မေမေ"

ဒီဇိုင်နာမမက အဆင်သင့် စောင့်နေသည်။

"သမီးမေကြီး မပါဘူးလား"

"ခဏနေရင် လာလိမ့်မယ် မမ"

"ဟုတ်ပြီ။ အပ္ပလား အအေးလား"

"ရတယ်၊ သမီး မသောက်တော့ဘူး"

"ဒါဆို ခဏနားပြီး fitting ချကြည့်မယ်နော်"

"ဟုတ် ... မေကြီးလာမှပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ ... အိုကေ။ ဒါဆို ဒီမှာ Catalog တွေ ကြည့်နေဦးနော်"

"ဟုတ်ကဲ့ မမ၊ လုပ်စရာရှိတာ လုပ်ပါ။ ရပါတယ်"

"ဒါဆို မ, အထဲခဏ ဝင်လိုက်ဦးမယ်နော်"

"ဟုတ်ကဲ့"

မမမေရောက်လာမှ အင်္ကျီကို fitting ချ၏။ ဆင်စွယ်ရောင် ကိုယ်နဲ့အတိ ဓာဂါဝန်လေးက လုံလုံခြုံခြုံလေးနဲ့နွဲ့နှောင်းလှပလွန်းလှသည်။ ချစ်စရာကောင်းတာထက် ဆွဲဆောင်မှုရှိစွာ လှပနေတာဆိုရင် ပိုမှန်ပါလိမ့်မည်။ လှတာတော့ ရက်ရက်စက်စက်ကိုလှသည်။ ဒါပေမဲ့ ရွှေရတု သိပ်မကြိုက်။ အရမ်းကို စမတ်ကျလွန်းလို့ မကြိုက်တာပါ။ ရွှေရတုက ပေါ့ပေါ့ပါးပါး ဝတ်ပြီး မွေးနေ့ပွဲကို ပျော်ပျော်ရွှင်ရွှင်ပဲ ဖြတ်သန်းချင်သည်။ ဒီဝတ်စုံက ဣန္ဒြေကြီးနဲ့ နေရမယ့် ဒီဇိုင်းမျိုးမို့လို့ မကြိုက်တာပါ။

မမကတော့ ဒီဇိုင်နာပီပီ ...

"အရမ်းလှတာပဲ ရွှေရတုလေးရယ်။ သမီးလေးနဲ့ အရမ်းလိုက်တယ်။ ဘယ်လိုလဲ ရွှေရတုလေး ... ကြိုက်ရဲ့လား"





"ဟုတ်ကဲ့"

ရွှေရတုက တိုတိုတုတ်တုတ်ပဲ တုံ့ပြန်လိုက်သည်။ မေမေကတော့ ...

"လှလိုက်တာ မမရယ်။ ကြိုက်တယ် ... ကြိုက်တယ်။ အရမ်းကြိုက်တယ်။ ဆွဲဆောင်မှုရှိတယ်။ လုံးဝ Elegant လည်း ဖြစ်တယ် သိုင်းကျူး မမရေ ... သိုင်းကျူး"

စသဖြင့် စာစာညည်နေသော မေမေ့စကားလုံးတွေ။

♥ ♣ ♥



www.burmeseclassic.com

www.burmeseclassic.com



မွေးနေ့ပွဲကျင်းပရာ ဟိုတယ်မြက်ခင်းပြင်မှာ မီးရောင်စုံတွေ ပြေးလွှားကာ ရေကူးကန်ရဲ့ စိမ်းပြာရောင်ရေလွှာတွေကလည်း လှုးလှုးလွန့်လွန့်။ စားစရာတွေကလည်း ဘူဖေးပြင်ဆင်ပေးထားတာ အလျှံအပယ်။ သောက်စရာဆိုတာလည်း အရောင်ကို စုံနေသည်။

တန်ဖိုးကြီးပန်းတွေကိုလည်း လှပစွာ ပြင်ဆင်ထားသေးသည်။ Music Band တစ်ခုကလည်း တေးသွားတွေကို စတင်ပျံ့နေပါပြီ။

နာမည်ကြီး အဆိုတော်တွေကလည်း ရောက်နေကြပြီ။





မွေးနေ့ကိတ်ကြီးကလည်း အထပ်ထပ် အဆင့်ဆင့် လှပစွာ ပုံဖော်ထားသော ရောမမွေးနေ့ကိတ်ကြီးပါ။ ဖယောင်းတိုင် ဆယ့်ကိုးချောင်းကို အဆင့်အဆင့် စိုက်ထားသည်။

ဟိုတယ်ရဲ့အခန်းတစ်ခုထဲကနေ ထိုမွေးနေ့ပွဲမြင်ကွင်းကို မြင်နေရပါသည်။ အဲဒီအခန်းထဲမှာ ရွှေရတုတို့သားအမိတွေ အလှပြင်နေပါသည်။ နာမည်ကြီး Makdup Artist တွေ ဝိုင်းဝိုင်းလည်ကာ ပြင်ဆင်ပေးနေကြသည်။

“လှလိုက်တာဟယ် သတို့သမီး ကျနေတာပဲ”

“ဟုတ်ပါတော်၊ မွေးနေ့ပွဲက လျှံပါ”

“အင်း ... တို့များဘဝတွေကျတော့လည်း ဂုန်းလိုက်တာဟယ်၊ ဒီဘဝတော့ ဒီလိုပွဲမျိုး ဟဲနိုင်ဖို့ အရောင်မမြင်ဘူး”

မိန်းမလျှာတစ်သိုက် အားကျနေကြသည်။ ခဏနေတော့ မေမေက စိန်တွေ လာဆင်ပေးသည်။

“မေမေ ရွှေရတု ဒါကြီးတွေ မဝတ်ချင်ဘူး”

“မဝတ်ချင်လို့ မရဘူး သမီးရဲ့။ သူ့ပွဲနဲ့သူ သင့်တော်အောင် ဝတ်ရတာ”



www.burmeseclassic.com

www.burmeseclassic.com



"မေမေဟာတွေက အိုဟာတွေချည်းပဲ။ သမီး စိတ်ကျဉ်းကျပ်လာပြီ။ မွေးနေ့ပွဲဆိုတာ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး လုပ်ရတာပဲ ကောင်းတယ်"

"သမီးလေးရယ် ... ကိုယ့်အနေအထားနဲ့ကိုယ် ဒီလောက်တော့ လုပ်မှပေါ့။ ကဲပါ ... လာ ... လာ ... နားဆွဲလေးဆွဲလိုက်ရအောင်"

"ရွှေရတု စိတ်ညစ်ပါတယ်"

"မိစုနဲ့ အေးမရေ။ သမီးတို့သူငယ်ချင်းကို ကြည့်ပြောကြပါဦး၊ ပျော်စေချင်လွန်းလို့ မွေးနေ့ပွဲကို ခမ်းခမ်းနားနားလုပ်ပေးတာကို သမီးတို့ သူငယ်ချင်းက စိတ်ညစ်နေတယ်"

မိစုတို့လည်း ဘာပြောရမှန်း မသိပါ။ တကယ်ဆို မိစုတို့လည်း ရှိန်နေပါသည်။ မွေးနေ့ပွဲက လိုအပ်တာထက် ပိုနေသလိုကြီး ခံစားရသည်။ မိစုတို့ လူငယ်တွေ ဆိုတာက လွတ်လပ်ပေါ့ပါးတာကို ပိုပြီးသဘောကျကြသည်။

ဖေဖေက ဖုန်းလှမ်းဆက်ပြီး ...





"မေကြီးရေ ... လူစုံပြီ"

"ပြီးပြီ ... ပြီးပြီ ... လာပြီနော်"

သူမတို့ အခမ်းအနားအဝကို ခြေချမိတာနဲ့ Happy Birthday သီချင်းသံက ပျံ့လွင့်လာ၏။ အဆိုတော်မော်ဒယ်လ်မလေးတစ်ယောက်က Happy Birthday သီချင်းကိုဆိုရင်း သူမကို လာတွဲခေါ်သည်။ ဖိတ်ထားတဲ့လူတွေကလည်း များလိုက်တာ။ မော်ဒယ်လ်မလေးက သူမကို စင်မြင့်ထက်က မွေးနေ့ကိတ်ရှိရာသို့ ဆွဲခေါ်သွားသည်။ ရွှေရတု စိတ်ညစ်လိုက်တာနော်။ တကယ်ကို တခမ်းတနားကြီး။ အဲဒီလောက်ကြီး အကုန်အကျခံပြီး ကျင်းပရအောင် ရွှေရတုတို့က အရမ်းကြီးချမ်းသာတဲ့ ဆယ်ဦးစာရင်းလည်း မဝင်ပါ။ ပြီးတော့ ရွှေရတုက Celebrity လည်း မဟုတ်ရ။

မွေးနေ့ကိတ်လှီးမယ့်နားမှာလည်း ရွှေရတု မသိတဲ့သူတွေ အများကြီးပါလား။ ဖေဖေနဲ့မေမေတောင် စင်ပေါ်မှာတက်။ စင်ပေါ်မှာ ရွှေရတုသိတဲ့သူရော မသိတဲ့သူတွေရော၊ ရွှေရတုတို့အရွယ်ကောင်းလေးတွေ၊ ကောင်မလေးတွေ အများကြီးပါလား။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကလည်း သားနားတောက်ပြောင်လိုက်ကြတာ။ လက်လက်ကို တောက်နေတာပဲ။

ရွှေရတုတော့ လိုက်မမီတော့။ ရွှေရတု သူငယ်ချင်း မိစုနဲ့ အိမကူ ထောင့်စွန်းကစားပွဲမှာ ထိုင်နေသည်။

ရွှေရတု စင်ပေါ်ကဆင်းကာ မိစုတို့ဆီသွားတော့ မေမေက ...

"သမီး ... ဘယ်လဲ"

"မိစုတို့ ..."

"ဩော် ... မေမေ လွှတ်လိုက်မယ် သွား ... သွား။ စင်ပေါ်ပြန်တက်။ ပွဲကြီးလုပ်တာ ဣန္ဒြေရှိရှိနေ သမီး။ အတုန်လုံးက သမီးကိုပဲ ကြည့်နေကြတာ"

ရတု ရှုံ့မဲ့မဲ့နဲ့ စင်ပေါ်တက်ကာ ကိတ်မုန့်လှီးဖို့ နေရာယူလိုက်ရတော့သည်။ မိစုနဲ့ အိမ ရောက်တာနဲ့ ကိတ်မုန့်လှီးကာ မိစုနဲ့အိမကို အရင်ကျွေးလိုက်သည်။ ပြီးတော့ အနားမှာရှိသမျှလူတွေကို သိသူတွေရော မသိသူတွေကိုပါ ကိတ်မုန့်တွေခွဲကျွေးရသည်။ လူတွေကများလွန်းလို့ လက်တောင်ညောင်းသည်။





ကိတ်မုန့်လှီးပြီးတော့ ဘုမေးကြိတ်မလို့ အားခဲထားတာ။ ဒါပေမဲ့ အအေးတစ်ခွက်တောင် ဖြောင့်အောင်မသောက်ရပါ။

မေမေဖေနဲ့မေမေက ရှိသမျှ သူတို့မိတ်ဆွေတွေနဲ့ရော၊ အဲဒီမိတ်ဆွေတွေရဲ့ သားသမီးတွေနဲ့ပါ မိတ်ဆက်ပေးတော့သည်။ တစ်ဝိုင်းပြီးတစ်ဝိုင်းကူးပြီး လိုက်နှုတ်ဆက်ရတာ ခေါင်းတောင်မူးသည်။

မေမေတို့ ဧည့်သည်တွေ အကုန်လုံးက စိန်တွေ တဖျပ်ဖျပ်လက်နေအောင် ဝတ်ထားကြတာမို့ မျက်စိတွေတောင် ပြာလာသည်။

မေမေ့ကို တိုးတိုးလေး ကပ်မေးရသည်။

"မပြီးတော့ဘူးလား မေမေရယ်၊ သမီး ခေါင်းတွေမူးလာပြီ"

"ဩော် ... သမီးက ကာယကံရှင်လေ။ ဧည့်ခံရမှာပေါ့"

"သမီးမှ သူတို့ကို မသိတာ။ မေမေ မိတ်ဆက်ပေးတဲ့သူတွေလည်း တစ်ယောက်မှ မမှတ်မိတော့ဘူး မေမေရဲ့။ မေမေ ဖိတ်ထားတာ မေမေ့ဘာသာ ဧည့်ခံပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ... တစ်ဝိုင်း နှစ်ဝိုင်းပဲ ကျန်ပါတော့တယ်။ လာပါ သမီးရယ်၊ လာ ... လိမ္မာတယ်"

"ဟင်း"

ရွှေရတု သက်ပြင်းချမိတာ ဘယ်နှခါမှန်း မသိတော့။ အချိန်တွေ မြန်မြန်ကုန်ပါစေဟု ဆုတောင်းနေမိသည်။ ဟန်ဆောင်ပြုံးရယ်ပြနေရတာလည်း ပါးတွေညောင်းပြီး တစ်ကိုယ်လုံးကို နုံးချိနေပါပြီ။

♥ ♣ ♥





မွေးနေ့ပွဲပြီးတော့ ...။

ရွှေရတုနားကို ချဉ်းကပ်တဲ့သူတွေ ပိုများလာ၏။ အားလုံးကလည်း သူဌေးသားနဲ့ သူဌေးပေါက်စတွေချည်းပဲ။

လူငယ်ချင်း ချဉ်းကပ်တဲ့သူ ရှိသလို လူကြီးချင်း ကမ်းလှမ်းတဲ့သူတွေလည်း ရှိသည်။

ဆင်ထားတဲ့ ခွင်ထဲတော့ ဝင်၏။ ကွက်တိကိုဝင်တာပါ။

ရွှေရတုကတော့ စိတ်ညစ်နေသည်။ ဘယ်သွားသွား လွတ်လပ်မှုကို မရှိတာ။ အမြဲနောက်မှာ တစ်ယောက်မဟုတ် တစ်ယောက်ပါသည်။

ရွှေရတု မိဘတွေကတော့ ပွဲတော်တွေ နေကြသည်။ ရွှေရတုကို ကမ်းလှမ်းနေတဲ့ သားရှင်တွေက ဒိတ်ဒိတ်ကြဲတွေ



www.burmeseclassic.com

www.burmeseclassic.com



ချည်းပဲလေ။ ကမ်းလှမ်းတဲ့ထဲကမှ စိတ်တိုင်းကျ ပြန်ရွေးတာ တောင် ပယ်ရခက်နေသည်။ ရွေးရခက်တာ မဟုတ်။ ပယ်ရခက် တာပါ။ အားလုံးက ရွှေသမက်၊ ငွေသမက်တွေချည်းပဲဆိုတော့ ပယ်ရခက်ကာ ရွေးချင်စရာတွေချည်းပဲ ဖြစ်နေပါသည်။

သဘောအကျဆုံးတွေ ရွေးထုတ်တာတောင် ဆယ် ယောက်လောက် ထွက်လာသည်။ သမီးကို ပြကြည့်ဖို့ပါ။

ရွှေရတုကိုပြတော့ ရွှေရတုက အကုန်လုံးကို ခါးခါး သီးနေသည်။

"သမီးရယ် ... ဘာလို့ ဒီလောက်ငြင်းနေတာလဲ။ ဘာများ ငြင်းစရာရှိလို့လဲ။ မေမေတို့ဆို သဘောကျလွန်းလို့ ဘယ် သူ့ရွေးလို့ ရွေးရမှန်းတောင် မသိဘူး"

"သမီးကတော့ သဘောမကျဘူး၊ သမီးကို မေမေတို့က လေလံတင်တယ်။ သူတို့က လေလံပိုင်းဆွဲကြတာလေ။ သမီးက ပရိုမိုးရှင်းလုပ်ရမယ့် ပစ္စည်းမဟုတ်ဘူး မေမေ။ စိန်တွေ ရွှေတွေ အခမ်းအနားတွေ ချပြမှ ရလာတဲ့ ကမ်း





လှမ်းမှုတွေကို အထင်လည်းမကြီးဘူး။ စိတ်လည်းမဝင်စား ပါဘူး မေမေရဲ့"

"တော်စမ်း သမီး၊ ခုခေတ်မှာ လူတိုင်း ဒီလိုလုပ်နေတာ။ ဒီလိုချပြမှလည်း သမီးကို သိကြမှာ။ သမီး သင့်တော် ကောင်းမွန်တဲ့လူနဲ့ အိမ်ထောင်ကျဖို့အတွက် မေမေ ဒီမွေး နေ့ပွဲ လုပ်ခဲ့တာ"

"အရမ်းရှက်ဖို့ ကောင်းတယ်"

"ဒါ လူတိုင်းလုပ်နေတာလို့ မေမေ ပြောပြီးပြီ။ ရှက်ဖို့ မကောင်းပါဘူး။ ခေတ်မီတဲ့လူတိုင်း ဒီလိုပဲ လုပ်ကြတယ်။ ရှက်စရာ မဟုတ်ဘူး။ အေး ... သမီး မသင့်တော်တဲ့သူနဲ့ မဖွယ်မရာဖြစ်မှ ရှက်စရာကောင်းတာ။ အဲလိုမဖြစ်ရအောင် ခုတည်းက သင့်တော်တဲ့သူနဲ့ စေ့စပ်ပေးထားမှာ။ သမီး လည်း လုံးဝကို လက်ခံရမယ်၊ ရော့ ... ဒီဆယ်ယောက်ထဲ က ကြိုက်တဲ့သူကိုရွေး၊ ဆယ်ယောက်လုံး Over perfect တွေချည်းပဲ



www.burmeseclassic.com

www.burmeseclassic.com



သမီး သိချင်တာရှိရင် မေမေ့ကိုလာမေး။ သမီးကိုယ်တိုင် စုံစမ်းလေ့လာချင်ရင်လည်း အချိန်တစ်လပေးမယ်။ သူတို့ထဲက တစ်ယောက်တော့ မေမေ့သမက် ဖြစ်ကိုဖြစ်ရမယ်”

စိတ်ကုန်လိုက်ပါဘိနော်။ မေမေက မဟားဒယားကြီး အမိန့်ပေးကာ ထွက်သွားပြီ။ ရွှေရတု သိပ်စိတ်ညစ်ပါသည်။ မေမေတို့ရဲ့ပူပန်မှုကို ရွှေရတု နားလည်ပေးလို့ရပါသည်။ ဒါပေမဲ့ ဈေးကွက်အိမ်ထောင်ရေးကြီးကိုတော့ မုန်းသည်။

ပြီးတော့ ရွှေရတု အသက်ငယ်ပါသေးသည်။ အိမ်ထောင်ရေး ဆိုတာကြီးအတွက် တစ်လအတွင်း မဖြစ်မနေ ရွေးချယ်စရာမှ မလိုတာ။

ရွှေရတု စိတ်ညစ်ညစ်နဲ့ အခန်းထဲ ခွေနေတုန်း ...

“ရွှေရတုလေး ... ဆရာက လာခဲ့ဦးတဲ့၊ ညှော်ခန်းထဲမှာ စောင့်နေတယ်”





အိမ်ဖော်ဒေါ်စိုး လာခေါ်သံကို စိတ်ညစ်သွား၏။ အမေ့ကိုတော့ မေမေ့လို ပြန်မပြောရဲပါ။ ဖေဖေ ဘာတွေပြောဦးမလဲ မသိ။

ညှော်ခန်းထဲမှာ သီးစုံအချိုပွဲနဲ့ စောင့်နေ၏။

“လာ ... သမီးလေး၊ အသီးစားရအောင်”

မေမေလည်း ရှိနေသည်။ ရွှေရတု သိလိုက်ပါပြီ။ မွေးနေ့ပွဲကို ဒီလောက် အကုန်အကျခံပြီး စီစဉ်တာ တော်ရုံတန်ရုံတော့ မဟုတ်။

ဖေဖေတို့က ရွှေရတုကို မဖြစ်မနေ ကြင်ဖက်ရှာပေးကြမယ့် သဘောထားတွေကို အထင်းသား မြင်နေရ၏။

“လာ ... ထိုင်၊ သမီး”

ရွှေရတု ဝင်ထိုင်လိုက်တော့ ဖေဖေက ရွှေရတုကို ပန်းသစ်တော်တစ်စိတ် လှမ်းပေးသည်။ ဖေဖေတို့မေတ္တာတရားတွေကို သိပါတယ်။ ဒါပေမဲ့ ဘဝတစ်ခုကို ပုံအော်ရှိအတွက် အတင်းကြီး အနားသတ်ပေးတာကတော့ အဆင်သိပ်မပြေ။



www.burmeseclassic.com

www.burmeseclassic.com



"သမီး ... သမီး မမေ ပြောတာကို ခေါင်းထဲသေချာထည့်ပါ။ ဖေဖေတို့ဘာသာ မရွေးချယ်ဘဲ သမီးကိုရွေးချယ်ခွင့်ပေးထားတယ်နော်။ သဘောပေါက်တယ်နော်"

"ဒါဆိုလည်း သမီး အိမ်ထောင်ဖက်ကို သမီးဘာသာ လုံးဝရွေးချယ်ခွင့် ပေးပါလား ဖေဖေ"

"သမီးဘာသာ ရွေးချယ်ဖို့က သမီး သိပ်ငယ်သေးတယ်။ မှားမှာစိုးတယ်။ အခု ဖေဖေတို့ ရွေးပေးထားတာတွေက မညံ့ပါဘူး သမီး။ အဲဒီ ဆယ်ယောက်ထဲက တစ်ယောက်ကိုရွေးပါ။ ဒါ ဖေဖေ့အမိန့်ပဲ"

ရွှေရတု မျက်ရည်ပေါက်ခနဲ ကျသည်။

"သမီးက အိမ်ထောင်ရေးကို လုံးဝကို စိတ်မဝင်စားတာ ဖေဖေရဲ့။ ခံစားချက်မရှိဘဲ ဘယ်သူ့ကိုမှ မရွေးချင်ဘူး"

"ခံစားချက်ဆိုတာ ခံစားနေရတုန်း အခိုက်ပဲ effect ဖြစ်တာပါ သမီး။ ခံစားချက်နောက်ကို မလိုက်သင့်ဘူး။ လူဆိုတာ လုပ်ချင်တာထက် လုပ်သင့်တာကို သိတဲ့လူမှ ဘဝမှာ နေပျော်တာ။ သမီး တစ်သက်လုံး ပျော်ရဖို့





ဖေဖေတို့က စီစဉ်တာပါ။ ငါ့သမီးက ချောတယ်၊ ချမ်းသာတယ်။ အဲဒါကြောင့် သမီးနောက်ကို သိုက်လိုက်လာမယ့်သူတွေ ဘယ်နှယောက်ရှိမလဲ သမီး သိလို့လား။ သမီးအပေါ် ဖေဖေတို့လောက် ချစ်နိုင်တဲ့သူ ရှိပါ့မလား။ သမီးကောင်းစားဖို့ကို အလိုလားဆုံးက ဖေဖေနဲ့ မေမေပဲ။ အဲဒါကြောင့် ဖေဖေတို့ စေတနာကို နားလည်ပါ သမီးရယ်"

ချော့ချော့မော့မော့ မပြောတတ်တဲ့ ဖေဖေက ခုလိုပြောလာတော့ ရွှေရတု ခေါင်းတွေက အလိုလို ညိတ်မိလျက်သားပေါ့။

ကဲ ... ဆယ်ယောက်တဲ့။ ရွေးရဦးမှာပေါ့၊ ဒါပေမဲ့ ဓာတ်ပုံကြည့်ရွေးလို့ကတော့ မဖြစ်ဘူး။ အပြင်မှာ မြင်ဖူးဦးမှလည်း ဖြစ်မှာပေါ့။

"ဟူး"

♥ ♣ ♥



www.burmeseclassic.com

www.burmeseclassic.com



ရွှေရတုမေမေက ခေတ်မေမေပါ။ ရွှေရတု ထိုဆယ်ယောက်ကို အပြင်မှာ အကဲခတ်ချင်သည်ဆိုတော့ အိမ်ကိုထမင်းစားဖိတ်ပေးမတဲ့။

ရွှေရတုက သူတို့မသိအောင် အကဲခတ်ချင်တာ။ ဒီတော့ ရွှေရတုရဲ့ ခေတ်မေမေ ဘာလုပ်တယ် ထင်ပါသလဲ။

ရွှေရတုကို လိုက်ပြပေးတယ်။ သားအမိနှစ်ယောက် နိုးကြောင်နိုးဂှက် လိုက်ချောင်းကြတာပေါ့။

လူတစ်ယောက်ကို အကဲခတ်ဖို့အတွက် အချိန်တစ်လဆိုတာက အရမ်းကို နည်းပါသည်။

ထိုတစ်လအတွင်းမှာ ရွှေရတု စစ်ထုတ်လိုက်တာ သုံးယောက်ပဲကျန်သည်။ ကျန်တဲ့ခုနစ်ယောက်က ရုပ်ရည်ကို





မကြိုက်တာနဲ့၊ ဒီဇိုင်းကို မကြိုက်တာနဲ့ စသဖြင့် တစ်ယောက်ပြီး တစ်ယောက် ပြုတ်သွားတာပါ။ သုံးယောက်ကိုတော့ ရွေးရခက်နေပါသည်။

ခံစားကြည့်တော့လည်း လုံးဝခံစားလို့မရ။ အပြစ်ရှာကြည့်တော့လည်း ထူးထူးခြားခြား ရှာမတွေ့။

လကုန်တော့ ...

"ကဲ ... သမီးလေး၊ ဘယ်လိုလဲ"

"ဒီသုံးယောက်တော့ မဆိုးပါဘူး၊ ဒါပေမဲ့ ဒီသုံးယောက်ထဲက ဘယ်သူ့ကိုရွေးရမှန်း မသိဘူး"

"ဒါဆို သူတို့သုံးယောက်ကို တစ်ရက်စီ ထမင်းဖိတ်ကျွေးလိုက်မယ်လေ သမီး။ စကားပြောကြည့်ပေါ့"

"မသိတော့ဘူး။ မေမေတို့ ကြိုက်သလိုသာ လုပ်ကြပါတော့"

ဘာဗီလင်မှ မလာတာကို မဖြစ်မနေ ရွေးခိုင်းနေတော့ ခက်သားပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေကိုလည်း မပြောပြရဲဘူး။ ရှက်လို့။ ရွှေရတု မဖြစ်မနေ အိမ်ထောင်ဖက် ရှာနေတယ် ဆိုတာကြီးက ဘယ်လောက်ရုပ်ဆိုးသလဲကွယ်။

ရွှေရတု ရွေးထားသော သုံးယောက်ကို တစ်ရက်စီ ထမင်းဖိတ်ကျွေးသည်။ ကလေးတွေအချင်းချင်း အကဲခတ်လို့ရအောင်တဲ့။ ခေါင်းစဉ်က မယုတ်မလွန်ဆိုတော့ အဆင်တော့ပြေပါသည်။ ဒါပေမဲ့ ရွှေရတု မျက်နှာတော့ ပူသည်။

သုံးယောက်လုံးက မွန်မွန်ရည်ရည် တည်တည်ကြည်ကြည်ပါပဲ။ ပြီးတော့ သုံးယောက်လုံး ရွှေရတုကို ချစ်သတဲ့။

တွေ့ကြည့် ဆုံကြည့် စကားပြောကြည့်တော့လည်း ရွှေရတု ဘယ်သူ့ကိုမှ ခံစားလို့မရ။ ဘယ်သူ့ရွေးလို့ ရွေးရမှန်းလဲမသိ။

"သုံးယောက်လုံးက အဆင်ပြေပါတယ်။ သမီး ဘယ်သူ့ကို ရွေးရမှန်း မသိဘူး။ မဖြစ်မနေ ရွေးပေးဆိုရင်တော့ သမီး မျက်စိမှိတ်ပြီးရွေးမှ ရတော့မယ်"





"ဒါဆို ဒီသုံးယောက်ထဲက တစ်ယောက်ကို ဖေဖေတို့ရွေးပေးမယ်"

"ကြိုက်သလိုသာလုပ်ပါ ဖေဖေ"

စိတ်ကုန်လိုက်လေခြင်း။ နောက်ဆုံးတော့ ကောင်းထက်ပြည့်စုံ ဆိုတဲ့ ဆေးကျောင်းသားကို ဖေဖေတို့က ရွေးချယ်လိုက်ကြတယ်၊ ကောင်းထက်ရဲ့ မိဘနှစ်ပါးစလုံးကလည်း အထူးကုဆရာဝန်ကြီးတွေပဲ။ ပြီးတော့ သူတို့ပိုင်တဲ့ အထူးကုဆေးရုံ၊ ဆေးကုမ္ပဏီ၊ ဆေးရုံသုံးပစ္စည်းတွေ၊ စက်ကိရိယာတွေတင်သွင်းတဲ့ ကုမ္ပဏီ စသည်ဖြင့် ဆေးလောကကို အုပ်စိုးကာ ကြီးပွားချမ်းသာနေကြပါသော မိသားစု။ အဲဒီမိသားစုရဲ့ တစ်ဦးတည်းသော အမွေဆက်ခံမည့် ဆရာဝန်လောင်း ကောင်းထက်ပြည့်စုံ။

ရွှေရတုတို့ဘက်က ခေါင်းညိတ်လိုက်တာနဲ့ ကောင်းထက်ပြည့်စုံတို့က စေ့စပ်ပွဲကို အကြီးအကျယ် အခမ်းနားဆုံး ကျင်းပပေးမည်တဲ့လေ။ ရွှေရတုမိဘတွေရဲ့အပြုံးမှာ ပျားရည်တွေ စမ်းလို့ပေါ့။

♥ ✤ ♥



www.burmeseclassic.com

www.burmeseclassic.com



ရွှေရတုတို့ စေ့စပ်ပွဲကြီးက ခမ်းနားလွန်းလှသည်။ မင်္ဂလာဆောင်ခဲ့ပွဲတွေထက်တောင် ခမ်းနားသေးသည်။

"မိုးရေ ... မင်္ဂလာပွဲဆိုရင် ဒီထက်သာအောင် လုပ်မှရတော့မယ်"

"ဟုတ်ပါ့ မမစိမ့်ရယ်၊ လုပ်ရင်း လုပ်ရင်းနဲ့ အရမ်းကြီး ခမ်းနားသွားတာ"

"လုပ်ရမယ်လေ မိုးရဲ့၊ မစိမ့်မှာ ဒီသားတစ်ယောက်တည်း ရှိတာ၊ ပြီးတော့ ရွှေရတုလေးလို သမီးလေးကို ဒီလောက် ချီးမြှင့်မှ ဖြစ်မှာပေါ့"

"ကျေးဇူးပါပဲ မမစိမ့်ရယ်၊ မိုးသမီးလေးကို ချစ်ပေးလို့"





"ချစ်တယ် ... ချစ်တယ်၊ ဒီခေတ်မှာ ဒီလိုရိုးသားဖြူစင်တဲ့ ချွေးမမျိုးရဖို့ လွယ်တော့တာ မဟုတ်ဘူး ... ဟင်း ဟင်း"

"မိုးတို့ကလည်း သားကို ချစ်ပါတယ်နော်။ သူ့အဖေဆို သားယောက်ျားလေး သိပ်လိုချင်တာ၊ ခုမှ ဆန္ဒပြည့်တာ ဟင်း ဟင်း"

"ဟုတ်ပါ့ ... ဟုတ်ပါ့"

ကောင်းထက်ပြည့်စုံကလည်း ရုပ်ဖြောင့်ပါ၏။ ရွှေရတုနဲ့ ရှေ့သွားနောက်လိုက် ညီလွန်းလှပါ၏။ စိန်ချင်းထပ်တဲ့ ပွဲမို့ ခမ်းနားတောက်ပလွန်းလှပါ၏။

ကောင်းထက်ပြည့်စုံကလည်း ရွှေရတုကို ဂရုစိုက်လွန်းလှပါ၏။ မပျော်နိုင်တာက ရွှေရတုတစ်ယောက်တည်းပါ။ ရွှေရတု လုံးဝမသာယာပါ။ မပျော်ရသည့် ပြစ်ချက်လည်း မရှိပါ။ အဓိကခံစားချက်က မချစ်သောသူနှင့် စေ့စပ်ရလို့။ အချစ်မပါတဲ့ လက်ထပ်ပွဲမို့လို့ စိတ်ညစ်တာ။ ဒါပေမဲ့ မချစ်တဲ့သူနဲ့ လက်ထပ်ရလို့ဆိုပြီး ဝမ်းသာနည်းတာ။ ယနေ့ထိ ချစ်သူရည်းစား ရှိခဲ့ဖူးတာလည်း မဟုတ်ပါဘဲ ဝမ်းနည်းနေတာ။



www.burmeseclassic.com

www.burmeseclassic.com



စေ့စပ်ပွဲကိုကြည့်ပြီး မိစုနဲ့ အိမတို့တောင် အားကျနေကြသည်။

"မွေးနေ့ပွဲကို ဟဲဗီးကြီးလုပ်တာ မကြိုက်ပေမယ့် ခုလို စေ့စပ်ပွဲမျိုးကိုတော့ မိန်းကလေးတိုင်း မျှော်လင့်တယ်ဟ။ အိပ်မက်နဲ့ဘဝ တစ်ထပ်တည်း မကျကြလို့သာ ဖြစ်လာသလောက်အခြေအနေနဲ့ ရောင့်ရဲကြရတာ။ ဖြစ်နိုင်မယ်ဆိုရင် ခုလို ခမ်းခမ်းနားနားကြီး မင်္ဂလာဆောင်ချင်တာပါဟယ် ... ဟိ ဟိ"

"မိစုတို့ သွားရည်တမြားမြားနဲ့"

"အောင်မာ ... အေးမစုတ်၊ နင်ရော သွားရည်မကျလို့လား"

"ငါက နင့်ထက် ပိုကျနေတာဟ ... ခိ ခိ"

သူငယ်ချင်းတွေတောင် ပျော်နေကြသည်။ သူမတစ်ယောက်ပဲ မပျော်နိုင်တာပါလား။

စေ့စပ်ပွဲပြီးတော့ ကောင်းထက်ပြည့်စုံက သူမနဖူးကို ဖွဖွကလေးနမ်း၏။ သူမ ထိုအနမ်းကြီးကိုလည်း မနှစ်မြို့။ ဒုက္ခပါပဲနော်။





"သဲလေး ... ကိုယ့်ကို ဘယ်လိုခေါ်မှာလဲ"

"မသိဘူး"

"မရဘူး၊ တစ်ခုခုတော့ ခေါ်ရမယ်"

"ကိုကောင်းထက်လို့ ခေါ်မယ်လေ"

"အဲဒီထက်ပိုပြီး နူးညံ့ပေးလို့ မရတော့ဘူးလား"

"ဒုက္ခပါပဲ"

ရင်မခုန်ပါဘူးဆိုမှ လာညုနေတော့ စိတ်တွေအိုက်နေသည်။

"ရှက်နေတာထင်တယ်။ ရွှေရတုဆိုတဲ့ ကောင်မလေးကို ကိုယ်ကတော့ အရမ်းချစ်တယ်ကွာ။ ကိုယ်ပိုင်ဆိုင်ခွင့်ရတဲ့အတွက်လည်း အတိုင်းမသိ ဝမ်းသာတယ်"

"မပိုင်ပါဘူး၊ စေ့စပ်ရုံပဲ ရှိသေးတာ"

"မနောက်နဲ့နော်၊ ပိုင်ဖို့အတွက် ဆိုင်ထားပြီးပြီ"

"ဟွန့်"

"သဲလေး ကိုယ့်ကို ချစ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မချစ်ပါဘူး"

"ဟင်"

"ဟို ... လူကြီးတွေက သဘောတူလို့ စေ့စပ်ကြတာလေ။ ကိုယ်ကောင်းထက်နဲ့က ချစ်သူတွေမှ မဟုတ်တာ"

"အေးပေါ့၊ ဒါပေမဲ့ ကိုယ်ကတော့ ချစ်တယ်၊ ရွှေရတု ချစ်လာမယ့်နေ့ကိုလည်း စောင့်ပါ့မယ်"

ရွှေရတု ဘာမှမပြောမိ။ သူ့ကို မြန်မြန်ပြန်စေချင်မိသည်။ သဘောမကျတော့ အနားမှာ ရှိတာကိုလည်း စိတ်ကျဉ်းကျပ်သလို ခံစားရသည်။

သူက ရွှေရတုလက်ဖဝါးကို ဖွဖွလေးကိုင်ပြီး ...

"မင်္ဂလာမဆောင်ခင် ကိုယ့်ကို ချစ်လာအောင် ကြိုးစားရမယ်"

ရွှေရတု ခေါင်းငုံ့ထားမိသည်။ ခုလို ဖြစ်နေတဲ့အတွက် သူ့ကိုလည်း တကယ် အားနာပါ၏။ တကယ်ဆို ကိုယ့်ဘက်က သူနဲ့လက်ထပ်ဖို့ လိုလိုလားလား ယက်ခံခဲ့တာပါလေ။





ရွှေရတုရဲ့ဘဝကို ဒီယောကျ်ားဆီ အပ်နှင်းဖို့ ဒီနေ့ လူသိရှင်ကြား ကတိပြုပြီးသားလေ။ ဒါကို ထိတာ မကြိုက်တာ ကိုင်တာမကြိုက်နဲ့ အနားက ထွက်ပြေးချင်စိတ် ပေါက်နေမိတာ ဒုက္ခ။ သူ့အတွက် မကောင်းသလို ကိုယ်သည်လည်း တော်တော်စိတ်ဒုက္ခရောက်နေပါပြီ။

"ဟူး"

သူ မသိအောင်ချမိတဲ့ သက်ပြင်းက လည်ချောင်းဝ ဆင်၊

♥ ♣ ♥



www.burmeseclassic.com

www.burmeseclassic.com



ရွှေရုတ်တို့ ဈေးစပ်ပွဲသတင်းက သထင်းစာမှာ စာမျက်နှာအပြည့် ပါလာ၏။ စာလုံးအကြီးကြီးတွေနဲ့ ဟည်းဟည်းထနေသော ဈေးစပ်ပွဲကြော်ငြာကြီး။

နတ်သျှင်နောင်တစ်ဆောင်လုံး အုန်းအုန်းကျွက်ကျွက် ဖြစ်သွားသည်။

ကောင်းထက်ပြည့်စုံကို သိပ်မသိကြပေမယ့် ကောင်းထက်ပြည့်စုံရဲ့ မိဘတွေနဲ့ ကောင်းထက်ပြည့်စုံ စီးပွားရေးလုပ်ငန်းစုကိုတော့ သိကြသည်။

ရွှေရုတ်နဲ့ စေ့စပ်တဲ့သူဟာ နတ်သျှင်နောင်အဆောင်က ယောကျ်ားတွေထက်တော့ အဆပေါင်းများစွာ သာနေသည်လေ။





ထိုအခါမှ နတ်သျှင်နောင်က အချစ်သူရဲကောင်းကြီးတွေက သူတို့အနေအထားကို သူတို့ ကောင်းကောင်းသဘောပေါက်သွားကြသည်။ သူတို့ဟာ ရွှေရုပ်ကလေးလိုလှတဲ့ ရွှေရုတ်ကို တကယ်ချစ်ကြတာပါ။ ဒါပေမဲ့ တော်ဝင်နတ်သမီးက သူတို့အနေအထားနဲ့ အလှမ်းဝေးသွားပြီ။

ငွေတဲ့သူကငွေ၊ ငိုင်တဲ့သူကငိုင်၊ သက်ပြင်းချတဲ့သူကချ။

မုဆိုးဖိုကိုကိုကြီးက ခေါင်းတခါခါနဲ့ သက်ပြင်းချသည်။

မာစီဒီးစ်ယရှိဂျူဆာက ...

"အဲဒီလောက်တော့ ငါလည်း လုပ်ပေးနိုင်ပါတယ်ကွာ"

ရှိုင်းထွန်းကတော့ ဆေးကျောင်းသားချင်းမို့ ကောင်းထက်ပြည့်စုံကို သိပါသည်။ သူ့ ဘယ်လိုမှ ယှဉ်လို့မရသောသူပါ။

နတ်သျှင်နောင်အတွက် ရွှေရုတ်ဟာ တထုတလျှော မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးဖိုက ထိုနေ့က အရက်တွေသောက်လာကာ ကိုသိင်္ဂါကို ရစ်နေသဖြင့် ကိုသိင်္ဂါ ထိုညက အပြင်ထွက်အိပ်ရသည်။

ပရိဂျူဆာကတော့ ထိုညကပဲ အဆောင်ကထွက်သွားသည်။

ရှိုင်းထွင့်ကတော့ မစားနိုင် မအိပ်နိုင် တငိုင်ငိုင်နဲ့။

စေ့စပ်ပြီးသား မိန်းမတစ်ယောက်ကို ဆက်ချစ်ဖို့ကြတော့ ရင်ခုန်သံတွေ နည်းနည်းထစ်သွားသည်။

ညီညီသစ်က ရှိုင်းထွင့်ကို အားပေးပါ၏။

"ဒါပဲကွ ... မိန်းမလှတွေ ပေးတဲ့ဒုက္ခ။ မင်း ကံကောင်းတယ်မှတ်။ အဲဒီ ကောင်းထက်ပြည့်စုံ ဆိုတဲ့ကောင်က မင်းထက်ပိုပြီး ကံဆိုးသွားပြီ"

"အရေးထဲ မင်းကတစ်မျိုး၊ ရွှေရတုကိုပိုင်တာ ကံဆိုးတာလားကွ"

"ဟ ... ဆိုးတာပေါ့။ လှတဲ့မိန်းမကိုပိုင်တာ ကံဆိုးတာပဲ။ ပိုလှလေ၊ ပိုကံဆိုးလေပဲကွ။ မှတ်ထား"





"ကျွတ်ညစ်ကပါ ရဲ့ မင်းကတစ်မျိုး၊ အေးဆေးညစ်ပါရစေကွာ၊ ဒိုင်တွေ လာလာမထည့်စမ်းပါနဲ့"

"မင်း ဖြေသာအောင် ပြောတာကွ၊ မကြိုက်လည်း သေကွာ၊ ငါကတော့ ပြောမှာပဲ၊ ရုပ်လှတာ ဘာလုပ်စားလို့ရလဲ၊ စိတ်လှမှ ထာဝရအလှကွ၊ ရုပ်ဆိုတာ ရေဖုံးလာရင် တရားရှုစရာကြီး ဖြစ်သွားမှာ"

"မင်း အိပ်မှာမို့လား၊ အိပ်တော့၊ ရှိခိုးပါတယ်ကွာ၊ အေးဆေး အသည်းကွဲပါရစေ"

"တော့"

"အေး ... တုံးတယ်ကွာ၊ တုံးပါရစေ"

ညီသစ် ဘာမှမပြောဘဲ ဟိုဘက်လှည့်ကာ တခေါ ခေါ အိပ်သွားသည်။ ရှိုင်းထွင့်က ရွှေရတုတို့အိမ်ဘက်ကို ငေး ငေး တွေးနေမိသည်။

ကောင်းထက်ပြည့်စုံနဲ့ ရွှေရတုက သမီးရည်းစား တွေတော့ မဖြစ်နိုင်။ ဘာလို့လဲဆိုတော့ သူ ရွှေရတုနောက်



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



တကောက်ကောက်လိုက်နေတာ ကြာပြီ။ တစ်ခါမှ ကောင်းထက်ပြည့်စုံနဲ့ တွဲပြီးမတွေ့ဖူးဘူး။

မိဘတွေ သဘောတူတာပဲ ဖြစ်ရမည်။ သူ့လက်တွေက ရွှေရတုရဲ့ဖုန်းနံပါတ်တွေကို ဘယ်အချိန် ဘယ်လိုနှိပ်မိသွားမှန်းမသိ။

ရွှေရတု မကိုင်မှန်းသိရက်နဲ့ ဖုန်းခေါ်မိတာ ဘယ်နခါမှန်း မသိတော့။ ဖုန်းမကိုင်တော့ messages တွေ အားရပါးရ ပို့နေမိသည်။ စကားမပြောရဲ၍ မျက်နှာချင်းဆိုင် စကားလေးတစ်ခွန်းတောင် မပြောနိုင်ခဲ့ဘူး။ သူပို့တဲ့ messages တွေကို ရွှေရတု တွေ့ပါသည်။ ဒါပေမဲ့ မဖတ်ဖြစ်တော့ဘဲ ဖျက်ပစ်လိုက်သည်။

ဖတ်စရာ မလိုတော့သလို ဖတ်ခွင့်လည်း မရှိတော့ဘူး။

ရွှေရတုက ကောင်းထက်ပြည့်စုံကို ချစ်သည်ဖြစ်စေ၊ မချစ်သည်ဖြစ်စေ သစ္စာရှိရတော့မည်လေ။ ရွှေရတုက သူ့ရဲ့ ဇနီးလောင်း ဖြစ်နေပြီလေ။





ဝင်လာသမျှ message လေးတွေကို ဒိုင်ခံဖျက်နေမိသည်။ facebook တောင် ကြည့်ချင်စိတ် မရှိတော့။

အခန်းတံခါးပိတ်ကာ Air-con ကို အအေးဆုံးဖွင့်ကာ စောင်ခေါင်းမြီးခြုံပြီး ငြိမ်နေမိသည်။ ဘာကိုဝမ်းနည်းမှန်းမသိဘဲ မျက်ရည်တွေ တအိအိကျလာသည်။ အားပါးတရ ငိုချင်စိတ်လည်းမရှိ။ ဒီလိုပဲ မျက်ရည်တွေက ကျနေတာ။ ဝမ်းနည်းနေတာ။ ချစ်သူမရှိဘဲ အသည်းကွဲသလိုလိုလည်း ခံစားနေရတာ၊ ရင်ထဲမှာ ဟာတာတာကြီးနဲ့လေ။

♥ ♣ ♥



www.burmeseclassic.com

www.burmeseclassic.com



ကောင်းထက်ပြည့်စုံက ညနေစောင်းတိုင်း လာတွေ့ပါသည်။ တစ်ခါတလေလည်း သူမကိုခေါ်ပြီး အပြင်မှာ မုန့်ထွက်စားတာမျိုး။ ဒင်နာထွက်စားတာမျိုးတွေလည်း လုပ်လေ့ရှိသည်။

မေမေက ပြောတယ်။

မြင်ပါများရင် ကြင်နာသွားမှာပါ သမီးရယ်တဲ့။

ရွှေရတုလည်း ကြင်ချင်ပါတယ်။ မကြင်လို့ ခက်နေတာ။

ကြင်နိုင်အောင် ကြိုးစားရင်းနဲ့ကို ချဉ်ချဉ်နေလို့ ခက်နေတာ။

ချဉ်တာက ကောင်းထက်ကိုမဟုတ်။ ကိုယ်ကိုယ်ကိုယ်ချဉ်တာ။ ဆုံးမလို့မရတဲ့ ကိုယ့်စိတ်ကို ချဉ်တာ။





ကောင်းထက် စာမေးပွဲရက်ကတော့ မလာနိုင်။ သူမလာနိုင်၍ သူမကို လှမ်းခေါ်သေးသည်။ သူမ မသွားဖြစ်ပါ။

ဒီလိုနဲ့ တစ်ရက်မှာ ဖေဖေနဲ့ မေမေ နေပြည်တော်မှာ ကျင်းပတဲ့ ကျောက်မျက်ရတနာပွဲသို့ နေ့ချင်းပြန် ထွက်သွားကြသည်။ ကောင်းထက်ကလည်း စာမေးပွဲရက်ဆိုတော့ မလာနိုင်။ ရွှေရတု ရရှိတဲ့ ရွှေရည်စိမ် လွတ်လပ်ရေးအတွက် အရမ်းအရမ်းကို ပျော်သွား၏။

တစ်ရက် လွတ်လပ်ခွင့်ရလည်း မနည်းဘူး။

ရွှေရတု ဆိုတာက ခပ်ကဲကဲထဲကတော့ မ( )ပါ။ ဒါပေမဲ့ ရရှိတဲ့ လွတ်လပ်ခွင့်ကို အဆုံးရှုံးမခံချင်။ ချုပ်ချယ်ခံရလွန်းလို့ပဲ ပိုပြီးပေါက်ကွဲချင်တာလား မသိ။ ရွှေရတု ဒီတစ်ရက်တော့ ထင်တိုင်းကြဲပစ်လိုက်မည်။

ရွှေရတုသည် သနပ်ခါးကို ပုံဆိုးပန်းဆိုးကြီးဖြစ်အောင် ဘဲကျားရိုက်ပစ်သည်။ ပြီးတော့ လက်တွေ ခြေထောက်တွေကို အညိုရောင်ပေါင်ဒါမှုန့်နဲ့ Lotion တွေ ရောလိမ်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ဝတ်လက်စားတွေ အကုန်ချွတ်ကာ နားပေါက်ကပေါင်းလောင်း။

ပြီးတော့ ဖေဖေ့ရှပ်အင်္ကျီအဟောင်းအစုတ် တစ်ထည်ကို ယူဝတ်ကာ လက်ခေါက်တင်လိုက်သည်။ ဖေဖေက ခပ်ပိန်ပိန်မို့ အင်္ကျီက အရမ်းကြီးပွမနေ။ မေမေ့ပါတိတ်ထဘီ တစ်ပတ်နွမ်းတစ်ထည်ယူဝတ်လိုက်သည်။ မှန်ထဲမှာ ...

အသားခပ်ညိုညိုနဲ့ တောသူမတစ်ယောက်ပုံ ပေါ်လာသည်။

အဲထပ်အထပ်တွေ ညှပ်ထားတဲ့ ဆံပင်ပုံလှလှလေးကို စုစည်းပြီး ဆွဲလိမ်ကာ ဘီးဖြင့်ပတ်ပစ်လိုက်သည်။ ပြီးတော့ ဆံပင်အတုစွပ်။

ရွှေရတု ကိုယ့်ကိုယ်ကိုယ်တောင် မမှတ်မိတော့။ ကတ္တီပါဖိနပ်အစုတ်လေးစီးတော့မှ ပြဿနာတက်တာ။ အပွင့်ဖော်ပြီး လှပစွာကျော့ကစီထားသော ရွှေရတုရဲ့ခြေသည်းတွေ ကော့ဖျနေသည်။





ကျောက်တွေကပ်ထားတာမို့ ဆိုင်မှာသွားဖျက်မှဖျက်တော့မှာ။ ပြင်ထားသမျှ ဘာမှလုပ်လို့မရတော့။ ရွှေရတုတာအပြင်ထွက်မလို့ လုပ်နေတာ။

နောက်တော့ ကြံရာမရဖြစ်ကာ ခြေသည်းတွေအကုန်လုံးကို ပလာစတာဖြင့် ပတ်ပစ်လိုက်သည်။

ရွှေရတုမှာ ဒီတစ်ရက်ပဲ အချိန်ရတာ။ နောက်ဆိုဒီလိုအခွင့်အရေးရဖို့ မလွယ်ဘူးလေ။

ရွှေရတု မရ,ရအောင်ထွက်မယ်။

အားလုံးပြီးတော့ ပိုက်ဆံအိတ် အသေးသေးတစ်လုံးနဲ့ ပိုက်ဆံဆံ့သလောက် ကျစ်နေအောင် လိပ်ထည့်လိုက်သည်။ တစ်သောင်းတန်တွေပါ ပါတာဆိုတော့အကြွေတွေရော အကုန်ပေါင်းရင် နှစ်သိန်းလောက်ဆံ့၏။ အိုကေ။

လောလောဆယ် အခန်းထဲကထွက်ဖို့ ချောင်းရသေးသည်။ အိမ်ကအလုပ်သမားတွေ မီးဖိုခန်းထဲမှာ စုနေကြသဖြင့်အဆင်ပြေသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုခန်းက မမြင်အောင် ခိုးကြောင်ခိုးဝှက်နဲ့ အပြင်ကို ထွက်ရသည်။

အိမ်ထဲကတော့ လွတ်ပြီ။ ခြံထဲမှာ မာလီကုလားနဲ့ ခြံစောင့်အဘကြီး ရှိနေသေးသည်။ မာလီက ကိစ္စမရှိ။ ခြံအနောက်ဘက်က မြက်ခင်းတွေကို သွားပြုပြင်နေသည်။ ပြဿနာက ခြံဝဂိတ်တဲထဲမှာ အိပ်ငိုက်နေသော ခြံစောင့်ကြီး ရွှေရတုရဲ့ဒရိုင်ဘာ ဘကြီးဘဖြူက ကားဂိုဒေါင်ပေါ်မှာဆိုတော့ ရွှေရတုကို မတွေ့နိုင်။

အိပ်ငိုက်နေရာကနေ အိပ်ပျော်နေပါစေဟု ဆုတောင်းကာ ရွှေရတု ဂိတ်တဲနား ချဉ်းကပ်လာလိုက်သည်။ အမယ်လေး နော်။ ဝမ်းသာလိုက်တာ။

အိပ်ပျော်နေလိုက်တာမှ ဟောက်လို့တောင်နေသေး။ သူ့ရှေ့ကသော့ကို ယူလိုက်တာလည်းမသိ။ တံခါးမကြီးဘေးက လူတစ်ကိုယ်စာ ဝင်ထွက်ပေါက်လေးကသော့ကို ဖွင့်ကာ အပြင်ထွက်လိုက်သည်။ ပြီးတော့ သော့ကို ခြံထဲပြန်ပစ်ထည့်ပေးလိုက်၏။ တာ့တာ။





လွတ်လပ်ပြီ။

ရွှေရတု လမ်းထိပ်ဘက်သို့ ထွက်လာလိုက်သည်။ ဆိုင်းကားစီးဖို့ပါ။ ရွှေရတု တက္ကစီတော့ မစီးရဲဘူး။ ရွှေရတု ဆိုင်းကားလည်း မစီးတတ်ပါ။ ဒါပေမဲ့ မေးမြန်းပြီးစီးရင်ရတာယ်ဘဲ။ ရွှေရတု ဒီ,ဒီခိုင်းနဲ့ ရွှေတိဂုံဘုရားကို သွားချင်လို့ပါ။ ကျွန်ုဘဲနေရာကိုတော့ တစ်ယောက်တည်း မသွားရဲဘူးလေ။

ကားမှတ်တိုင်မှာ ဟိုကြည့်၊ ဒီကြည့်နဲ့။ ကားတွေ့တော့ တစ်စီးပြီးတစ်စီး၊ ဆိုက်လာလိုက်၊ မောင်းထွက်သွားလိုက်နှင့်။

♥ ♣ ♥

ဝေဖန်စာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများပေးပို့ပါလျှင်
အမှတ်-၉/၁၁၊ ၈-လွှာ(ဂ)၊ ဓမ္မဝတီလမ်း(ဗဟိုလမ်း)
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေရတုကိုလည်း တချို့လူတွေက ကွက်ကြည့် ကွက်ကြည့် လုပ်နေကြသည်။ ရွှေရတု ပြင်ဆင်လာတာကလည်း တော်တော်ဆိုးရွားတာကို။ တချို့က ရယ်ချင်သလိုလို၊ တချို့က အထင်သေးသလိုလို၊ တချို့ကျတော့လည်း အချဉ်လိုလို။ ရွှေရတုသည် လိုင်းကားစီးဖို့ကို ဘယ်သူ့ကိုမေးလို့ မေးရမှန်းမသိ။

ထိုစဉ်မှာပဲ ကားဂိတ်ဘက်သို့ လမ်းလျှောက်လာသော Two doors သူငယ်ချင်းကို တွေ့လိုက်ရသည်။

တီရှပ်နဲ့ ရှော့ပင်ကို ကတ္တီပါခြေညှပ်ဖိနပ်နဲ့ပဲ တွဲဝတ်ထားသော ခပ်တည်တည်ကောင်လေးကို မြင်တော့ ရွှေရတု အားရှိသွားသည်။





သူ ကားမှတ်တိုင်မှာ လာရပ်တော့ ...

"ဟိုအစ်ကို"

သူက သူ့ကိုခေါ်တယ် မထင်၍လားမသိ။ လှည့်မကြည့်။

"အစ်ကို ... ဒီက အစ်ကို"

သူ့ဘေးက ကပ်ခေါ်မှ လှည့်ကြည့်၏။

"ကျွန်တော့်ကို ခေါ်တာလား"

"ဟုတ်ကဲ့"

သူက သူမကို ဘာကိစ္စလဲဆိုသည့် အကြည့်မျိုးနှင့်ကြည့်နေသည်။

"ဟိုလေ ... ကျွန်မ ရွှေတိဂုံဘုရား သွားချင်လို့။ ဘာကားစီးရမှန်းမသိလို့ မေးချင်လို့ပါ"

"ဩော် ... ဒီတစ်ဆင့်တည်းတော့ မရောက်ဘူးဗျ၊ နှစ်ဆင့်စီးရမှာ"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကနေ မြို့ထဲကိုစီး၊ မြို့ထဲရောက်မှ ဘုရားရောက်မယ့် ကားကို ပြန်စီးရမှာ"

"အပြန်ကျရင်ရော အဲလိုပဲ စီးရမှာလား"

"ဟုတ်တယ်။ ခင်ဗျားကြည့်ရတာ မအူမလည်နဲ့။ စီးတတ်ပါ့မလားဗျာ"

"ဟို ... ရွှေ ... အဲ ... ရွှေရွှေ တစ်ခါမှ မစီးဖူးဘူး။ ဘုရားသွားချင်လွန်းလို့သာ"

ညီသစ် ကောင်မလေးကို ကြည့်နေမိသည်။ ပုံစံက တကယ့်ဖုံတုံး၊ ဒီနားမှာက သူ့ဒွေးရပ်ကွက်ပါ။ ပုံစံကြည့်ရတာ တစ်အိမ်အိမ်က အိမ်ဖော်ပုံစံ ပေါက်နေသည်။

"ဒီလိုလုပ်၊ ကျွန်တော် မြို့ထဲသွားမှာ၊ ကျွန်တော်ဆင်းတဲ့မှတ်တိုင်မှာ လိုက်ဆင်း။ ပြီးရင် ဘုရားရောက်တဲ့ကားပေါ် တင်ပေးလိုက်မယ်လေ"

ရွှေရတု စဉ်းစားလိုက်သည်။ သူပြောသလိုဆိုရင် ဘုရားတော့ ရောက်သွားမှာပဲ။ အပြန် ကားမစီးတတ်ရင် အိမ်က ကားကို ဖုန်းဆက်ခေါ်လို့ ရသည်။





"ခင်ဗျား လိုက်မှာလား၊ ဟိုမှာ ကားလာနေပြီ"

"ဟုတ်ကဲ့၊ လိုက်မယ် ... လိုက်မယ်"

ညီသစ် နှာခေါင်းရှုံ့လိုက်သည်။ အူကြောင်ကြောင်နဲ့။ ဘာပုံမှန်းလဲ မသိ။

ကားပေါ်ရောက်တော့ နေရာမရ၍ မတ်တတ်စီးရသည်။ ထိုကောင်မလေးမျက်နှာက ခုနကနှင့်မတူ။ ပျော်ရွှင်နေပုံရသည်။

ရွှေရတုလည်း အတွေ့အကြုံ အသစ်အဆန်းမို့ တကယ်ပျော်ရွှင်နေပါသည်။

"အား"

ကားဘရိတ်ခ် အုပ်လိုက်တော့ ခွေခနဲလဲပါတော့သည်။ လဲမှာပေါ့။ သေချာမှ မကိုင်ထားတာ။ ဖြစ်ချင်တော့ ထိုင်ခုံသာ လူပြည့်နေတာ။ မတ်တတ်စီးတဲ့သူက သိပ်မပါ။ ဒီတော့ အမှီအတွယ်မရှိဘဲ ကြမ်းပြင်ပေါ် ဟပ်ထိုးလဲကျတော့တာပေါ့။ ရွှေရတု နာလည်းနာ၊ ရှက်လည်းရှက်ကာ မျက်ရည်တွေ ဝဲလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထ"

ညီသစ် ထူပေးလိုက်သည်။ ပိုးဆိုးပက်စက်ကြီး လဲသွားတာမို့ ကြည့်ကာ သနားသွားသည်။ သူမလေးကလည်း မျက်ရည်တွေဝဲကာ ထိုင်ခုံလက်ရန်းတွေကို လက်နှစ်ဖက်နှင့် တင်းကျပ်စွာ ကိုင်ထားသည်။ ရန်ကုန်လိုင်းကားတွေကသိတဲ့ အတိုင်း။ လစ်ရင်လစ်သလို မဟားဒယား မောင်းကြတာမို့ ရွှေရတု အယိုင်ယိုင် အနဲ့နဲ့နဲ့ မနည်းကိုင်ထားရသည်၊ ဒီပုံအတိုင်း ဆို အပြန်ကျရင် ရွှေရတုလိုင်းကားနဲ့ မပြန်ရဲတော့။

ညီသစ်ကလည်း ကောင်မလေးပုံစံကြည့်ကာ ခေါင်း ယမ်းမိသည်။ ဘယ်တောက တက်လာပါလိမ့်။ လိုင်းကားကို လုံးဝကို မစီးတတ်ပါလား။

ဒီပုံနဲ့ တစ်ယောက်တည်းဘုရားသွားရင် ဒုက္ခရောက် တော့မှာပဲ။ ပုံက မအူမလည်နဲ့။

သူ့နေရာမှာ မသမာတဲ့ယောကျ်ားတစ်ယောက်သာ ဆို သူမ ဒုက္ခတောင် ရောက်သွားနိုင်သည်။ ရန်ကုန်ကိုများဘာ မှတ်နေလဲမသိ။





"မင်း ရန်ကုန်ကို ခုမှ ရောက်ဖူးတာလား"

"ရောက် ... ရောက်တာ ကြာပါပြီ၊ ဒါပေမဲ့ အပြင်က အခုမှ ထွက်ခွင့်ရလို့ပါ"

ရွှေရတု အိမ်မှာ လှောင်ချိုင့်လာပြီးသားမို့ ရှောရှော ရှူရှူထွက်သွား၏။ စိတ်ထဲတော့ ရယ်ချင်သား။

"နောက်ဆို မသွားတတ်တဲ့နေရာကို အဖော်မပါဘဲ မသွားနဲ့။ ရန်ကုန်ဆိုတာက မအူမလည်နဲ့ဆို အန္တရာယ်များတယ်"

"ရွှေ ... ရွှေရွှေ့မှာ အဖော်ခေါ်စရာမှ မရှိတာ၊ ရွှေတိဂုံ ဘုရားကိုလည်း အရမ်းဖူးချင်လို့ပါ။ တစ်ခါမှလည်း မရောက်ဖူးဘူး"

ညီသစ်လည်း ဘာပြောရမှန်းမသိ။

"မင်းက ခုနရပ်ကွက်ထဲကလား"

"ဟုတ်ကဲ့ ... အိမ်တစ်အိမ်မှာ အလုပ်လုပ်ပါတယ်"

"ဪ ... ထင်တော့ ထင်သားပဲ၊ ကဲပါ ... မင်းမသွား တတ် မလာတတ်နဲ့ ဒုက္ခရောက်နေဦးမယ်၊ ငါပဲ မင်းကို လိုက်ပို့ပေးတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... အားနာစရာကြီး"

"အားနာမနေနဲ့၊ မင်း ဒုက္ခရောက်မှာစိုးလို့၊ ဒုရေးဖူးတာ ဆိုတော့ ငါလည်း ကုသိုလ်ရတာပေါ့။ နောက်ဆို တစ်ယောက်တည်း စွတ်စွတ်မသွားနဲ့"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ပါ"

ရွှေရတု ထင်တဲ့အတိုင်းပဲ သူက သဘောကောင်းရှာပါတယ်။ ယောကျ်ားပီသတယ်။ တည်ကြည်တယ်။ အားနဲ့တဲ့သူအပေါ် ညာတာတတ်တယ်။ ကူညီတတ်တယ်။ ရွှေရတုရင်ထဲမှာ သူ့ အမှတ်တွေတက်ပြီးရင်း တက်နေတယ်။

ညီသစ်က ရုပ်ချောတဲ့ မိန်းမတွေကို မုန်းတီးတဲ့ စာတ်ခံရှိတော့ ရုပ်ဆိုးတဲ့ မိန်းမတွေဆို အလိုလိုကြည်လင်နေတတ်သည်။ ဒီလို သနားစရာ အကြောင်းကြောင်း တောသူမအပေါ်ကျတော့ ကရုဏာလေးပါ အဆစ်ပါသွား၏။

♥ ♣ ♥





ဆူးလေမှတ်တိုင်ရောက်တော့ ကားပြောင်းစီးကြသည်။ ဗဟန်းသုံးလမ်းရောက်တဲ့ကားကို ပြောင်းစီးသည်။ ဆူးလေက ဂိတ်စဆိုတော့ ထိုင်ခုံရသည်။

"ကားက ဒီလိုခုံရရင်တော့ မဆိုးပါဘူးနော်"

"အင်း"

"အကြာကြီး စီးရဦးမှာလားဟင်"

"မစီးရပါဘူး၊ ခဏပဲ"

"တော်သေးတယ်"

"ဘာလို့လဲ"

"လိုင်းကားစီးရတာ မကောင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကျယ်လိုက်တာ၊ လိုင်းကားစီးရတာ မကောင်းတော့ ခင်ဗျားက ဇိမ်ခံကား စီးနိုင်လို့လားဟင်"

ရွှေရတု စကားမှားသွားတာကို သူက ချက်ချင်း ထောက်သည်။

"မဟုတ်ပါဘူး၊ ရွှေရွှေတို့တောမှာဆိုရင် နွားလှည်းတို့၊ ထော်လာဂျီတို့ စီးတာ၊ ဒီထက်ပိုပြီး သက်သာသေးတယ်"

"ဟင်း ... ဒါမြို့။ တောကို လာလွမ်းမနေနဲ့"

တော်သေးတယ် ရွှေရတု ရှိုးလိုက်တာကို သူ မရိပ်မိလို့။ ဗဟန်းသုံးလမ်းမှာဆင်းပြီး ဘုရားကို လမ်းလျှောက်သွားတော့ ရွှေရတု ချက်စိလည်နေသည်။ ရွှေရတု ဘုရားလာရင် ဘုရားဝင်းထဲက ကားပါ့ခ်မှာဆင်းပြီး ခတ်လှေကား၊ စက်လှေကား စီးတက်ရုံပဲလေ။ ခုတော့ ...

"ဘုရားကို တန်းမရောက်ဘူးနော်"

"တချို့ကားတွေလည်း ရောက်တယ်"

"ဪ"





ရွှေရတု ဆက်မပြောရဲတော့။ တော်ကြာစကားမှားပြီး အလိမ်ပေါ်သွားမှာစိုးလို့။ ရွှေရတုတို့ ခတ်လှေကားစီးတော့သည်။ ရွှေရတုမှ ခုမှစီးဖူးတဲ့လူလို ကြောက်ဟန်ဆောင်ပြရသေးသည်။ သူက ဘာမှမဖြစ်ကြောင်း အာမခံလို့။ ရွှေရတုသည် ညီသစ်ကို လေးစားပြီးရင်း လေးစားနေမိသည်။

ရွှေရတုက ရာဟုထောင့်ကို သွားမှာပါ။ ဒါပေမဲ့ တန်းပြီးသွားလို့ မဖြစ်။

"ရွှေရွှေက ရာဟုထောင့်ကို သွားချင်တာ"

"ရာဟုထောင့်ရောက်ရင် ပြောမယ်လေ။ လာ ... ဘုရားကို ပတ်ရင်း ရာဟုထောင့်ရောက်တော့ ကန်တော့လိုက်ပေါ့"

"ဟုတ်ကဲ့"

ခတ်လှေကားကအထွက် ဝယ်လာတဲ့ ရွှေပန်း၊ ငွေပန်း၊ စံပယ်ပန်းလေးတွေကို ဘုရားကိုကပ်လှူကာ ဘုရားတန်ဆောင်လိုက်သည်။

ပြီးတော့ သူမကို သူက အောင်မြေကို လိုက်ပို့တာ_



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာကို အောင်မြေလို့ခေါ်တယ်၊ ဒီမှာ ကန်တော့ပြီး လိုရာဆုတောင်းပေါ့"

"ဟုတ် ... ဟုတ်ကဲ့"

အောင်မြေမှာ ကန်တော့ပြီးတော့ ...

"မင်းကို ဘုရားပေါ်အနဲ့ လိုက်ပြချင်ပေမယ့် နေကအရှိန်ပူနေတော့ လိုက်မပြနိုင်တော့ဘူး။ မင်း စာဖတ်တတ်လား"

"ရှင်"

"စာတတ်လားလို့"

"ဟုတ် ... ဟုတ်ကဲ့၊ ဖတ်တတ်ပါတယ်"

"အေး ... ဒါဆို ဘုရားသမိုင်းစာအုပ်လေး ဝယ်ပေးလိုက်မယ်"

"ဟုတ်ကဲ့"

သူတို့ ချမ်းသာကြီးတန်ဆောင်းထဲမှာ ခဏထိုင်လိုက်သည်။

"အစ်ကို"





"ပြော"

"ဟိုလေ ... ရွှေ ... ရွှေ့နာမည်က ရွှေရွှေပါ"

"ငါ သိပါတယ်"

"ဟင်"

"မင်း ဒီလောက် ထည့်ထည့်ပြောနေတာ သိတာပေါ့"

"သြော် ... ဟို အစ်ကို့နာမည်ကရော"

"ငါ့နာမည် ညီညီသစ်တဲ့"

"ညီညီသစ်"

"ဟုတ်တယ်၊ သြော် ... မင်းဒီမှာ ခဏထိုင်နေ၊ ငါပြန်လာခဲ့မယ်။ ဒီမှာပဲနေနော်၊ လျှောက်သွားနေရင်တော့ မင်းထိုက်နဲ့မင်းပဲ"

"ဟုတ်ကဲ့ပါ၊ ဟို ... အစ်ကိုက ကြာမှာလားဟင်"

"မကြာဘူး"

တကယ် မကြာပါ။ ခဏလေးနဲ့ ပြန်ရောက်လာ၏။ လက်ထဲမှာ ဘုရားသမိုင်းစာအုပ်။ အဲဒါသွားဝယ်တာကိုး။

"ရော့ ... သေချာဖတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ကဲ ... ပြန်မယ်"

"ဟုတ်"

"ဩော် ... မင်း ငါ့ကိုယုံလား"

"ရှင်"

"ယုံရင် တက္ကစီနဲ့ ပြန်မလို့။ မင်းနဲ့ လိုင်းကားစီးရတာ မလွယ်ဘူး"

"ယုံ ... ယုံပါတယ် အစ်ကို"

"သိပ်မယုံနဲ့"

"ရှင်"

"ရှင်မနေနဲ့၊ လူတိုင်းကို လွယ်လွယ်နဲ့ မယုံနဲ့၊ မကောင်းတဲ့လူနဲ့တွေ့ရင် ဒုက္ခရောက်မှာစိုးလို့"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ဟို ... အစ်ကိုကရော ယုံရတယ်မှုလား"

"အဲဒါကို ငါ့ကို လာမေးရလား"

"ရှင်"





"တော်ပါတော့။ နင်နဲ့ စကားပြောရတာ ငါတောင်လေလာတယ်၊ ဒူလိုက်တာ"

ရွှေရတု ရယ်ချင်နေသည်။ မဆိုးဘူး။ ညီညီသစ်ကစိတ်ကောင်းရှိသားပဲ။

ထို့နောက် သူနဲ့ ရွှေရတုတို့ တက္ကစီငှားစီးပြီး ပြန်သွားကသည်။

"မင်းကို ဘယ်နားပို့ပေးရမလဲ"

"ခုနကားဂိတ်မှာပဲ ချပေးပါ အစ်ကို"

"ပြီးရော။ မင်းလုပ်တာနဲ့ ငါ မြို့ထဲသွားမယ့်ကိစ္စ နောက်ကျသွားပြီ"

ဩော် ... သူ့ တမင်ကူညီတာပါလား။ Two doors နဲ့လိုက်လာရင် အမြဲစုပုပ်နေတဲ့ သူ့ရုပ်ကြီးက ခုလိုကျတော့လည်း အင်မတန် သဘောထားပြည့်ဝသော ပုံစံမျိုးနဲ့ပါလား။ ဘာပဲဖြစ်ဖြစ် ဒီနေ့တော့ လုပ်ချင်တာလုပ်လိုက်ရ၍ ရွှေရတု ဆန္ဒပြည့်သွားသည်။

♥ ♣ ♥



www.burmeseclassic.com

www.burmeseclassic.com



ရွှေရတုတို့အိမ်မှာ ရွှေရတု ပျောက်၍ ကမ္ဘာပျက်နေသည်။ ရွှေရတုတို့အဖေနဲ့အမေ ဖုန်းဆက်တော့ ရွှေရတု ဖုန်းက ပိတ်နေသည်။ ထို့ကြောင့် အိမ်ဖုန်းကို လှမ်းဆက်တော့မှ အိမ်ကလူတွေက ရွှေရတု အိမ်မှာမရှိမှန်း သိတာပါ။ ရွှေရတု အိပ်နေတယ်ဟု ညာကာ တစ်အိမ်လုံး တစ်ခြံလုံး အနှံ့လိုက်ရှာသော်လည်း ရွှေရတုကို မတွေ့။

ခြံသော့က သူ့နေရာသူ မရှိဘဲ မြက်ခင်းစပ်မှာ ပြုတ်ကျနေတော့မှ အပြင်ထွက်သွားမှန်း သိကြသည်။

အပြင်ထွက်သွားတာတောင် မသိလိုက်၍ ခြံစောင့်ကြီးကိုဝိုင်းပြီး အပြစ်တင်နေကြသည်။





ခြံပြင်ထွက်ကာ ဟိုနားဒီနား လိုက်ရှာကြသော်လည်း မတွေ့၍ ပိုစိတ်ပူကုန်ကြသည်။

"ဦးဘဖြူ ... ရွှေရတုလေး ဘယ်တွေ သွားတတ်တုန်း စဉ်းစားပါဦးနော်။ ဆရာတို့ ပြန်လာလို့ သူ့သမီး မရှိရင် ကျုပ်တို့အကုန် ဒုက္ခရောက်မှာတော့"

"ငါသိပါတယ်ဟာ"

"သိရင် လိုက်ရှာလေတော်"

"အဲဒါကို သိတာမဟုတ်ဘူး။ ငါတို့ ဒုက္ခရောက်မှာကို သိတာ၊ ငါသိသလောက် ဒီကလေးက ဘယ်မှသွားတတ်လာတတ်တာ မဟုတ်ဘူး။ သင်တန်းဆိုသင်တန်း၊ ကျောင်းဆိုကျောင်းပဲ သွားတာဟ"

"ဒါဆို အခု ဘယ်သွားတာတုံး"

"ငါလည်း မသိတော့ဘူးဟ"

"ဒုက္ခပါပဲတော်၊ နတ်သျှင်နောင်ဘက်တော့ မသွားလောက်ပါဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ယောက်ျားလေးဆောင်ကြီးကို ကလေးက ဘာ

သွားလုပ်မှာတုံးဟ"

"ဒါဆို အိမ်ထဲ သေချာအောင် တစ်ခေါက်ပြန်ရှာကြည့်

အောင်"

"ဟုတ်တယ်၊ ခုတင်အောက်တွေရော၊ စားပွဲအောက်တွေပါ

သေချာရှာ"

တစ်အိမ်လုံး ပတ်ရှာနေတုန်း ရွှေရတုက ခြံဝ

ဘဲလ်ကို တီးလိုက်သည်။ ခြံစောင့်ကြီးက ပြေးလာကာ ရွှေရ

ကိုမြင်တော့ မျက်ခုံးရှုံ့ကာ ...

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ ကလေးမ"

ရွှေရတု ရယ်ချင်သွားသည်။

"ရွှေရတုနဲ့ တွေ့ချင်လို့ပါ"

"ဟင် ... လာပြန်ပြီ ရွှေရတု၊ ရွှေရတု မရှိဘူး"

"ဘယ်သွားလဲ မသိဘူးရှင်"

"အဲဒါ မသိလို့ပေါ့"





"ရှင်"

"ဪ ... မဟုတ်ပါဘူး၊ ရွှေရတု အပြင်သွားတယ်၊ ဒါနဲ့

ကလေးမက ဘာကိစ္စ တွေ့ချင်တာလဲ"

"ရွှေရတုနဲ့တွေ့မှ ပြောလို့ရမှာ"

"ဒါဆိုရင်တော့ အခု သူ မရှိဘူးကွယ့်၊ နောက်မှလာ"

"ရွှေရတုက မှာထားတယ်။ သူ မရှိတဲ့အချိန် ရောက်လာ

ရင် အိမ်ထဲဝင်ပြီး စောင့်နေလိုက်တဲ့"

"ဟဲ့ ... ဘယ်ဖြစ်မတုံး၊ မင်းပြောတိုင်း ယုံလို့ဖြစ်မလား၊

ငါ့နယ်နော်"

"ကျွန်မ တကယ်ပြောတာပါရှင်။ မယုံရင် ရွှေရတုကိုဖုန်း

ဆက်မေးကြည့်ပါလား"

"ဖုန်းဆက်လို့ မရဘူး"

"ရှင်"

"မဖွင့်ပေးနိုင်ဘူး ကလေးမ၊ မင်းစောင့်ချင်ရင် ခြံပြင်ကပဲ

စောင့်၊ မင်းလိုပုံစံမျိုးက ရွှေရတုနဲ့သိတာ ဖြစ်နိုင်ပါ့မလား

နာမည်ကြားရုံနဲ့ လာလိမ်နေတာလား မသိနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေ ဖြစ်နေကြတာတုံး"

ဦးဘဖြူ ရောက်လာသည်။ ခြံစောင့်ကြီးက ဦးဘဖြူကို အကျိုးအကြောင်း ရှင်းပြနေသည်။

"ရွှေရတုကလည်း ပျောက်နေတာ။ တိုက်တိုက်ဆိုင်ဆိုင် ဒီမွှန်းကလေးက ရွှေရတုကို လာမေးနေတာ။ ရွှေရတု ပျောက်နေတာ သူနဲ့ ဆိုင်နေမလား မသိနိုင်ဘူး။ ကျုပ်တို့ သူ့ကို အထဲခေါ်ပြီး စစ်ဆေးကြည့်ရင် ကောင်းမယ်"

"ကြည့်လုပ်ဦး၊ မသမာသူ ဖြစ်နေဦးမယ်"

"ဒီမိန်းကလေးလောက်က ဘာလုပ်နိုင်မှာလဲဗျာ၊ ခင်ဗျားရော၊ ကျုပ်ရော၊ မာလီကုလားရော ရှိတာပဲ"

ရွှေရတုက ကျိတ်ကျိတ် ကျိတ်ကျိတ်နှင့် တိုင်ပင်နေသော အဘိုးကြီးနှစ်ယောက်ကို ကြည့်ကာ ရယ်နေမိသည်။ ဟိ ဟိ။

"ကဲ _ ကလေးမ၊ အထဲက ဝင်စောင့်ချင်ရင်လည်းစောင့်လေ"

တံခါးဖွင့်ပေးပြီးတော့ ...

"လာ ... ဂိတ်တဲထဲကစောင့်"





"ဟင့်အင်း ... အိမ်ထဲကပဲ စောင့်မှာ"

"အောင်မယ် ... အဲလိုလုပ်လို့ မရဘူးလေ ကလေးမရဲ့"

"ရပါတယ်"

ပြောပြောဆိုဆိုနဲ့ ရွှေရတုက အိမ်ဘက်ကို ပြေးတော့သည်။

"ဟာ ... ဟဲ့ ကလေးမ၊ အဲလိုမလုပ်နဲ့လေ၊ ဟိတ် _ ဟိတ် ကောင်မလေး၊ ပြန်လာခဲ့"

မာလီကုလားက အတင်းပြေးလိုက်ကာ ...

"ကုလားဖက်လိုက်ရမလား ဘဖြူး"

"အောင်မယ် ... ကုလား၊ နင် ငါ့ကို ထိရဲထိကြည့်စမ်း"

ပြေးရင်း လွှားရင်း ရွှေရတုရဲ့ ဆံပင်အတုကြီးလည်း ပြုတ်ကျသွားသည်။

"ဟင်"

ဆံပင်တုကျွတ်သွားတော့ ရွှေရတုရဲ့ ရွှေရောင်တောက်နေသော ဆံပင်တွေ ဖြာခနဲ ကျလာသည်။ ထိုအခါကျမှပဲ ဘဖြူက အရင်မှတ်မိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး ... ရွှေရတုလေး"

"အောင်မယ်လေး ... ရွှေရတုလေးရယ်၊ ငါတို့ကို အသေသာသတ်လိုက်ပါတော့ဟယ်"

ထိုအခါမှ အိမ်ရှိအလုပ်သမားအကုန် ဝိုင်းလာကြသည်။

မာလီကုလားဆို ဆလံတသသနဲ့။ အစ်မလေးမှန်းမသိလို့ပါဟု တတွတ်တွတ် တောင်းပန်နေ၏။

"ရွှေရတုရယ် ... ဘဖြူတို့မှာ သမီးကို ဘယ်လိုက်ရှာလို့ရှာရမှန်း မသိဘူး။ ခေါင်းမီးတောက်သွားတာပဲ၊ ကြည့်ပါဦး၊ ဘာလို့ ရုပ်ဖျက်ပြီး ထွက်သွားရတာလဲ၊ ဘယ်သွားတာလဲ"

"ဘဖြူ ... ရှင့်မေးခွန်းတွေ နောက်ထား။ ရွှေရတုလေး လောလောဆယ် သမီးဖေဖေတို့ဆီ ဖုန်းဆက်လိုက်ပါဦး။ ဆရာဖုန်းဆက်နေတာ သုံးခါရှိပြီ။ ရွှေရတု အိပ်နေတယ်လို့ ပြောထားတာ"





"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ဖုန်းပြောနေသော ရွှေရတုကိုကြည့်ကာ အားလုံးခေါင်းတယမ်းယမ်း။ တစ်ခါမှ ဒီလိုမလုပ်ဘူး၍လည်း အထူးအဆန်းဖြစ်ကာ အံ့ဩနေကြ၏။ ပြန်ရောက်လာလို့လည်း စိတ်အေးရ၊ စိတ်ခံစားမှု အမျိုးမျိုးနဲ့ စိတ်ရောလူပါ မောနေကြ၏။

♥ ♣ ♥



www.burmeseclassic.com

www.burmeseclassic.com



ရွှေရုတုသည် တစ်ခါခိုးထွက်ပြီးကတည်းက ခိုးထွက်ရသည့်အရသာကို နှစ်ခြိုက်စွဲလမ်းနေရ၏။ အပြင်ကို တစ်ယောက်တည်းသွားရတာ ရင်တုန်ရသည်။ ကြောက်စရာလည်း ကောင်းသည်။ ရင်တခုန်ခုန်နဲ့လည်း ပျော်ရွှင်ရသည်၊

ဒါပေမဲ့ အဲဒီ ရင်ခုန်ပျော်ရွှင်မှုတွေဟာ ညီသစ်ကြောင့်ရတာပါ။ တကယ်လို့ အဲဒီနေ့က ညီညီသစ်နဲ့သာမတွေ့ရင် သူမ ရှေ့ဆက်သွားဖြစ်ပါ့မလားတောင် မသိ။

ထို့ကြောင့် နောက်ထပ်တစ်ခါ အဲဒီလိုထပ်သွားရို ကိုလည်း ကြောက်သလို၊ ထပ်ပြီးတော့လည်း သွားချင်သေးသည်။ သွားရင်လည်း ညီညီသစ်နဲ့ ထပ်တွေ့မှ အဆင်ပြေမယ် ထင်တယ်။





သူမ ပြတင်းတံခါးကိုဖွင့်ကာ နတ်သျှင်နောင်ဘက် ကြည့်လိုက်တော့ ညီညီသစ်ကို ခြံထဲမှာ တွေ့လိုက်ရသည်။ အန်ကယ်ကြီးတစ်ယောက်နဲ့ စကားထိုင်ပြောနေတာ တွေ့ရသည်။

ညီသစ်ကိုတွေ့ရင် အမြဲတမ်း အေးဆေးငြိမ်သက်လွန်းလှသည်။ အန်ကယ်ကြီးက ညီညီသစ်ရဲ့ပခုံးကိုဖက်ကာ ဘာတွေပြောနေလဲမသိ။ ညီညီသစ်က ခေါင်းခါတာ တွေ့ရသည်။ ခဏနေတော့ ထိုအန်ကယ်ကြီး ပြန်သွားသည်။ ညီညီသစ်က ခြေပစ်လက်ပစ်ကြီး ထိုင်ချလိုက်သည်။

ရွှေရုတုသည် ညီညီသစ် ဘာလုပ်လုပ် သဘောတွေ့နေသည်။ ခဏနေတော့ ညီသစ်နားကို Two doors ရောက်လာသည်။ ရောက်လာပြီးတော့ ညီသစ်ပခုံးကိုကိုင်ပြီး ဘာတွေပြောနေလဲမသိ။ ကြည့်ရတာ Two doors က ညီသစ်ကို တစ်ခုခု နှစ်သိမ့်နေပုံရသည်။

ညီညီသစ်မှာ ဘာတွေများ စိတ်ညစ်စရာတွေ ရှိနေပါလိမ့်။ သူမ ညီညီသစ်နားသို့သွားကာ နှစ်သိမ့်အားပေးချင်စိတ်တွေ ပေါက်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေရတု အထင် မှန်ပါသည်။ ညီသစ် စိတ်ညစ်နေပါသည်။ ခုနပဲ ဖခင်ဖြစ်သူ လာသွားသည်။ သူ့ကို အိမ်မှာပြန်နေဖို့ လာခေါ်တာပါ။ သူ ငြင်းလိုက်တော့ ဖေဖေ တော်တော်ကို စိတ်မကောင်း ဖြစ်သွားပုံရသည်။

သူက မိထွေးရှိနေတဲ့ ဖေဖေ့ရိပ်မြုံကို လုံးဝပြန်မလိုက်ချင်တော့။ မိထွေးကိုလည်း မျက်နှာချင်းမဆိုင်ချင်တော့။

ဒီတော့ သူ ဒီအဆောင်မှာပဲ ဆက်နေဖို့ပြော၏။ ပြီးတော့ သူ့အတွက် ဖေဖေ့အသိတွေရဲ့ကုမ္ပဏီတွေမှာ အလုပ်လေးတစ်နေရာစာလောက် ရမလားဟု တောင်းဆိုမိသည်။ သူ့မှာ အလုပ်နဲ့အကိုင်နဲ့ ဖြစ်လာရင် ဖေဖေ့အထောက်အပံ့လည်း ယူစရာ မလိုတော့ဘူးပေါ့။

သူပြောတော့ ဖေဖေ တော်တော်စိတ်မကောင်း ဖြစ်သွား၏။

"သား ... စန္ဒာ့ကို အထင်လွဲနေတာ နေမှာပါကွာ။ စန္ဒာ က အဲဒီလောက် မဆိုးပါဘူး"





"တခြားလူတွေနဲ့တော့ ဟုတ်ချင် ဟုတ်မယ် ဖေဖေ။ သူ ကျွန်တော့်အပေါ်တော့ မကောင်းခဲ့ပါဘူး၊ ဖေဖေတို့လင်မယားကြားထဲ ကတုံးကတိုက် မလုပ်ချင်ပါဘူး ဖေဖေ။ ဒေါ်စန္ဒာနဲ့ ပတ်သက်လို့ သား ဖေဖေ့ကို ဘယ်တုန်းကမှ စိတ်ဒုက္ခမပေးခဲ့ဖူးဘူး။ သားကိုလည်း နားလည်ပေးပါ ဖေဖေ"

"နားလည်ပေးပါတယ်။ ဒါပေမယ့် မင်း ကျောင်းမပြီးသေးဘူး။ အလုပ်လုပ်လို့ မရသေးဘူး။ ကျောင်းတစ်ဖက်နဲ့ ဘယ်လိုအလုပ်လုပ်မှာလဲ ငါ့သား၊ မင်း Major ကလည်း Day ပဲ တက်လို့ရတဲ့ဘာသာ"

"ဟင်း ... ဘာပဲဖြစ်ဖြစ် ဖေဖေ၊ ကျွန်တော် အိမ်ကိုတော့ ပြန်မလိုက်ချင်ဘူး"

ဖေဖေ့မျက်နှာက အိုစာနေပါသည်။

"သား ... ဖေဖေ စန္ဒာ့ကို ပြောပေးမယ် ဆိုရင်ရော"

"သားကြောင့် ဖေဖေတို့အိမ်ထောင်ရေးကို **ကတောက်ကဆ** မဖြစ်စေချင်ဘူး။ သား အခု သားဘာသာ **ရပ်တည်နိုင်**



www.burmeseclassic.com

www.burmeseclassic.com



အောင်ပဲ ကြိုးစားချင်တော့တယ် ဖေဖေ။ ကျောင်းတစ်ဖက်နဲ့ တခြားအလုပ်တွေ လုပ်လို့မရရင်တောင် ရတဲ့အချိန်မှာ အချိန်ပိုင်း တက္ကစီဆွဲတာပဲဖြစ်ဖြစ် လုပ်လို့ရတာပဲ"

"တော်တော့ သား။ ဘာလို့ တက္ကစီဆွဲရမှာလဲ"

"သမ္မာအာဇီဝဆိုရင် ဘာဖြစ်ဖြစ် လုပ်ဖို့ဝန်မလေးပါဘူး ဖေဖေ။ သား ယောကျ်ားပါ။ သားဘဝကို သားခြေထောက်ပေါ် ရပ်နိုင်ဖို့ ကြိုးစားပါရစေ"

"ဖေဖေ့ စနှော့ကို ယူလိုက်တာ မှားပြီလား သား"

"သူ့ ဖေဖေ့အပေါ်တော့ ကောင်းပါတယ် ဖေဖေ"

"မဟုတ်သေးဘူး သားရာ။ အေးလေ ... သား လုံးဝပြန်မလိုက်တော့ဘူးဆိုရင်လည်း သားအတွက် ဖေဖေ တစ်ခုခု စီစဉ်ပေးရမှာပေါ့။ ခက်တာက အစိုးရဝန်ထမ်းဆိုတော့ ဖေဖေ့လက်ထဲမှာ ငွေက တစ်လုံးတစ်ခဲတည်း မရှိဘူး။ သားကို လုပ်ကိုင်စားဖို့ အရင်းအနှီးလည်း မယ်မယ်ရရ ထုတ်မပေးနိုင်ဘူး ဖြစ်နေတယ်ကွာ"

"ရပါတယ် ဖေဖေ။ သားအတွက် မပူပါနဲ့"





ဖေဖေက သူ့ကိုသာ ဘာမှမလုပ်ပေးနိုင်တာပါ။ ဒေါ်စနှော တစ်ကိုယ်လုံးတော့ ညွတ်နေအောင် ဆင်နိုင်သည်။ ဒေါ်စနှောနဲ့ရတဲ့ သားသမီးတွေဆိုလည်း သူ့ထက်ပိုပြီး ဝတ်နိုင်စားနိုင် သုံးစွဲနိုင်ကြပါ၏။

"သားကြီး ... မင်း ဘာမှမပူနဲ့ကွာ၊ မင်းအဆောင်စရိတ်ရော၊ ကျောင်းစရိတ်ပါ ဖေဖေ ထောက်ပံ့ပေးမယ်။ မပူနဲ့ ငါ့သား။ ဘွဲ့ရတဲ့အထိ စိတ်အေးလက်အေးနဲ့ စာဆက်သင်ကွာ။ အလုပ်လုပ်ဖို့ကို ဘွဲ့ရမှပဲ စဉ်းစား၊ ဟုတ်ပြီလား။ ငါ့သားက ကျောင်းသားပဲ ရှိသေးတာ။ အလုပ်လုပ်စရာ မလိုပါဘူးကွ"

"ကျေးဇူးတင်ပါတယ် ဖေဖေ"

"သားကြီးရာ၊ လိမ္မာတဲ့ ငါ့သား၊ ဖေဖေ စိတ်ကောင်းဘူးကွာ၊ ကဲ ... ဖေဖေ သွားမယ်သား၊ တစ်ဝတ်တစ်ခါ လာကြည့်မယ်။ လိမ်လိမ်မာမာနေကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ ပြန်သွားတော့ ဝမ်းနည်းဝမ်းသာ။ ဝမ်းနည်းတာက ဖေဖေနဲ့ခွဲရလို့။ ဝမ်းသာတာက ခေါ်စနွာနဲ့ မျက်နှာချင်း မဆိုင်ရတော့လို့။ ရှိုင်းထွန့်က အနားရောက်လာကာ ...

"မင်းတောင်းဆိုတာကို မင်းဘိုးတော် လက်ခံသွားလား"

"အင်း"

"လွတ်လပ်သွားတာပေါ့ကွာ"

ညီသစ် မချိပြုံးပဲ ပြုံးလိုက်မိသည်။

♥ ♣ ♥





"အိပ်မက်တွေကို ပိုင်စိုးတဲ့ နတ်သမီးလေး ရွှေရတုရယ်။ မင်းက ငါ့အချစ်တွေကို ဥပေက္ခာပြုရက်ပေမယ့် ငါကတော့ အသည်းတွေ မဟားဒယား ကွဲနေတယ်၊ မင်းက ငါ့ကို အသိအမှတ်မပြုပေမယ့် ငါကတော့ အိပ်မက်ထဲမှာတောင် မင်းကို သခင်မ ခန့်ထားတယ်"

ရှိုင်းထွန့်ရေးနေတာကို ညီသစ်က လာငုံ့ဖတ်ပြီး ...

"ဘာလဲ ... အိပ်မက်စောင့်နတ်သမီးကို ပေးမလို့ရေးနေတာလား"

"ပေးတော့လည်း ဘာထူးတော့မှာလဲကွာ၊ မပေးပါဘူး။ ခံစားချက်တွေ ပြည့်လျှံနေလို့ ချရေးလိုက်တာပါ၊ ဒီလို ချရေးလိုက်ရင် ပေါ့သွားတယ်"

"ရူးခြင်းတစ်မျိုးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... ဟင်း"

"မင်းကလည်း ချစ်ခုက္ခ၊ ငါလည်း ငါ့ခုက္ခနဲ့ငါ၊ ငါ တက္ကစီမောင်းချင်လို့ လိုက်ရှာနေတာကွာ၊ တက္ကစီတွေက စပေါ်တင်ရင်တင်၊ မတင်ရင် လပြတ်ပေးမှရမှာတွေချည်းပဲ၊ ငါ့မှာ စပေါ်ပေးစရာလည်းမရှိ၊ လပြတ်ကြိုပေးစရာလည်း မရှိ၊ ဩော် ... ဘဝ ဘဝ တက္ကစီမောင်းချင်တာတောင် မမောင်းနိုင်တဲ့ဘဝ"

"စပေါ်တင်တာလောက်က ဘယ်လောက်မှမများပါဘူးကွာ၊ မင်းဖားသားကြီးကို ပြောကြည့်ပါလား"

"မပြောချင်ပါဘူးကွာ၊ ငါ့ဖားသားကြီးလက်ထဲမှာ ရှိမှာ မဟုတ်ဘူး၊ ဒေါ်စန္ဒာဆီ ရောက်ပြီးသားပိုက်ဆံကို ငါ့ အတွက် ပြန်တောင်းပေးရင်လည်း မေတ္တာအပို့ခံနေရဦး မယ်"

"ငါ အသိအုံနာတစ်ယောက်တော့ရှိတယ်ကွာ၊ သူကတော့ ဆယ်စီးလောက်ထောင်ထားတာ၊ သူ့ဆီလွတ်မလွတ် မေး





ကြည့်ပေးရမလား၊ သူကတော့ ငါအာမခံပေးရင် စပေါ် တောင်းမှာမဟုတ်ဘူး"

"ရပါ့မလားကွာ"

"ကားလွတ်ရင်တော့ရမှာပါ၊ သူက ငါတို့နဲ့ ဆွေမျိုးရိပ်မျိုးရိပ် လည်း မကင်းဘူး၊ သဘောလည်းပြည့်တယ်၊ ငါပြောပေး ရင် ရမှာသေချာတယ်၊ မင်း သေချာတော့စဉ်းစားဦးနော်၊ မင်း တကယ် တက္ကစီဆွဲမှာလား"

"ဆွဲမှာ ... ဆွဲမှာ၊ သေချာတယ်၊ ကားရအောင်သာ ကူညီ ပါကွာ"

"အေးပါ၊ ဒါဆို ငါ ဖုန်းဆက်ကြည့်မယ်"

"အေး"

ရှိုင်းထွဋ် ဖုန်းဆက်တာ အဆင်ပြေသွား၏။

"အိုခေတယ် ညီသစ်"

"မင်းကို ငါ ကျေးဇူးအများကြီးတင်ပါတယ်ကွာ"

"မလိုပါဘူးလွာ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးတာနဲ့ ရှိုင်းထွဋ်က စာရွက်နဲ့ဘောပင်ကောက်ကိုင်သည်။

"မင်း ဘာလုပ်ဦးမလို့လဲ"

"ရင်ဘတ်ထဲ ပြည့်ကျပ်နေတဲ့အရာတွေကို သွန်ချမလို့"

"မင်း စာမကျက်ဘူးလား၊ စာမေးပွဲရက်ကြီးကိုကွာ"

"ကျက်လို့မရဘူး"

"မင်း သူ့အတွက် စာမေးပွဲအကျခံမလို့လား မတန်ပါဘူးကွာ၊ ချစ်တယ်တောင် တစ်ခွန်းမှမပြောလိုက်ရတဲ့ မိန်းမအတွက် စာမေးပွဲကျရမှာ တန်လို့လား"

"ဟုတ်တယ် ငါ့မှာ Messageနဲ့ပဲ နှစ်ပါးသွားလိုက်ရတယ်"

"မင်း သူ့ကို တကယ်ချစ်ရင် မျက်နှာချင်းဆိုင်ပြောကြည့်ပါလား၊ အခြေအနေတွေ ပြောင်းလိုပြောင်းငြားပေါ့"

"နေ့တောင်ရွေ့စပ်ပြီးသွားပြီကွာ၊ ဘာထူးမှာလဲ"

"ရွေ့စပ်တာ လက်ထပ်တာမှ မဟုတ်တာကွာ။ သူ့မိဘတွေသဘောကျ ရွေ့စပ်လိုက်ရတာဆိုရင် ဘယ်လိုလုပ်မလဲ၊ တွေ့ကြည့်တာမမှားဘူး၊ ဘာမှမပြောလိုက်ရဘဲ ကျန်ခဲ့တာက ပိုမဆိုးဘူးလား၊ ဘာပဲဖြစ်ဖြစ်ကွာ သူဟာ လက်ရှိမှာလွတ်လပ်တဲ့သူပဲ၊ မင်း ဒီလောက်ခံစားနေရတာ တစ်ခါလောက်တော့ ပြောကြည့်လိုက်ပေါ့"

"မင်းကလည်း ငါ့ကို လာမြှောက်ပေးနေပြန်ပြီ"

"မြှောက်ပေးတာ မဟုတ်ဘူးကွ၊ ကယ်တင်နေတာ၊ မင်း တစ်သက်လုံး နောင်တရနေမှာစိုးလို့"

"အေး … ပြောမယ်ကွာ၊ မင်းပါလိုက်ခဲ့"

"လိုက်ပေးပါ့မယ်ကွာ"

အဲဒီလိုနဲ့ သူတို့ ရွှေရတု တစ်ယောက်တည်းရှိမယ့်အချိန်ကို လိုက်ချောင်းကြသည်။ ရွှေရတုက ဘယ်တော့မှ တစ်ယောက်တည်းမရှိ။

သူမအားမှာ သူမသူငယ်ချင်းနှစ်ယောက် အမြဲရှိသလို အသွားအပြန်ကျတော့လည်း သူမဒရိုင်ဘာကြီးက အနားမှာ ရှိနေတာ။







www.burmeseclassic.com

www.burmeseclassic.com



"ဒီတိုင်းဆိုရင်တော့ ဘယ်တော့မှ လူလစ်မှာမဟုတ်ဘူးကွ၊ ငါတို့ တစ်ခုခုတော့ ကြံမှရမယ်"

"ဒရိုင်ဘာကိုတော့ လုံးလို့ရမှာမဟုတ်ဘူးကွ၊ သူ့သူငယ်ချင်းတွေကို ဝင်ကြည့်မှရမယ်"

"အေး ... ဟုတ်တယ်"

သူတို့ ရွှေရတုနောက် မလိုက်တော့ဘဲ ရွှေရတုရဲ့ သူငယ်ချင်းတွေနောက် လိုက်ကာ အတင်း မိတ်ဆက်ရသည်။ တကယ်တော့ မိတ်ဆက်စရာတောင်မလိုပါဘူးလေ။ တစ်ယောက်နဲ့တစ်ယောက်က သိနေကြပြီးသားတွေပဲ။

ရွှေရတု သင်တန်းကပြန်သွားတော့ သူတို့ ရွှေရတုနောက်ကို မလိုက်တော့ဘဲ ကျွန်ခဲ့တဲ့ မိစုနဲ့ အိမကို စကားပြောဖို့ပဲ စောင့်နေလိုက်သည်။

မိစုတို့ကလည်း ရွှေရတုနောက် မလိုက်သွားသော သူတို့ကို ကွက်ကြည့် ကွက်ကြည့် ကြည့်နေကြ၏။

သူတို့ မိစုတို့နား သွားကာ ...





"ကျွန်တော့်နာမည် ရှိုင်းထွဋ်ပါ"

"ဟုတ်ကဲ့"

"ဒီက အစ်မတို့က"

"ကျွန်မက မိစု၊ သူက အိမ"

"ဩော် ... ဟုတ်တယ် မိစုနဲ့ အိမကို အကူအညီလေးတောင်းချင်လို့ပါ"

"ဘာများလဲ"

"ဒီလိုပါ၊ ကျွန်တော် ရွှေရတုနဲ့ တစ်ခါလောက် စကားပြောချင်လို့ပါ"

"ရွှေရတုက စေ့စပ်ပြီးသွားပြီလေ၊ ရှင် သိတယ်မဟုတ်လား"

"သိပါတယ်၊ ဒါပေမဲ့ လက်ထပ်ရသေးတာမှမဟုတ်တာဗျာ၊ ပြီးတော့ ကျွန်တော်က ဘာမျှော်လင့်ချက်မှ မထားပါဘူး၊ စကားပြောချင်ရုံလေးပါ၊ မိစုတို့ရှေ့မှာပဲပြောမှာပါ၊ ဟိုဗျာ ကျွန်တော် ချစ်နေတာလေးကို တစ်ခါလောက် ကိုယ်တိုင်ပြောချင်ရုံလေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ၊ ကျွန်မတို့ ရွှေရတုကိုပြောပေးမယ်၊ သူလက်မခံရင်တော့ မတတ်နိုင်ဘူး၊ ကျွန်မတို့က မသိနိုးနားနဲ့တော့ မခေါ်ထုတ်ပေးနိုင်ဘူး"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ဗျာ"

"ရှင် သိပ်တော့မမျှော်လင့်ထားနဲ့နော်၊ သူက တခြားတစ်ယောက်နဲ့ စေ့စပ်ပြီးသွားပြီ၊ ပြီးတော့ ပွင့်ပွင့်လင်းလင်းပြောရရင် ရှင့်ကို သူသဘောမကျဘူးလို့ ကျွန်မတို့ကိုပြောဖူးတယ်"

"ဟုတ်ကဲ့ပါ၊ ကျွန်တော် မမျှော်လင့်ထားပါဘူး၊ ကျွန်တော် သူ့ကို ချစ်တဲ့အကြောင်းကို မျက်နှာချင်းဆိုင်တစ်ခါလောက် ပြောခွင့်ရချင်ရုံလေးပါ"

"ဟုတ်ပြီလေ၊ ကျွန်မ မေးကြည့်ပေးမယ်"

"ကျေးဇူးတင်ပါတယ်ဗျာ"

"ကျွန်မတို့ သွားတော့မယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"





မိစုနဲ့ အိမတို့ ရွှေရတုဆီ ဖုန်းဆက်ပြီးပြောတော့ ရွှေရတုက လက်ခံသဖြင့် အံ့သြသွားကြသည်။ ရွှေရတု လက်ခံတာက Twodoors လာရင် ညီညီသစ်ပါ ပါလာမယ်ထင်လို့ပါ။ ရွှေရတု ညီညီသစ်ကို ဘာလို့ တွေ့ချင်နေပါလိမ့်ကွယ်။

♥ ♣ ♥



www.burmeseclassic.com

www.burmeseclassic.com



ရွှေရတုနဲ့ Twodoors တွေ့တာကို ရွှေရတုမိဘတွေနဲ့ ကောင်းထက်ပြည့်စုံတော့ သိလို့မဖြစ်ဘူး။

အဲဒါကြောင့် သူတို့တွေဟာ အများသူငါ အမြင်တင့်တယ်တဲ့ သင်တန်းရှေ့က ကော်ဖီဆိုင်မှာပဲ အုပ်စုဖွဲ့ထိုင်ကာ စကားပြောကြ၏။

မိစု အိမနဲ့ ညီညီသစ်တို့လည်း ပါတာပေါ့။ ညီညီသစ်က သူ့ဘာသာ ကော်ဖီတစ်ခွက်သောက်ရင်း ဖုန်းနဲ့ ဂိမ်းဆော့နေတယ်။ မိစုနဲ့ အိမတို့လည်း သူတို့ဘာသာ စကားပြောနေတယ်။

ရွှေရတုကတော့ ညီညီသစ် ဂိမ်းဆော့နေတာကို အကဲခတ်နေခဲ့ပြီး ရှိန်းထွဋ်က ရွှေရတုကို စကားပြောဖို့ စကားလုံးရွေးနေခဲ့ပါတယ်။





"ရွှေရတု"

"ပြောလေ"

"ခုလို ကိုယ်တောင်းဆိုတာကို လက်ခံပေးတဲ့အတွက် အရမ်းဝမ်းသာတယ်ဗျာ"

"ကျွန်မက စေ့စပ်ပြီးသားနော်၊ ရှင့်ကို လက်ခံတွေ့တာဟာ ရှင့်ရဲ့မေတ္တာကို အသိအမှတ်ပြုတဲ့အနေနဲ့ တွေ့ပေးတာ"

"ကျွန်တော့်အချစ်ကို ယုံကြည်ပေးတဲ့အတွက် ကျေးဇူးပါတယ်၊ ရွှေရတုနဲ့ စကားလေးတောင် မပြောလိုက်ရဘဲ ပေးရမှာထက်စာရင် မျက်နှာချင်းဆိုင် တစ်ခါလောက်ဖြစ်ဖြစ် စကားပြောခွင့်ရလိုက်တာဟာ ရွှေရတုအတွက် အပန်းမကြီးပေမယ့် ကျွန်တော့် အတွက်တော့ ဖြေသိမ့်စရာဆုလာဘ်တစ်ခုပါဗျာ"

ရွှေရတုက ပြုံးနေသည်။

"ကျွန်တော် ရွှေရတုကို အရမ်းချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားတစ်ယောက်နဲ့ စေ့စပ်ထားပြီး တခြားယောက်ျား တစ်ယောက်ရဲ့ ချစ်ကြိုက်စကားတွေကို လာနားထောင်တာ ကောင်းတော့ မကောင်းဘူး၊ အဲဒါကြောင့် ရှင်လည်း ဒီတစ်ခွန်းလောက်ပဲ ပြောစေချင်တယ်"

"ဟုတ်ကဲ့ပါ"

"ကျွန်မတို့ နောက်ထပ်လည်း မတွေ့ချင်တော့ဘူး၊ ရှင် ကျွန်မနောက်လည်း ဆက်မလိုက်ပါနဲ့တော့၊ ရှင့်အတွက် ရော ကျွန်မအတွက်ပါ အကျိုးမရှိမယ့်အလုပ်မျိုး မလုပ် ပါနဲ့တော့၊ ရှင့်ကို ကျွန်မ နားလည်ပေးလို့ ခုလိုလာတွေ့ တာ၊ ရှင်လည်း ကျွန်မကို နားလည်ပေးစေချင်တယ်"

"စိတ်ချပါ ရွှေရတုရယ်၊ ကျွန်တော်က ရွှေရတု ဆုံးရှုံး နစ်နာအောင်လုပ်မယ့်သူမျိုး မဟုတ်ပါဘူး"

"ကျွန်မ ယုံပါတယ်၊ ယုံလို့လည်း လာတွေ့တာပေါ့"

"ရွှေရတုရဲ့ စေ့စပ်ပွဲအတွက် Congratulateလုပ်တယ်နော်၊ ကိုကောင်းထက်ပြည့်စုံက ကျွန်တော့်စီနီယာပါ၊ သူက တကယ့်ကို လူကောင်းသူကောင်း တစ်ယောက်ပါ"





"ကျေးဇူးတင်ပါတယ်"

ရှိုင်းထွဋ်ရဲ့မျက်ဝန်းတွေ ရီဝေနေတာလား။ မျက်ရည်တွေဝဲနေတာလား။ သေချာတာကတော့ သူ့ကို ရွှေရတု မချစ်ဘူး။ သူကပဲ တစ်ဖက်သတ်ခံစားနေရတာ။ သူ့ကို စာနာစိတ်နဲ့ လာတွေ့ပေးတာကိုပဲ ကျေးဇူးတင်နေရတာပါ။

"ကိုညီညီသစ် အဲဒါ ဘာဂိမ်းလဲ"

"ဗျာ"

"ဘာဂိမ်းမို့လို့ သဲကြီးမဲကြီး ဆော့နေတာလဲလို့"

"ဘာမှမဟုတ်ပါဘူး"

ညီသစ်က ဖုန်းကိုပိတ်ပြီး အိတ်ကပ်ထဲထည့်လိုက်တာ အဝေးကို ငေးကြည့်နေသည်။ သူတို့တစ်ဖွဲ့လုံး တိတ်ဆိတ်တာ ဘာပြောလို့ပြောရမှန်းမသိ။

"ကဲ ..."

မိစုနဲ့အိမဆီက သံပြိုင်ထွက်လာသည်။

"ပြန်ကြရအောင်လေ ရွှေရတု"



www.burmeseclassic.com

www.burmeseclassic.com



"အေး သွားမယ်လေ၊ သွားမယ်နော် ကိုရှိုင်းထွင်၊ ကိုညီသစ် ရောပဲ သွားလိုက်ပါဦးမယ်"

"ဟုတ်ကဲ့ပါ ရွှေရတုရယ်"

ရှိုင်းထွင်က လွမ်းနေသလောက် ညီညီသစ်ကတော့ ယောင်ယောင်လေးပဲ ခေါင်းညိတ်ပြသည်။

♥ ✤ ♥





ညီသစ် တက္ကသိုလ်ဆွဲရင်း အဆောင်မှာ ဖုန်းကျန်ခဲ့တာ သတိရသဖြင့် ပြန်ဝင်ယူတုန်း အမှတ်မထင် ကားမှတ်တိုင်ကို ကြည့်မြင်သွားသည်။

"ဟင်"

ဟိုတစ်ခါတွေ့တဲ့ အိမ်ဖော်မလေး။ ဒီတစ်ခါလည်း ကားမှတ်တိုင်မှာ ယောင်လည်လည်နဲ့။ ဘယ်သွားဦးမလို့လဲမသိ။

"ဟိတ် ... ဘယ်သွားမလို့လဲ"

"ဟင်၊ ... ကိုညီညီသစ်"

"မင်း မှတ်မိသားပဲ"

"ကိုညီညီသစ်က တက္ကသိုလ်မောင်းတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုပါတော့"

"ဒါဆို အတော်ပဲ၊ ရွှေရွှေ ကားငှားမယ်"

"ဘယ်ကိုငှားမှာလဲ၊ မင်း လစာလေးကုန်နေပါဦးမယ်ကွာ"

"ထုံးစံအတိုင်း ဘုရားပဲပေါ့"

"ကဲ ... လာ လာ၊ ငါ ကုသိုလ်ယူပါမယ်"

"မဟုတ်တာ ကားခယူပါ ကိုညီညီသစ်ရဲ့"

"ထားလိုက်ပါဟာ၊ နင့်ဘဝက ငါ့ထက်ဆိုးတယ်၊ မယူ ချင်တော့ပါဘူး"

ရွှေရတုလည်း ညီသစ် တက္ကစီမောင်းနေတာကို ကြည့်ပြီး အံ့သြတာ သနားလည်း သနားမိသည်။ နတ်သျှင်နောင် မှာလာနေတာမို့လို့ ဒီလောက်ထိ အခြေအနေဆိုးမယ်လို့ မထင် ထားဘူးလေ။

ဘုရားရောက်တော့ ...

"ကိုညီညီသစ် ကားခယူနော်၊ ပြီးတော့ ခဏစောင့်ပေးဦး၊ အပြန်လည်း ငှားချင်လို့"





"ဟင်း ... မပြန်ရဲဘူးမှလား"

"ဟုတ်ကဲ့"

"ဖြစ်ရမယ်"

ဒီလိုနဲ့ ညီသစ်ကားပေါ် ပါလာသည်။

"ကျေးဇူး တင်ပါတယ် ကိုညီသစ်ရယ်၊ ရွှေရွှေလို အိမ်ဖော် နဲ့ လိုက်ပေးလို့"

"အိမ်ဖော်လည်း လှပဲလေဟာ၊ အောက်ဆီဂျင်ပဲ ရှူရတာပဲ၊ သူဌေးတွေရှူတဲ့ လေမှာလည်း ရွှေချထားတာမှ မဟုတ် တာ"

"ကိုညီသစ်ကို ရွှေရွှေက သူဌေးထင်နေတာ"

"တက္ကစီသမားပါဟ၊ နင်ကလည်း"

"ကိုညီသစ်က ကျောင်းသားမဟုတ်ဘူးလား၊ ရွှေရွှေဆို ကျောင်းအရမ်းတက်ချင်တာ"

"ကျောင်းစရိတ်ရဖို့ တက္ကစီမောင်းနေရတဲ့ ဆင်းရဲသား ကျောင်းသားပေါ့ဟာ"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်လား၊ ရွှေရွှေနေတဲ့အိမ်က မရွှေရတုကျတော့ သူဌေးသမီး ကျောင်းသူပေါ့နော်၊ ကိုယ်ပိုင်ကားနဲ့ ပိုက်ဆံလိုသလောက်တောင်းပြီး ကျောင်းသွားတာ”

“နင်က ရွှေရတုတို့အိမ်မှာ နေတာလား”

“ဟုတ်တယ်၊ ကိုညီသစ်က သိလို့လား”

“ဆိုပါတော့”

“မမကို သိမှာပါ၊ မမက အရမ်းချောတာ”

“ငါက ရုပ်ချောတဲ့မိန်းမတွေ စိတ်မဝင်စားဘူး၊ အထင်လည်း မကြီးဘူး၊ ဖြစ်နိုင်ရင် မုန်းတောင်မုန်းချင်တာ”

“ဘာဖြစ်လို့လဲ”

“ငါ့အကြောင်းနဲ့ ငါပေါ့ဟာ”

“နည်းနည်းလောက် ပြောပြပါလား”

“စပ်စုပြန်ပြီ”

“ရွှေရွှေ အံ့သြလို့ပါ၊ ရုပ်ချောတဲ့ မိန်းကလေးဆိုရင် လူတိုင်း ချစ်ကြတာပဲ၊ ကိုညီသစ်က မုန်းချင်တယ် ဆိုလို့ အံ့သြလို့ပါ”





“ရုပ်ချောတိုင်း စိတ်လှကြတာမှမဟုတ်တာ၊ အထူးသဖြင့် ရုပ်ချောတဲ့မိန်းမတွေဟာ ရုပ်ဆိုးတဲ့မိန်းမတွေနဲ့ ဘာမှ မကွာဘူး၊ သူတို့က ပိုပြီးတော့တောင် စိတ်ပုပ်သေးတယ်”

“မဖြစ်နိုင်ပါဘူး၊ မမရွှေရတုဆို စိတ်မပုပ်ပါဘူး”

“နင် မကြုံဖူးသေးလို့ နေမှာပါဟာ”

“မဟုတ်ဘူး၊ မမရွှေရတုကိုဆို ရွှေရွှေတို့ အကုန်လုံးချစ်ကြတယ်၊ အလုပ်သမားတွေပေါ် တစ်ခါမှ မောက်မောက်မာမာ မဆက်ဆံဘူး၊ ပြီးတော့ မမရွှေရတုက သနားဖို့လည်း ကောင်းတယ်”

“ဟင် ... ဒီလောက် လိုတရသူဌေးသမီးက ဘာသနားစရာ ရှိမှာလဲ”

“ရှိတာပေါ့၊ မမရွှေရတု ငယ်ငယ်ကတည်းက အချိန်ယောကျ်ားတွေနဲ့ ကြီးပျင်းရတယ်၊ တစ်ဦးတည်းသောသမီးဆိုပြီး အလိုလိုက်တာ မဟုတ်ဘူး”

“ဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ဆို၊ အခုလည်း သူ့အိမ်ထောင်ရေးကိစ္စကို သူ့ဘာသာရွေးချယ်ခွင့်မရဘူး၊ သူ့မိဘတွေ စိတ်ကြိုက်ရွေးပြီး စေ့စပ်ပေးလိုက်တာ"

"ဒါပေမဲ့ သူ့သတို့သားလောင်းက အကောင်းစားကြီးပါဟာ"

"ကောင်းတိုင်းယူရမှလား အစ်ကိုလေးရဲ့၊ မမက အချစ်မပါတဲ့အိမ်ထောင်ရေးမို့လို့ တစ်စက်မှ မယူချင်ဘူး၊ သူ့မိဘတွေကို မလွန်ဆန်နိုင်လို့ ခေါင်းညိတ်ရပေမယ့် စေ့စပ်ပြီးတည်းက စိတ်ညစ်နေရှာတာ"

"ဟုတ်လို့လား"

"ဟုတ်တယ်၊ သူက ရည်းစားလည်းထားတာ မဟုတ်၊ ဘယ်သူ့ကိုမှလဲ မချစ်ကြည့်သေးဘူးလေ၊ သူက တခြားတစ်ယောက်ကို ချစ်မိသွားမှာလည်း ကြောက်နေတယ်၊ စေ့စပ်ပြီးသားဆိုတော့ တခြားတစ်ယောက်ကို ချစ်မိသွားရင် မလွယ်ဘူးလေ၊ ဒါပေမဲ့ သူချစ်တဲ့သူဆိုတာလည်း ရှိချင်တယ်၊ သူချစ်တဲ့သူကိုပဲ လက်ထပ်ချင်တယ်ပေါ့နော်"





"ဒါများဟာ လွယ်လွယ်လေး၊ သူနဲ့စေ့စပ်ထားတဲ့သူကိုပဲ ချစ်နိုင်အောင် ကြိုးစားလိုက်ပေါ့ဟာ"

"အချစ်ဆိုတာ အဲလိုလုပ်ယူလို့မှ မရတာ အစ်ကိုလေးရဲ့"

"အံမယ် ... ရွှေရွှေ၊ နင်က အချစ်အကြောင်းတော်တော်သိနေတယ်ပေါ့ ဟုတ်လား"

"မသိပါဘူး အစ်ကိုလေးရဲ့ မမလေးပြောတာ နားထောင်ထားတာပဲ ရှိတာပါ"

"အင်း ... သူပြောတာလည်း စဉ်းစားစရာပဲပေါ့ဟာ၊ ဒါဆို သူက ချစ်တဲ့သူ ရှိနေပြီတဲ့လား"

"မရှိဘူးလို့ ပြောတာပဲ"

"မရှိဘဲများ ခေါင်းစားနေသေးတယ်ဟာ၊ ကိုယ့်မှာ လက်ထပ်ဖို့ သတို့သားလောင်း ရှိနေပြီ၊ အချစ်ကို မျှော်မှန်းနေသေးတယ်၊ တော်တော်ခက်တဲ့ မိန်းမပဲ"

"အစ်ကိုလေးရယ် ... လူပဲ၊ ရင်ထဲမှာ ချစ်ချင်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... သူများအကြောင်းခေါင်းမစားတော့ဘူး၊ ရွှေရွှေ ဘုရားရှိခိုး၊ ပြီးရင် နင့်ကို ပြန်ပို့ပြီး ငါ ကားဆက်ဆွဲရဦးမယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ဘုရားရှိခိုးပြီးတော့ ရွှေရွှေ့ကို ပြန်ပို့သည်။

"ကားဂိတ်ပဲရပ်ပေးပါ အစ်ကိုလေး"

ကားဂိတ်မှာရပ်ပေးတော့ ...

"ကားခ ဘယ်လောက်ပေးရမလဲ အစ်ကိုလေး"

"သွားပါဟာ၊ မယူပါဘူး၊ ငါ ကုသိုလ်ယူတာ"

"မဟုတ်တာ အစ်ကိုလေးရဲ့၊ ရွှေရွှေ့မှာ ပိုက်ဆံရှိပါတယ်၊ လစာလေးတွေ စုထားတာရှိတယ်၊ ယူပါ"

"ထားလိုက်ပါ၊ ကဲ ... ငါသွားပြီ"

ရွှေရတု ကမ်းပေးတဲ့ပိုက်ဆံတွေကို မယူဘဲ ကားမောင်းထွက်သွားသည်။





သူနဲ့ ဘုရားသွားပြီး စကားတွေပြောရတာကို ရွှေရတု ပျော်နေတယ်။ ရင်တွေလည်း ခုန်တယ်။ ရွှေရတု သူ့ကို ...။ ဘုရားရေ ... ခုချိန်ကစပြီး ရွှေရတု ကြေကွဲရတော့မှာလားတွေယ်။ သူပြောသလိုပါပဲ။ ရွှေရတုဟာ ဓနစပ်ပြီးမှ အချစ်ကိုရှာချင်တဲ့ ရိုက်မဲတဲ့ မိန်းမတစ်ယောက်ပါကွယ်။

♥ ♣ ♥



www.burmeseclassic.com

www.burmeseclassic.com



ညီသစ် ညဘက် အိပ်မပျော်သဖြင့် ပြတင်းပေါက်မှာရပ်ငေးနေမိသည်။ ညီသစ်တို့အခန်းရဲ့ ပြတင်းပေါက် ဆိုတာလည်း ရွှေရတုတို့အိမ်ကို တန်းနေအောင်မြင်ရတဲ့ နေရာဆိုတော့ ညီသစ် ရွှေရတုတို့ခြံထဲကို ရပ်ငေးမိသလို ဖြစ်နေတာပေါ့။

လကမှောင်နေပေမယ့် ရွှေရတုတို့ခြံထဲမှာ ထွန်းထားတဲ့ မီးရောင်တွေကြောင့် သူတို့အိမ်ကို မြင်နေရပါသည်။

ဝရန်တာမှာရပ်နေသော မိန်းမတစ်ယောက်ပုံရိပ်ကို ဘေးတိုက်မြင်နေရပါသည်။ သေချာမသဲကွဲပေမယ့် ထိုမိန်းမဟာ ရွှေရွှေတော့ မဖြစ်နိုင်ပါ။ ရွှေရွှေတို့လို အိမ်ဖော်တွေဟာ တစ်နေကုန် အလုပ်လုပ်ထားရတော့ ဒီအချိန် အိပ်မောကျနေမှာ သေချာပါသည်။





ဒီအချိန်ထိမအိပ်နိုင်အောင် ဘာတွေများ စိတ်ပင်ပန်းနေပါလိမ့်။ သူမလည်း ရှာကြံပြီး ကိုယ့်ဒုက္ခကိုယ်ရှာတဲ့ မိန်းမ။ ချစ်ရမယ့်သူမရှိဘဲ စေ့စပ်လိုက်ရလို့ စိတ်ညစ်သတဲ့။ ကိုယ့်မှာ ချစ်သူရှိနေလို့ တခြားတစ်ယောက်နဲ့ စေ့စပ်ရတာကို စိတ်ညစ်တယ်ဆိုရင် ကြားကောင်းသေးတယ်။ ခုတော့ မဟုတ်တာတွေ ရှာကြံစိတ်ဆင်းရဲနေတယ်။

သူ့ကိုချစ်ကြတဲ့၊ လိုချင်ကြတဲ့ ပုရိသတွေ ဝိုင်းဝိုင်းလည်နေတာကိုလည်း တစ်ယောက်မှ ပြန်ကြိုက်တာလည်းမဟုတ်။ ဒီမိန်းမလည်း ဂေါက်သီးပဲ။

သူ ရွှေရတုကိုကြည့်ပြီး ပျစ်ပျစ်နှစ်နှစ် ဝေဖန်နေမိသည်။ ရှိုင်းထွဋ်တစ်ယောက်တော့ သူမနဲ့ တစ်ခါတွေ့ခွင့်ရတာကိုပဲ ထပ်ခါထပ်ခါ တမ်းတပြီး သူ့ကိုတွေ့ခွင့်ပေးလို့ ရွှေရတုကို တကယ့်မေတ္တာရှင်မကြီးလို့တောင် ထင်နေရှာတာပါ။

ရွှေရတုဆိုတဲ့ မိန်းမရဲ့ကံကလည်း တစ်မျိုး။ ချစ်တဲ့သူတွေ ဝိုင်းဝိုင်းလည်နေတဲ့ကြားက မချစ်မနှစ်သက်တဲ့သူနဲ့ ထိတ်ထပ်ရမတဲ့။



www.burmeseclassic.com

www.burmeseclassic.com



အလကား။ ဒီမိန်းမ သက်သက်ကြေးများနေတာ။ သူ့ရဲ့သတို့သားလောင်းက နာမည်နဲ့လိုက်အောင် ကောင်းနေတာပဲ။ ပြည့်စုံတာပဲ။ ခန၊ ပညာ၊ ရုပကာ ဘာမှ ပြောစရာ မရှိတာကို သက်သက်မဲ့ စိတ်ညစ်ခံနေတာ။ အရာရာပြည့်စုံနေတော့လည်း ရှာကြံအပြစ်ရှာတယ်။ အချစ်တဲ့။ ရင်ခုန်ခြင်းတဲ့။ ဘယ့်နှယ်များ ဒီလူကိုပဲ ချစ်နိုင်အောင် ရင်ခုန်နိုင်အောင် ကြိုးစားလိုက်ပေါ့။

တစ်ဖက်ခြံက မလှုပ်မယှက် ရပ်နေသော သူမကို ကြည့်ကာ တွေးနေမိသည်။

တစ်ဖက်ခုတင်မှာ ရှိုင်းထွန်းတော့ အိပ်မော်ကျနေပြီ။

မကြာခင် ရွှေရတု ... ရွှေရတုဆိုပြီး ယောင်လိမ့်ဦးမည်။

ထိုစဉ်မှာပဲ သူ့ဘေးရှိ ဖုန်းမြည်လာသည်။ ရှိုင်းထွန်းကတော့ တုပ်တုပ်မျှမလှုပ်။ သူ ရှိုင်းထွန်း နိုးသွားမှာစိုး၍ အမြန်ကိုင်လိုက်၏။

"ဟဲလို"





"ကိုညီညီသစ်လား"

"ဟုတ်ကဲ့"

သူ မသိသော ဖုန်းနံပါတ်ပါ။ မိန်းမတစ်ယောက် အသံနဲ့ သူ့နာမည်ကို တည့်တည့်ကြီးခေါ်လိုက်တာမို့ ဖုန်းမှားတာတော့ မဖြစ်နိုင်။

"အစ်ကိုလေး ရွှေရွှေပါ"

"ဟင် ... ရွှေရွှေ"

သူ အလန့်တကြား တစ်ဖက်ခြံကို ကြည့်လိုက်တော့ ဝရန်တာကမိန်းမ စကားပြောနေပါလား။ ပြောတာလည်း ဒီဘက်ကိုကြည့်ပြောနေတာ။ သူ အခန်းနံရံနဲ့နည်းနည်းကွယ်ကာ ချောင်းကြည့်လိုက်သည်။ ဟုတ်တယ်။ သူမ ဖုန်းပြောနေတယ်။

"အစ်ကိုလေး ရွှေရွှေ သိပ်နေမကောင်းလို့ အစ်ကိုလေးကို သတိရတာနဲ့ ဆက်လိုက်တာ"

"အေး ... အေး ... နေမကောင်းတာ ဘာဖြစ်တာလဲ"

"နာစေးတာပါ၊ နှာခေါင်းကပိတ်နေတော့ နေရထိုင်ရတာ အဆင်မပြေဘူး"

www.burmeseclassic.com



"ဆေးသောက်လိုက်လေ"

"ဘာဆေးမှလဲ မရှိဘူး"

"ဪ ... ရွှေရွှေ ခဏနော်၊ ခဏလေး ပြီးရင် ပြန်ဆက်လိုက်မယ်နော်"

"ဟုတ်ကဲ့"

သူဖုန်းချလိုက်တော့ သူမလည်း ဖုန်းကို နားကခွာလိုက်သည်။ ဘုရား ... ဘုရား။ ရွှေရွှေက ရွှေရတုများလား။ သူ့အတွေးမဆုံးခင် သူမကို ဖုန်းပြန်ခေါ်မိရက်သား ဖြစ်သွားသည်။ သူမျှော်လင့်ထားသလိုပဲ သူမဖုန်းက မီးလင်းသွား၏။ ဖုန်းမြည်သံမကြားရပေမယ့် မီးလင်းသွားတာမို့၊ သူ့အတွေးမဆုံးခင် သူမရဲ့အသံကို ကြားလိုက်ရသည်။

"ဟဲလို ... အစ်ကိုလေးပြော"

"ရွှေရွှေ ဟုတ်ကဲ့ ငါးမိနစ်နေမှ ပြန်ခေါ်လိုက်မယ်နော်၊ ဒီမှာ ကိစ္စလေးရှိလို့၊ တော်ကြာ ရွှေရွှေ စောင့်နေမှာစိုးလို့ ဒါပဲနော်"





သူပြောပြီးတာနဲ့ ဖုန်းချပစ်လိုက်သည်။

သူမလည်း ဖုန်းကို နားကခွာလိုက်ပြီ။ သူမတာ ရွှေရွှေလား။ ရွှေရတုလား။ ရွှေရွှေဆိုရင် ဘာလို့ ဒီအချိန် ဖုန်းတစ်လုံးနဲ့ ဝရန်တာထွက်ရပ်နေတာလဲ။ ရွှေရွှေလို အိမ်ဖော်တစ်ယောက်ကလေ။ ပြီးတော့ ရွှေရွှေက ရွှေရတုဆိုရင်လည်း ရွှေရတုက ဘာလို့ဟန်ဆောင်ခဲ့တာလဲ။ စဉ်းစားစရာတွေများလှပါသည်။

ရွှေရွှေနဲ့ ရွှေရတုအကြောင်း စဉ်းစားရင်း ငါးမိနစ်ပြည့်သွားသည်။ သူ ဖုန်းခလုတ်တွေကို နှိပ်လိုက်တော့ တစ်ဖက်က ဖုန်းမီးလင်းသွားတာ တွေ့လိုက်ရသည်။

လောလောဆယ်တော့ ဝရန်တာမှာရပ်နေတာ ရွှေရွှေဆိုတာ သေချာသွားပြီ။

ရွှေရွှေက ရွှေရတု ဟုတ်မဟုတ်သာ မသေချာသေးတာ။

"ရွှေရွှေ"

"အစ်ကိုလေး အလုပ်ရှုပ်နေရင် နောက်မှဆက်လိုက်တော့မယ်လေ"



www.burmeseclassic.com

"ရပါတယ် ပြော ... ပြော"

"ဘာမှ မဟုတ်ပါဘူး၊ ဒီအတိုင်းပဲ ဆက်လိုက်တာ"

"ရွှေရွှေ အခု ဘာလုပ်နေလဲ"

"ဖုန်းပြောနေတယ် အစ်ကိုလေး"

"အေးပါ နွေးနွေးထွေးထွေးနေ၊ နှာစေးနေတယ်ဆိုတော့ တော်ကြာ ဖျားနေဦးမယ်"

"ဟုတ်ကဲ့"

ဝရန်တာမှာ လေတဖြူးဖြူးတိုက်နေတယ်။ သူမ ဆံပင်တွေတောင် ဝဲဝဲလွင့်လို့။ ဘာလဲကွာ။

♥ ♣ ♥





ရွှေရတုနဲ့ ကောင်းထက်ပြည့်စုံတို့ သူမတို့ခြံထဲမှာ စကားပြောနေကြတာကို သူ မြင်နေရသည်။ ရွှေရောင်ဆံပင်တွေ ထိုး ချထားတဲ့ ရွှေရတုပုံစံကို ကြည့်ရတာ ညက ဝရန်တာမှာရပ် နေသောပုံရိပ်နဲ့ တစ်ပုံစံတည်းပါပဲ။

သူ့ဆီကို ဖုန်းဆက်တဲ့ ရွှေရွှေ ဆိုတာလည်း ညက ဝရန်တာမှာ ရပ်နေခဲ့တာပဲ။ ပြီးတော့ ရွှေရွှေ့ ဆံပင်တွေက ဒီလောက်မှ မရှည်တာ။

ရွှေရတု ဆိုသော မိန်းမဟာ ကောင်းထက်ပြည့်စုံ ဆိုသော ယောက်ျားသားတစ်ယောက်နဲ့ နေစပ်ပြီးတာမှ ကောတ် ပြန်စိတ်နဲ့ သူ့ကို လိုက်ပတ်သက်နေတာလား။



www.burmeseclassic.com

www.burmeseclassic.com



ရွှေရွှေက သူနဲ့တွေ့ရင် အမြဲတမ်း ရွှေရတုကောင်းကြောင်းတွေချည်းပဲ ပြောလေ့ရှိတဲ့သူလေ။ သူမဟာ ရွှေရတုလား ဆိုတဲ့ သံသယစိတ်တွေ ခိုင်မာလာသည်။

သူ ရွှေရွှေ့ဖုန်းကို ခေါ်လိုက်တော့ စက်ပိတ်ထားသည်။ ရွှေရွှေဟာ သူမလားဆိုတဲ့ ဝါဒကို အတည်မပြုနိုင်ခဲ့။ အေးလေ သူမလိုသူ့ ရွှေသမီးတစ်ယောက်မှာ ဖုန်းနံပါတ် အမျိုးမျိုးလည်း ရှိနေနိုင်တာပဲ။

ကောင်းထက်ပြည့်စုံက သူမပခုံးကို ကိုင်ကာ ဘာတွေရယ်နေမှန်း မသိ။ သူမကတော့ ပြုံးရုံပဲ။

ညီညီသစ်ကတော့ ဒီတစ်ခါ ရွှေရွှေနဲ့တွေ့ရင် သေချာ အကဲခတ်ဖို့ ဆုံးဖြတ်လိုက်သည်။

သူ့နောက်ကို ရှိုင်းထွန်း ရောက်လာကာ ...

"သူတို့ကိုကြည့်ရတာ စိတ်ချမ်းသာလိုက်တာကွာ"

"ငါတော့ စိတ်မချမ်းသာပါဘူး"

"ဘာဖြစ်လို့လဲ"





"ဒီမိန်းမက သစ္စာရှိပါမယ်လို့ ဘယ်သူအာမခံနိုင်မလဲ"

"မင်းကလဲကွာ၊ ရွှေရတုကို ဒီလိုမပြောပါနဲ့"

"ငါပြောချင်လို့ပြောနေတာမဟုတ်ဘူးကွ၊ မင်းစဉ်းစားကြည့်၊ ဒီလောက်ကောင်းတဲ့ သူကို ရထားတာတောင် သူမချစ်လို့၊ ရင်မခုန်လို့ဆိုပြီး ကြံဖန်အပြစ်ရှာ ဖြေးများနေတာ၊ ဒီမိန်းမမျိုးကို ယုံရပါ့မလား"

"မင်းကို ဘယ်သူပြောလဲ"

"ဟင်"

"သူ မချစ်လို့၊ ဖြေးများနေတာလို့ ဘယ်သူပြောတာလဲ"

"ငါလည်း ဒီလိုပဲကြားတာပဲ"

"မင်းကြားတယ် ဆိုရအောင် မင်းက သူ့သတင်းတို ဘယ်သူ့ဆီကများ ကြားနိုင်မှာမို့လို့လဲ၊ အဆက်အစပ်မရှိတာ၊ မင်းသိတာတောင် ငါ့ကြောင့်သိရတာတွေပဲ မဟုတ်ဘူးလား"

"ခိုင်လုံတဲ့သတင်းရပ်ကွက်က သိရတာတွေ။ အခါခါတော့ ငါ နောက်မှ မင်းကိုပြောပြမယ်"



www.burmeseclassic.com

"မင်းကလည်း အချင်းချင်း လာလျှို့နေပြန်ပြီကွာ၊ ပြော ပြစမ်းပါ"

"သြော် ... ငါတက္ကစီဆွဲရင်း သူတို့အိမ်က အိမ်ဖော်နဲ့တွေ့လို့ ပြောပြတာပါ"

"ဟုတ်လား၊ သူ့မှာ ရည်းစားရှိလို့လား"

"ရည်းစားမရှိ၊ ချစ်သူမရှိနဲ့ စိတ်ဆင်းရဲနေတာတဲ့ကွာ။ သူက ချစ်တဲ့သူမှ ယူချင်တာတဲ့၊ အခုထိ ချစ်ရမယ့်သူလည်း မတွေ့သေးဘူးတဲ့"

"အင် ... ရောဂါတစ်မျိုးပါလား"

"ငါတော့ သူနဲ့စေ့စပ်ထားတဲ့ကောင်ကို သနားတယ်။ မင်း ရွှေရတုက ဂေါက်သီးမလား မသိပါဘူးကွာ"

"မင်းကလည်းကွာ၊ သူများသားသမီးကို မပြောပါနဲ့"

"မပြောချင်ပါဘူး၊ သူလုပ်ပုံမဟုတ်လို့"

"ဒါတော့ကွာ၊ သူလည်း သူ့ခံယူချက်နဲ့သူပေါ့၊ ခံယူချက်ချင်းမတူတာနဲ့ အပြစ်ပြောလို့တော့ မရဘူးပေါ့"





သူတို့နှစ်ယောက် သူမတို့ကို ငေးကြည့်နေတုန်း ကောင်းထက်ပြည့်စုံကား သူမတို့ခြံထဲက ပြန်ထွက်သွားတာတွေ့လိုက်ရသည်။ ရွှေရတုကတော့ ကျောက်စားပွဲမှာ ကျောက်ရုပ်ပမာ။

♥ ♣ ♥

www.burmeseclassic.com



သူ တစ်နေ့ တစ်နေ့ ရွှေရွှေ ထွက်လာမလားလို့ ချောင်းရတာအမောပါပဲ။ ရွှေရွှေ့ဖုန်းနံပါတ်ကို ဆက်ရင်လည်း ရွှေရွှေဖုန်းပိတ်ထားတာများသည်။ ပိတ်ထားတာများတာတောင် မဟုတ်ပါ။ ပိတ်ကိုပိတ်ထားတာ။ တစ်ခါမှ ခေါ်လို့မရ။

ရွှေရတုတို့ခြံဘက်ကို ကြည့်တော့လည်း တခြား အလုပ်သမားတွေကိုသာ တွေ့ရသည်။ ရွှေရွှေ့ကို တစ်ခါမှမတွေ့ ရ။

ထို့ကြောင့် သူ့သံသယတွေ ပွားနေတာပါ။ ခုဆို သူ တက္ကစီတောင်မဆွဲဘဲ ရွှေရတုခြံထဲက ရွှေရွှေ ထွက်အလာကို စောင့်နေမိသည်။





ဒါပေမဲ့ ရွှေရွှေ့ကိုမတွေ့ရဘဲ ရွှေရတုနဲ့ ကောင်းထက်ပြည့်စုံတို့ကိုပဲ တတွဲတွဲတွေ့ရသည်။

ကောင်းထက်ပြည့်စုံက ရွှေရတုကို ထော်တော်, အမြတ်တနိုးရှိသလောက် ရွှေရတုကတော့ အေးစက်စက်။ သူက အကဲခတ်နေလို့ မြင်နေရတာပါ။

ရွှေရတုဘက်က ပုံမလာတာကို တွေ့ရလေ သူ့ သံသယတွေ ပိုပြီး နိုင်မာလာလေပါပဲ။

တစ်လကျော်ကြာပြီးမှ သူ့မျှော်လင့်ချက်တွေ အကောင်အထည် ပေါ်တော့သည်။

ရွှေရွှေတစ်ယောက် ထုံးစံအတိုင်း ထွက်လာပါ၏။ သူ ရွှေရွှေ့ကိုတွေ့တိုင်း ဒီအဝတ်အစားတစ်စုံတည်းနဲ့ပဲ တွေ့နေရတာကလည်း ထူးခြားချက်ပါ။

"ရွှေရွှေ"

"ဟယ် ... အစ်ကိုလေး ဘာလုပ်နေတာလဲ"

"ဘုရားသွားမလို့"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လား ရွှေရွှေလည်း ဘုရားသွားမလို့"

"သိနေတယ်လေ"

"အစ်ကိုလေး ကားမမောင်းဘူးလား"

"နားထားတာ"

"ဘာလို့လဲ"

"တခြားကိစ္စလေးရှိနေလို့"

"သြော်"

"ရွှေရွှေထွက်လာတိုင်း အစ်ကိုလေးနဲ့ တွေ့နေလို့ တော်သေးတယ်"

"ဒါများရွှေရွှေရယ် အပြင်ထွက်ချင် ဖုန်းဆက်လိုက်ပေါ့"

"ရွှေရွှေ့မှာ ဖုန်းမှမရှိတာ၊ ဟိုတစ်ခါ သူများဖုန်းနဲ့မှား ဆက်တာ"

"ညဘက်ကြီးကို"

"ဟုတ်တယ်၊ အိမ်ကအဒေါ်ကြီး သူ့မြေးကိုပေးဖို့ဝယ်ထားတဲ့ဖုန်းလေးကို ငှားဆက်ကြည့်တာပါ"





သူ ပြုံးလိုက်သည်။ အဲဒီညက ဝရန်တာပေါ်က မိန်းကလေးပုံရိပ်ဟာ အခု ရွှေရွှေ့ပုံစံနဲ့ အင်မတန်မှခြားနားကာ ချေရတုပုံစံနဲ့ တစ်ပုံစံတည်း။ ပြီးတော့ ရွှေရတုနာမည်မှာလည်း ချေပါတာပါပဲလေ။

သူတို့ တဖွဖွစကားပြောပြီး ဘုရားပေါ်ရောက်လာကြ၏။ ရွှေရွှေ ဘုရားရှိခိုးနေတုန်း သူ သူမကို သေချာအကဲခတ်လိုက်သည်။

သူမရဲ့ခြေဖမိုးလေးတွေက ဖောင်းအိနေ၏။ ခြေသည်းတွေကလည်း ပုံဖော်ညှပ်ထားမှန်းသိသာသည်။ ခြေသည်းနီမဆိုးထားပေမယ့် ခြေသည်းတွေက သန့်လွန်းလှသည်။

လက်သည်းတွေကတော့ တိုတိနေသည်။ ဒါပေမဲ့ ထိုလက်သည်းတွေက အလုပ်ကြမ်းလုပ်ထားရတဲ့ လက္ခဏာမရှိ။ အဆိုးဆုံးကတော့ သူမ ဆံပင်က အတုစွပ်ထားတာပါပဲ။

ရွှေရတုပါပဲ။ သေချာကြည့်တော့မှ ရွှေရတုရဲ့ချစ်ဆို ဖမ်းမိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှိခိုးပြီးတော့ ...

"ရွှေရွှေ နင်ပြောတော့ ရွှေရတုက ကောင်းထက်ပြည့်စုံကို မကြိုက်ဘူးဆို၊ ခုတလော တတွဲတွဲတွေ့နေရပါလားဟ"

"ဩော် ... စေ့စပ်ပြီးပြီလေ၊ မတွဲချင်လည်း သူလာရင် နှင်ထုတ်ခွင့်မှမရှိတာ၊ အဲဒီတော့ မမရွှေရတုက လက်ခံတွေ့ရတာပေါ့၊ ဒါပေမဲ့ မမက လုံးဝတွေ့ချင်တာမဟုတ်ပါဘူး"

"မတွေ့ချင်မတွေ့နဲ့ပေါ့ဟာ၊ ခေါင်းကိုက်တယ် ခေါင်းမူးတယ်ပေါ့ ဘာဖြစ်လဲ"

"မတွေ့လို့မရဘူး၊ ကောင်းထက်ကို ခေါင်းကိုက်ပြလို့ရမယ် အိမ်ကမိဘတွေကိုတော့ ခေါင်းလည်းကိုက်လို့မရဘူး ခေါင်းလည်းမူးလို့မရဘူး"

"အေးပေါ့ စေ့စပ်ထားပြီဆိုတော့"

"အခု ပိုဆိုးတယ်၊ လက်ထပ်ပွဲအတွက် ပြင်ဆင်နေကြပြီ မမရွှေရတုက သူ့ကို လုံးဝမယူချင်ဘူး၊ တစ်ခါတလေ ထွက်ပြေးချင်စိတ်တောင် ပေါက်တယ်တဲ့"





"ဒီလောက်ဖြစ်နေရင် ဘာလို့ စေ့စပ်တာကို လက်ခံခဲ့တာလဲဟ"

"သူ့မိဘတွေကို မလွန်ဆန်နိုင်လို့ပါဆို၊ ပြီးတော့ ဖြစ်ရာချစ်သူရည်းစားလည်း မရှိဘူး၊ ဒါပေမဲ့ အခု လက်ထပ်ကာနီးကျတော့ ဘယ်လိုမှ ခံစားလို့မရအောင် စိတ်တွေညစ်လာတာ"

"နောက်တော့ ချစ်သွားမှာပါ"

"ချစ်သွားရင် တော်သေးတာပေါ့၊ မချစ်ဘဲ တစ်သက်လုံး စိတ်ဒုက္ခရောက်သွားမှာ ကြောက်နေတာ"

သူမပုံစံကြည့်ရတာ တော်တော်ကို စိတ်ပျက်နေတဲ့ ပုံစံပါပဲ။ စကားပြောရင်း ပြောရင်း သူမကိုယ်သူမ ရွှေရွှေဆိုတာတောင် မေ့နေပုံပဲ။

♥ ♣ ♥



www.burmeseclassic.com

www.burmeseclassic.com

ညီသစ် အခုတလော ရွှေရတုအကြောင်းပဲ ခေါင်းထဲရောက်နေတယ်။ ရွှေရတုဆိုတာ ရွှေရွှေအဖြစ် ပုံပြောင်းပြီး သူ့ကိုခေါ်ခဲ့ပြောခဲ့တာကိုလည်း စိတ်မဆိုး။ သူမ စိတ်ညစ်လို့နေမှာပါဟု ဘာလို့များ နားလည်ပေးနေမိပါလိမ့်။

ရွှေရတုပုံစံကလည်း တကယ်ကို စိတ်ညစ်နေပုံပါပဲ။ တကယ်တော့ ...

ရွှေရတုက ညီသစ်ကို စိတ်ဝင်စားနေပါပြီ။ ညီသစ်ကို တစ်ဖက်သတ် စိတ်ဝင်စားနေတဲ့ သူမက လက်ထပ်ရမှာကို ပိုပြီး ကြောက်ရွံ့ခဲ့သည်။ ပိုဆိုးတာက သူမကသာ စိတ်ဝင်စားနေတာ။ ညီသစ်က ရွှေရတုကို လုံးဝ စိတ်မဝင်စား။ ရွှေရတု ထက်





စာရင် ရွှေရွှေဆိုသော ပုံဆိုးပန်းဆိုး အိမ်ဖော်မကိုမှ ပိုပြီး ခင်ခင်မင်မင်ရှိသေးသည်။

မရှိန္နမ်းပါးသူအပေါ် နားလည်စာနာပေးတတ်တဲ့ ညီသစ်ရဲ့စိတ်ဓာတ်ကို သဘောကျပေမယ့် ရွှေရတုအပေါ်ထားတဲ့ ညီသစ်ရဲ့သဘောထားကြောင့် ဝမ်းနည်းမိပါသည်။

ညီသစ်ဟာ ရွှေရတုကို ဘာလို့ မျက်မုန်းကျိုးနေပါလိမ့်ဟု မကြာခဏတွေးနေမိသည်။ သူမကိုယ်သူမ လည်း အနေအထိုင် အမှားအယွင်း မရှိဘူးဟု ထင်မိသည်။

ရွှေရတုဟာ ဘယ်သူ့အပေါ်မှလဲ မယုတ်မာ၊ မစော်ကားခဲ့ဘူး။ ဘယ်သူ့ကိုမှလဲ ထိခိုက်နစ်နာအောင် မလုပ်ခဲ့ပါဘဲနဲ့ ဘာလို့များ သူမကို အမြင်မကြည် ဖြစ်နေပါလိမ့်ဟု နားမလည်နိုင်အောင်ပါပဲ။

ထို့ကြောင့် ညီသစ်ဆီကို ဖုန်းနောက်ထပ်တစ်ကြိမ်ဆယ်ကာ ဆက်လိုက်သည်။

"ဟဲလို"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလေး ရွှေရွှေပါ"

ညီသစ်က ဖုန်းနံပါတ်အစိမ်းတစ်ခုကိုကြည့်ကာ ပြုံးလိုက်မိ၏။

"ပြော ... ရွှေရွှေ"

"နေကောင်းလား အစ်ကိုလေး"

"ကောင်းပါတယ်ဟ ပြော၊ ဘာပြောမလို့လဲ"

"ဘာရယ်မဟုတ်ပါဘူး၊ သတိရလို့ဆက်တာ၊ ရွှေရွှေ့လို အိမ်ဖော်မတစ်ယောက်က သတိရတယ်ဆိုလို့ စိတ်မဆိုးပါနဲ့နော် အစ်ကိုလေး"

"စိတ်ဆိုးစရာလားဟ၊ နင် အပြင်မှာလား"

"မဟုတ်ဘူး အိမ်မှာ၊ သူများဖုန်း ငှားဆက်တာ၊ ရေပိုက်ပြင်ထဲ့သူဆီက ငှားဆက်တာ"

"ဖြစ်ရမယ်"

"အစ်ကိုလေး၊ အစ်ကိုလေးကို မေးစရာရှိလို့"

"မေးလေ"





"အစ်ကိုလေးက မမရွှေရတုကို ဘာလို့ မုန်းတာလဲ"

"ဟင် ... မမုန်းပါဘူး"

ညီသစ် ပါးစပ်က ထွက်သွားတဲ့စကားကို ညီသစ်ကိုယ်တိုင်တောင် ပြန်အံ့သြတယ်။ သူ ရွှေရတုကို မုန်းတယ်လေ။ သူ့စိတ်ထဲမှာ ရွှေရတုကို မနှစ်သက်ပါဘဲ သူ့ပါးစပ်က မမုန်းဘူးလို့ ဖျတ်ခနဲ ထွက်သွားတာဟာ အံ့သြစရာပါ။

"မမုန်းရင်တောင် မကြိုက်ဘူးမို့လား၊ ဒီလောက်လှတဲ့ မမရွှေရတုကို ယောကျ်ားလေးတော်တော်များများက ချစ်ကြခင်ကြ သဘောကျကြတယ်၊ သဘောမကျရင် မုန်းတဲ့သူတော့မရှိဘူး၊ အစ်ကိုလေးကျတော့ လုံးဝသဘောမကျတာ အမြင်လည်း ကတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

"ဘာလို့လဲ ဆိုတော့ ကိုယ်က ရုပ်ချောတဲ့ မိန်းမတွေကို မုန်းတာ ရွှေရွှေ"

"ဟင် ... ဘာဖြစ်လို့လဲ"

"ရုပ်ချောတဲ့မိန်းမတွေက သာမန်မိန်းမတွေထက် ပိုပြီး ယုတ်မာကြလို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မဖြစ်နိုင်တာ"

"တကယ်ပြောတာ"

"အစ်ကိုလေးက ဘာနဲ့သက်သေပြမှာလဲ"

"ငါက မိထွေးနဲ့နေရတာဟ၊ ငါ့မိထွေးက အရမ်းကိုချော မောလှပပြီး သူများတွေပြောတာတော့ ကျက်သရေရှိတဲ့ ရုပ်မျိုး၊ ခန့်ညားထည်ဝါတဲ့ မိန်းမလို့တောင် တင်စားကြ တယ်၊ ဒါပေမဲ့ သူများတွေအတွက်တော့မသိဘူး၊ ငါ့အတွက် တော့ ငါ့မိထွေးဟာ အရမ်းကို ယုတ်မာတဲ့မိန်းမပဲ၊ ငါ့ အမေ ငါ့အဖေရှေ့ဆိုတစ်မျိုး၊ အဖေ့ကွယ်ရာဆို တစ် မျိုးနဲ့ အမျိုးမျိုး ရုပ်ပြောင်းရုပ်လွှဲ လုပ်နိုင်တဲ့ ဘီလူးမပဲ၊ ပထမတော့ ငါလည်း အဖေ့ကို တိုင်တာပေါ့၊ ဒါပေမဲ့ အဖေက မယုံဘူး၊ အဲဒီမိန်းမကိုပဲ ယုံတယ်၊ အဲဒီမိန်းမရဲ့ မာယာအခင်းအကျင်းတွေကိုပဲ ယုံတယ်၊ အဲဒီမိန်းမက အဖေနဲ့ သူမွေးထားတဲ့ကလေးတွေအပေါ်ကိုတော့ အရမ်း ကောင်းတယ်၊ ငါ့ကိုသာ မိထွေးလိုဆက်ဆံတာ၊ မိထွေး





လိုဆက်ဆံတာမှ သိပ်ကိုဆိုးရွားခဲ့တာ၊ ယုတ်ဆွအဆုံး ထမင်းကျန်ဟင်းကျန်တွေ သိုးနေရင်တောင် မလွှင့်မပစ် ဘဲ ငါ့ကိုကျွေးခဲ့တာ၊ ဗိုက်ဆာတဲ့အဆုံး ထမင်းသိုးဟင်းသိုး တွေကို ကြိတ်မှိတ်ပြီး စားခဲ့ရဖူးတယ်"

"ညီညီသစ်ရယ်"

ရွှေရတုဟာ သူမကိုယ်သူမ ရွှေရွှေ ဆိုတာကိုတောင် မေ့ပြီး ညည်းတွားလိုက်မိသည်။

ညီသစ်ကလည်း သိပါသည်။ မသိချင်ယောင်ဆောင် နေလိုက်သည်။

"ငါ ဆယ်နှစ်သားလောက်ကတည်းက သူ့ဒဏ်ကို လှိမ့် ခံခဲ့ရတာ၊ သူက ဟန်ဆောင်ကောင်းလွန်းလို့ ဘယ်သူကမှ သူ့ကို မိထွေးဆိုးလို့တောင် မထင်ကြဘူး၊ ဒါပေမဲ့ သူဟာ ရုပ်ကလေးနဲ့မလိုက်အောင်ဆိုးတဲ့မိန်းမပဲ၊ အဲဒါကြောင့် ငါက ရုပ်ချောတဲ့ မိန်းမတွေကို အရမ်းကြိုက်တယ်၊ မုန်းလည်းမုန်းတယ်၊ ရွှေရတု ဆိုတဲ့မိန်းမကတော့ ဘယ်

www.burmeseclassic.com



လောက်ပဲ ရှုပ်လှလှ စိတ်ဓာတ်ကတော့ အပြည့်အဝလှမှာ မဟုတ်ပါဘူး"

"အစ်ကိုလေးရယ် လူတိုင်း ဒီလိုချည်းပဲလို့တော့ ပြောလို့ ဘယ်ရပါ့မလဲ၊ လူချင်းတူပေမယ့် စိတ်ချင်းတူတာမှ မဟုတ်တာ၊ လင်ပါသားသမီးအပေါ်မှာကောင်းတဲ့ မိထွေးတွေလည်း ရှိတာပဲ"

"မွှေရတုဆိုရင် မိထွေးကောင်းတစ်ယောက်ဖြစ်နိုင်ပါ့မလား၊ မိထွေးဘဝ ရောက်ခဲ့ပြီးမှ ကိုယ့်ရင်သွေးတွေ ရလာခဲ့ရင် ဘယ်သူမဆို ရင်ကမွေးတဲ့သွေးကိုပဲ မိခင်စိတ်ထားမှာပေါ့၊ ကောင်းတယ်ဆိုတဲ့ မိထွေးတွေက သူတို့မှာ သားသမီး ရင်းချာမရှိလို့ ကောင်းနိုင်တာပါ"

"ဒါပေမဲ့ ကိုယ့်ရင်သွေးလောက်မချစ်နိုင်ပေမယ့် ထမင်းသိုးဟင်းသိုးတော့ မကျွေးလောက်ပါဘူး"

"ထားပါ၊ ပြိုင်မငြင်းတော့ဘူး၊ မင်းကမှ မခံစားဘူးတာ၊ ဝေဖန်ဆန်းစစ်နိုင်မှာပေါ့၊ ငါ မွှေရတုကို ဘာလို့ကြည့်မရ





တာလဲဆိုတာ သိပြီမို့လား၊ ငါ သူ့ကိုကြည့်မရတာ သူ သိပ်လှနေလို့ပဲ၊ သူဟာ သာမန်မိန်းမတစ်ယောက် ဆိုရင်တောင် ငါ ခင်မင်နိုင်လိမ့်မယ်"

မွှေရတုလည်း ဘယ်လိုနှစ်သိမ့်ပေးရမှန်း မသိတော့။ သူ့မှာလည်း သူ့ခံစားချက်နဲ့သူလေ။

မွှေရတုက အမြဲ ဆီဦးထောပတ် စားလာတဲ့သူဆိုတော့ ထမင်းသိုးဟင်းသိုး စားရတဲ့သူ့ဘဝကို အရမ်းသနားသွားသည်။

ဆယ်နှစ်သားကတည်းက ခံစားခဲ့ရတာ ဆိုတော့လည်း သူ့ခမျာ စိတ်ဒဏ်ရာ ရရှာပြီပေါ့။

ညီသစ်လည်း မွှေရတုကို ရှင်းပြလိုက်ရ၍ စိတ်ထဲမှာ ကျေနပ်သွားသည်။

"မွှေမွှေ"

"ရှင်"

"နင် ဘယ်နေ့ ဘုရားသွားဦးမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသေချာသေးပါဘူး ကိုညီညီသစ်ရယ်၊ ရွှေရွှေတို့ဘဝဆိုတာ အိမ်ရှင်ခွင့်ပြုမှ အပြင်ထွက်ခွင့်ရတာလေ"

"အေးပါ၊ နင် အပြင်ထွက်လို့ရတဲ့နေ့ ငါ့ဆီ ဖုန်းဆက်နော်၊ ငါ ဘုရားလိုက်ပို့မယ်"

♥ ♣ ♥





ရွှေရတုတို့ စာမေးပွဲကြီး နီးလာပါပြီ။ ဒါတောင် မင်္ဂလာဧည့်ခံပွဲနဲ့ ညစာစားပွဲလောက်ပဲလုပ်ထားလို့ တော်သေးတယ်။ ကောင်းထက်ပြည့်စုံဆန္ဒအရင်ဆိုရင် မင်္ဂလာပွဲကို ခုနစ်ကြိမ်ခန့်တောင် ကျင်းပချင်နေတာ။ ရွှေရတုက လက်မခံလို့။ ရွှေရတုမိဘတွေကလည်း ကောင်းထက်ပြည့်စုံနဲ့ ရွှေရတုတို့ရဲ့ မင်္ဂလာဧည့်ခံပွဲကို မြန်မြန်ပြီးစေချင်ကြပြီ။ ရွှေရတုကို ကောင်းထက်ပြည့်စုံ လက်ထပ်ပြီးမှပဲ သူ့မိဘတွေအနေနဲ့ စိတ်ချကြမည်ထင်ပါသည်။

မင်္ဂလာပွဲကိစ္စနဲ့ ကောင်းထက်လည်း အဝင်အထွက်တွေရှုပ်နေသည်။ ရွှေရတုကတော့ စိတ်တွေညစ်ပြီးရင်း ညစ်နေသည်။ ရွှေရတုသည် ညီသစ်ကို သံယောဇဉ်တွယ်မှန်းအသိ တွယ်တာလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်ရင် ညီသစ်နဲ့အတူ အဝေးဆုံးကိုထွက်သွားချင်သည်။ မိန်းမလှတွေကို ကြောက်နေသည့် ညီသစ်ကို ကြင်နာချင့်မိသည်။

ညီသစ်က ဘုရားလိုက်ပို့မယ်ဆိုကာမှ အခြေအနေမပေး။ အပြင်ထွက်ဖို့မပြောနဲ့။ ပြောဖို့တောင်မလွယ်။ မေမေဘဒီရက်ပိုင်း ညဘက်တွေ သူမနဲ့ လာအိပ်သည်။

မကြာခင် အိမ်ထောင်ပြုကာ ကောင်းထက်ပြည့်စုံနဲ့ အိမ်ခွဲနေကြမှာမို့ မေမေက သူမနဲ့အတူ သူမ မင်္ဂလာဆောင်တဲ့ အချိန်ထိ လာအိပ်မတဲ့။ ဘယ်လိုမှကို မလွတ်လပ်တော့။

ကျဉ်းကျပ်မှုတွေများလာလေ ပိုပြီးတော့ ထွက်ပေါက်ရှာချင်စိတ်တွေ ပေါက်လာလေပါပဲ။

ညီသစ်နဲ့ ဖုန်းတောင်မပြောရလေ ပိုပြီး တွေ့ချင်လေပဲ။ သူငယ်ချင်း မိစုနဲ့ အိမလာလည်တော့လည်း သူငယ်ချင်းတွေကို ညီသစ်အကြောင်း ရင်မဖွင့်ရဲပါ။ သူငယ်ချင်းတွေကလည်း ကောင်းထက်ပြည့်စုံရဲ့ ဘက်တော်သားတွေလေ။





မိစုနဲ့ အိမ လာလည်ရင်လည်း သူမနဲ့ကောင်းထက်ပြည့်စုံကို အားကျကြောင်းပဲ ပြောကြသည်။

“မိစု … အိမ … ငါ ခုချိန်မှာ ငါချစ်တဲ့သူကို တွေ့သွားရင် ဘယ်လိုလုပ်ရမလဲ”

“ဘာမှ လုပ်စရာမလိုတော့ဘူးလေ၊ နင်ချစ်တဲ့သူက ကောင်းထက်ပြည့်စုံထက် သာမှာမို့လို့လား၊ ပြီးတော့ ခုလို အကြီးအကျယ် စေ့စပ်ပွဲကြီးလုပ်ပြီးမှ နင် တခြားတစ်ယောက်ကို လက်ထပ်မယ်ဆိုရင် အရင်ဆုံး နင့်မိဘတွေ အရှက်ကွဲမှာ၊ ပြီးတော့ ယောကျ်ားတစ်ယောက်နဲ့ အကြီးအကျယ်စေ့စပ်ပြီးမှ တခြားယောကျ်ားနဲ့ လက်ထပ်ရင် နင်နဲ့ လက်ထပ်လိုက်တဲ့သူက နင့်ကို တစ်သက်လုံး နားလည်ပေးပါ့မလား၊ နင် တစ်သက်လုံး စိတ်ချမ်းသာနိုင်ပါ့မလား”

“နင် သက်သက် ခေါင်းစားခံမနေနဲ့ဟယ်၊ နင့်ယောက်ကျ်ားလောက်ကောင်းတဲ့သူမရှိတော့ဘူး၊ ကောင်းထက်ပြည့်စုံက နင့်ကို ပျော်အောင်ထားမှာပါဟယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ နင်က အဆီအစိမ့်တွေချည်းစားနေရလို့ အီနေတာပါ၊ တကယ်တော့ နင်ပိုင်ဆိုင်ရမယ့် သတို့သားလောင်းက 100%ပြည့်စုံပါတယ်ဟယ်"

"ဘဝဆိုတာကို ပုံသေနည်းချပြီး တည်ဆောက်တာဟာ မမှားပေမယ့် မှန်ရုံပဲမှန်လိမ့်မယ်၊ ပျော်စရာတော့ကောင်းမှာ မဟုတ်ဘူး၊ နင်ပြောသလိုပေါ့ဟာ၊ တစ်သက်လုံး အဆီအစိမ့်တွေချည်းစားရရင် ငါ မြန်မြန်ရောဂါရ အသက်တိုမယ်"

"မပူပါနဲ့ဟယ်၊ နင် သားသားမီးမီးတွေ ရလာရင် အဆီအစိမ့်ထဲ ချိုချိုချဉ်ချဉ်လေးတွေလည်း ရောလာဦးမှာပါ၊ နင် ပျော်သွားမှာပါဟယ်၊ ပြီးတော့ နင့်မိဘတွေနဲ့ ငါတို့လည်း ပုံမှန်အတိုင်း ရှိနေမှာပဲလေ"

ရွှေရတု သက်ပြင်းချလိုက်သည်။ ဟုတ်ပါတယ်။ သူမပဲ မှားနေတာပါ။ ပုံစံချပြီးသား ဘဝတစ်ခုလုံးကို ပုံစံခွက်ထဲဝင်ရမှာ ကြောက်နေတာပါ။





ရွှေရတု ဆိုတဲ့မိန်းမကို ညီညီသစ်က တရိုးတာ[illegible]တောင် စိတ်မဝင်စားပါဘဲ သူမ ခံစားနေတာပါလေ။

မင်္ဂလာပွဲနီးလေလေ ညီသစ် မျက်နှာပဲ အချိန်ပြည့်မြင်ယောင်လေပါပဲ။

အချစ်ဆိုတဲ့အရသာကို သူမ ပြင်းပြင်းရှရှ ခံစားရတော့မှ တော်တော်လေး ပူစပ်ပူလောင်နိုင်လှပါတယ်။ အချစ်က လုံးဝ လုံးဝ မအေးမြပါဘူး။ လွမ်းဆွတ်မှုတွေ သောကတွေနဲ့ပဲ ရွမ်းမံထားတာပါ။ ဒါပေမဲ့ အဲဒီအလွမ်းတွေ၊ သောကတွေကိုပဲ စော်မက်မောမောနဲ့ နည်းနည်းမှကို မစွန့်လွှတ်နိုင်အောင် တွယ်တာနေတာ အချစ်ပါပဲ။

တကယ်တော့ အချစ်ဆိုတာ မကောင်းမှုန်း သိရက်နဲ့ စွဲလမ်းမိတဲ့အရာပါပဲ။

သူမသည် ကောင်းထက်ပြည့်စုံနဲ့ မျက်နှာ[illegible]ရတိုင်းလည်း စိတ်ညစ်ပါတယ်။ ပိုဆိုးတာက ကောင်း[illegible]သူမကို ထိမှာကိုင်မှာကို အရမ်းကိုကြောက်တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူမက အထိအကိုင် မခံတာကိုပဲ ကောင်းထက်ပြည့်စုံက ဖြူစင်သူလေးရယ်ဟု သဘောတွေ ကျနေပါသေးတယ်။ ရယ်စရာပါပဲ။ သူမ ဖြူစင်တာထက် မနှစ်မြို့တာမှန်းသာသိရင် သူ ဘယ်လိုခံစားရမလဲ မသိပါ။

သူမ အားလုံးနဲ့ အဝေးဆုံးကို ထွက်သွားချင်မိပါတယ်။ အထူးသဖြင့် ကောင်းထက်နဲ့ ဝေးရာ၊ သူမကို ချုပ်ချယ်လွှန်းတဲ့ မိဘတွေနဲ့ ဝေးရာကိုပေါ့။

သူမ မိဘတွေရဲ့မေတ္တာကို နားမလည်လို့ မဟုတ်ပါ။ သူမမိဘတွေကသာ သူမကို နားမလည်ကြတာပါ။ သူမဟာ သက်မဲ့မဟုတ်ဘူး။ နာကျင်တတ်တယ်။ ပျော်ရွှင်တတ်တဲ့ ခံစားချက်ရှိတဲ့ သက်ရှိတစ်ယောက်ပါ။ လူတစ်ယောက်နဲ့ တစ်ယောက်မှာ မိဘနဲ့သားသမီးပင်ဖြစ်စေဦးတော့ အကြိုက်ချင်းမတူညီနိုင်ပါ။ အမြွှာမွေးတဲ့သူတွေတောင် အကြိုက်ချင်းတူချင်မှ တူကြမှာပါ။

မိဘဆိုတာ ထိန်းသိမ်းလမ်းညွှန်ပေးရုံလောက်ပဲ လုပ်သင့်ပြီး ဒါမလုပ်နဲ့၊ ဒါတော့လုပ် စသဖြင့် အတင်းအကျပ်





ဒီအားပေးတာမျိုး မလုပ်သင့်ပါဘူး။ နားလည်အောင် ရှင်းပြပြော ဆိုဆုံးမသင့်သလို မိဘကိုယ်တိုင်ကလည်း ကိုယ့်သားသမီးတို့ နားလည်ပေးနိုင်အောင် ကြိုးစားသင့်ပါတယ်။ အစားအစာ အကြိုက်ချင်း မတူတာ ပြဿနာမရှိပေမယ့် မိဘရွေးချယ်ပေးတဲ့ အိမ်ထောင်ဖက်ကို သားသမီးက ခါးသီးနေရင်တော့ ...။

♥ ♣ ♥



www.burmeseclassic.com

www.burmeseclassic.com



ကောင်းထက်ပြည့်စုံက ဖိတ်စာဒီဇိုင်းရွေးဖို့ လာခေါ်သည်။

"ကိုကောင်းထက်ပဲ ကြိုက်တာ ရွေးလိုက်ပါ။ ရပါတယ်"

ဟိုတယ်ခန်းမ စရန်ချဖို့ လာခေါ်သည်။

"ကိုကောင်းထက် သွားလိုက်ပါ။ ရွှေရတု ခေါင်းမူးနေလို့"

ကောင်းထက်သူငယ်ချင်းတစ်ယောက်ရဲ့မင်္ဂလာဆောင်ပွဲကို သွားဖို့ လာခေါ်သည်။

"ရွှေရတုက မင်္ဂလာမဆောင်ခင် ဘယ်ပွဲမှ တွဲမတက်ချင်ဘူး ကိုကောင်းထက်။ မလိုက်ချင်ဘူး"





ရွှေရတု မိဘတွေက အတင်းလိုက်ခိုင်းကြသည်။ ရွှေရတုက အထင်းငြင်းသည်။ ကောင်းထက်ပြည့်စုံကတော့ ငြိမ်းငြိမ်း ပြုံးပြုံးနှင့် ခွင့်လွှတ်တတ်၏။

ရွှေရတုအမေ တော်တော်စိတ်တိုနေပြီ။

"ရွှေရတု ... သမီး ဘယ်လိုအချိုး ချိုးနေတာလဲ။ မောင်ကောင်းထက်နဲ့ စေ့စပ်ဖို့ သမီးကိုယ်တိုင် လက်ခံထားတာနော်"

"မေမေတို့ မဖြစ်မနေ ရွေးချယ်ခိုင်းတာပါ မေမေ၊ သမီး မဖြစ်မနေ လက်ခံထားရတာပါ"

"ဘယ်လိုပဲဖြစ်ဖြစ် ခုချိန်မှာ သမီး သူ့ကို ကောင်းကောင်းမွန်မွန် ဆက်ဆံသင့်တယ်"

"အရာရာတိုင်းကို ဘယ်လိုနေ• ဘယ်လိုထိုင်ဆိုပြီး ထိန်းလိုက်ချုပ်နေသရွေ့ သမီးလည်း လုပ်ချင်ရာ လုပ်မှာပဲ မေမေ"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးက အသည်းနှလုံးရှိတဲ့လူပါ မေမေ။ စက်ရုပ်မဟုတ်ဘူးလေ။ သမီးခံစားချက်ကို မေမေတို့ ဘယ်တုန်းကမှ နားမလည်ပေးခဲ့ဘူး။ အခွင့်အရေး မပေးခဲ့ဘူး။ မိဘက ရုပ်သေးကြိုးဆွဲဆရာ မဟုတ်သလို သားသမီးကလည်း ရုပ်သေးရုပ် မဟုတ်ဘူး။ မေမေတို့ ကောင်းစေချင်တာမှန်တယ်။ ကောင်းထက်ပြည့်စုံကလည်း ကောင်းလွန်းတဲ့သူတစ်ယောက်။ ကောင်းတဲ့သူတိုင်း သင့်တော်တိုင်းသာ ယူရမယ်ဆိုရင် မခက်ဘူးလား မေမေ။ အရင်ဆုံး သမီးယူမယ့်သူအပေါ် သမီး နားလည်ပေးနိုင်ဖို့ လိုတယ်လေ။ ခုတော့ နားလည်မေးဖို့ နေနေသာသာ သူလာမှာတောင် ကြောက်နေတာ"

"တော်စမ်း၊ တန်ဖိုးမဲ့တဲ့စကားတွေ ပြောမနေနဲ့၊ သမီးသူနဲ့ စေ့စပ်ပြီးပြီ။ မကြာခင် လက်ထပ်ရမှာ။ ဒါကို ဘာအကြောင်းနဲ့မှ ပြောင်းလဲပစ်လို့ မရဘူး။ ဒီပွဲက တို့မိသားစုရော သူ့မိသားစုပါ ဂုဏ်သိက္ခာတွေ ပုံထားတဲ့ပွဲ။ ညည်းကိုးလိုးကန့်လန့် မလုပ်နဲ့၊ နစ်နာစရာရှိရင် ကိုယ့်ဘက်ကပဲ





နစ်နာမှာ၊ နာမည်ပျက်စရာရှိရင်လည်း ကိုယ်ပဲပိုပြီးနာမည်ပျက်မှာ။ သူက ယောကျ်ားလေး၊ ဘာမှမဖြစ်ဘူး"

ရွှေရတု မိခင်ဖြစ်သူကို ကြောင်တောင်တောင်လေး ကြည့်နေသည်။

"ဘယ်မိဘမဆို ကိုယ့်သားသမီးကို အကောင်းဆုံးဖြစ်စေချင်ကြတာပဲ။ ကောင်းစေချင်လို့ စီစဉ်ပေးတာပါ သမီးရယ်။ ဂျစ်မတိုက်နဲ့၊ မောင်ကောင်းထက် စိတ်ပျက်သွားမှာစိုးလို့ မေမေက ပြောနေရတာ။ သူတို့က ဆွေကြီးမျိုးကြီး။ ဟော ... ခုပဲ သူတို့အသိုင်းအဝိုင်းကလူတွေ မေမေ့ဆိုင်က စိန်ထည်တွေကို လာအားပေးကြလို့ ဒီရက်ပိုင်း မေမေတို့ ဈေးရောင်းကောင်းလို့၊ သမီး ရုပ်ရည်ရှိလို့ မောင်ကောင်းထိုက်လို လူမျိုးကို ရတာနော်။ တကယ်ယှဉ်ကြကြေးဆိုရင် သူတို့က မေမေတို့ထက် အများကြီးသာတယ် သမီးရဲ့။ ပြီးတော့ သမီးကို မေမေတို့ ရွေးခွင့်ပေးတယ်။ အဲဒီထဲကမှ မေမေတို့ ပြန်ရွေးပေးထားတာ။ သမီး ... ခုမှတော့ ထော်လော်ကန့်လန့် မလုပ်ပါနဲ့တော့"



www.burmeseclassic.com

ရွှေရတု ခေါင်းငုံ့ထားသည်။ ငုံ့ထားသော အနေအထားကြောင့် ရွှေရတု မျက်လုံးထဲက ကြေကွဲမှုတွေ၊ နာကျင်မှုတွေ၊ ခံစားမှုတွေကို မေမေ မတွေ့ပါဘူး။ မေမေသိတာ သမက်ကောင်းရဖို့ပဲ။

မိဘ၊ သူငယ်ချင်း၊ ပြီးတော့ အိမ်ကအလုပ်သမားတွေကအစ ရွှေရတုကိုပဲ ဝေဖန်အပြစ်တင်ချင်ကြသည်။ အများနဲ့တစ်ယောက်ဖြစ်တိုင်း တစ်ယောက်သမားကဲ မှားနေတာ မဟုတ်ပါဘူး။ အမြင်ချင်း မတူတာပါ။

ရွှေရတု စိတ်တွေ မွန်းကျပ်လွန်းလှပါ၏။ ညီသစ်လို ဂစ်တာလေးတီးပြီး အေးအေးဆေးဆေး နေချင်လှသည်။

ညီသစ်ဘဝက ကြမ်းပေမယ့်၊ ကြမ်းခဲ့ပေမယ့် ခုချိန်မှာတော့ သူ့ခြေထောက်ပေါ် သူရပ်ကာ လွတ်လပ်အေးချမ်းစွာ နေနိုင်ပါသည်။

ဖြစ်နိုင်ရင် ညီသစ် ဘဝထဲကိုသွားပြီး ညီသစ်နဲ့ အေးအတူ ပူအမျှ နေချင်လှပါ၏။





မျက်စိနှစ်လုံးပွင့်တာနဲ့ ညီသစ်မျက်နှာကိုပဲ မြင်ယောင်မိသည်။ အိပ်မက်ထဲမှာ ညီသစ်နဲ့ သူမ စမ်းချောင်းဘေးမှာ သစ်လုံးအိမ်လေးနဲ့ နေကြသတဲ့။

ရွှေရတု မှုပျက်နေတာကြောင့် ရွှေရတုမိခင်ကလည်း ရွှေရတုကို လုံးဝအလစ်မပေးတော့။ ရွှေရတု အပြင်ခိုးထွက်ဖို့က လုံးဝမလွယ်တော့။

ဒီတစ်သက် ညီသစ်နဲ့ စကားလက်ဆုံပြောခွင့် ပေးပြီထင်ပါရဲ့။ အချစ်ဆိုတာ မပွင့်ဖူးခင် ချေမွခံရပြီကောကွယ်။

♥ ♣ ♥



www.burmeseclassic.com

www.burmeseclassic.com



"သမီးရေ ... ဒီနေ့ သတို့သမီးဝတ်စုံ သွားဝတ်ကြည့်ရ အောင်၊ fitting ချမယ်၊ ပြီးမှ စီးကွင့်ထိုးမယ်တဲ့၊ ငါ့သမီးလေးတော့ ရွှေရောင်သတို့သမီးဝတ်စုံလေးနဲ့ အရမ်းကိုလှနေမှာပဲကွယ်"

မေမေ့အသံက သူမနားထဲကို ပြင်းရှစွာ ထိုးခွဲသွား၏။ သူမ မဝတ်ချင်၊ စမ်းလည်းမဝတ်ချင်၊ လုံးဝကိုလည်း မဝတ်ချင်ပါ။ အခု အကြမ်းဝတ်ရမှာ။ ပြီးရင် အချောဝတ်ရမယ်။ နောက်ဆုံး တကယ် အစစ်ဝတ်ရတော့မှာပါလား။

ရွှေရောင်တဲ့။ သူမ အင်မတန်မုန်းသော အရောင်ကိုမှ ဒီဇိုင်နာက ရွေးထားသည်။ သူမကလည်း ဘာရောင်ဝတ်မယ်လို့မှ မပြောခဲ့တာဘဲလေ။





သူမမေမေ ခေါ်ရာနောက်သို့ သက်မဲ့အရုပ်ပမာ ပါသွားသည်။

သူမ အစမ်းဝတ်တာ ကိုကောင်းထက်နဲ့ သူ့မိခင်ပါ လာကြည့်ကြသည်။ သတို့သမီးလောင်းကလွဲလို့ အားလုံးပျော်တပြုံးပြုံးပေါ့လေ။

ပြီးတော့ မေမေနဲ့ ကောင်းထက်မိခင်တို့က ကားတစ်စီးနဲ့ ထွက်သွားကြသည်။ သူမနဲ့ ကောင်းထက်တို့ နေ့လယ်စာ အတူသွားစားခိုင်းကြပြန်၏။ သံပတ်ကို တစ်ပတ်ပြီးတစ်ပတ်တင်းကာ လိုရာခိုင်းနေကြ၏။

လောကကြီးကို သိပ်ပြီးစိတ်ပျက်မိပါ၏ရှင့်။ ဟိုတယ်ကြီးတစ်ခုရဲ့ lobby မှာ စားစရာတွေ လျှံနေသော စားပွဲတစ်ခုမှာ စားမယ့်လူက နှစ်ယောက်တည်း။

မလိုဘဲ အပိုတွေ အကုန်ခံထားတဲ့ စားပွဲအပြည့်စားစရာတွေကိုကြည့်ပြီး မိထွေးကျွေးတဲ့ ထမင်းသိုးဟင်းသိုးကို ဆာဆာနဲ့ စားခဲ့ရတဲ့ လူတစ်ယောက်ကို သတိရမိပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



စားစရာတွေ သိပ်များနေရင် ဘာကိုစားလို့ စားရမှန်း မသိဘဲ ဟိုဟာကောင်းနိုး၊ ဒီဟာကောင်းနိုးနဲ့ ဘာမှစားလို့မကောင်းတတ်တော့။ တကယ်ပါ။ စားလို့မကောင်းဘူး။ လုံးကို စားလို့မကောင်းတာပါ။

"စားကောင်းရဲ့လား ရတုလေး"

"အင်း ... ကောင်းပါတယ်"

ပဋိသန္ဓာရစကား ဆိုပေမယ့် ဒါဟာ မုသားပဲလေ။ မုသားဆိုမှု စကားလှတဲ့ လူမှုရေးကိစ္စတွေကို စိတ်ကုန်လှသည်။ ဒါပေမဲ့ အဲဒီလို နေထိုင်ပြောဆိုမှ ပြောတတ် ဆိုတတ် ပေါင်းသင်းတတ်တဲ့သူတဲ့။

ရွှေရတုကတော့ အရာရာတိုင်းကို စိတ်ကုန်စိတ်ပျက်နေသည်။

"ပြီးရင် ရတုလေး ဘယ်သွားချင်သေးလဲ"

"ရွှေတိဂုံဘုရား"

"ဂါဝန်နဲ့ သွားမလို့လား"





ရွှေရတုက ဒူးအတိဂါဝန်အတိုလေး ဝတ်ထားတာမို့ ကောင်းထက်က ပြောလိုက်တာပါ။ ဒါပေမဲ့ ရွှေရတု စိတ်ထဲမှာတော့ ခုသွားသည်။ ထဘီနဲ့အင်္ကျီဆိုတာ အိမ်ကိုပဲပြန်လဲလဲ၊ ကြိုရာရှော့ပင်စင်တာ တစ်ခုခုမှာပဲ သွားဝယ်ဝတ်ဝတ်။ ဘယ်လိုပဲဖြစ်ဖြစ် အဆင်ပြေအောင်လုပ်လို့ ရတာကို မေးခွန်းပြန်ထုတ်နေသည်။

"မသွားတော့ဘူး"

"သွားချင်ရင် ညနေကျရင် လာခေါ်မယ်လေ၊ ဒါမှမဟုတ် မနက်ပိုင်းသွားချင်ရင်လည်း မနက်ဖြန်မနက် လာခေါ်မယ်"

"နေပါစေတော့၊ သွားချင်စိတ်ရှိမှပဲ ဖုန်းဆက်လိုက်တော့မယ်"

"အိုခေ ... အိုခေ ... ရတုလေးသဘော"

ရွှေရတုက စားတာကို လက်စသတ်လိုက်ပြီး အအေးသောက်နေလိုက်သည်။

"ရတုလေး"



www.burmeseclassic.com

www.burmeseclassic.com



"မြောလေ"

"ကိုယ်လေ ဘာမဆို ရတုလေးသဘော အားလုံးလိုက်လျော မိမယ် ထင်တယ်၊ ရတုလေးကို စိတ်ချမ်းသာစေချင်တယ်၊ ပျော်စေချင်တယ်"

"ကျေးဇူးတင်ပါတယ်"

"ကိုယ် ရတုလေးကို အရမ်းချစ်တယ်၊ မိဘသဘောတူလို့ မဟုတ်ဘူး၊ ကိုယ်ချစ်လို့ တောင်းခိုင်းခဲ့တာ၊ ရတုလေး ဘက်က ခေါင်းညိတ်လိုက်တော့ ကိုယ်အရမ်းပျော်သွားခဲ့ တာ။ ရတုလေးနဲ့ လက်ထပ်ခွင့်ရတဲ့အတွက် ကိုယ့်ဘဝမှာ အရာရာ အားလုံးပြီးပြည့်စုံသွားသလို ခံစားရတယ်၊ ရတု လေးရော ကိုယ့်ကိုချစ်လား"

ရွှေရတု ချက်ချင်း ခေါင်းခါလိုက်သည်။ ကောင်း ထက်ပြည့်စုံက အပြုံးမပျက်ဘဲ ...

"ခုမချစ်သေးလည်း နောက်တော့ ချစ်လာမှာ စိတ်ချ ကိုယ့်အချစ်က အင်အားကြီးလို့ ရတုလေး ပြန်မချစ်ဘဲနေ နိုင်မှာ မဟုတ်ဘူး"





ကောင်းထက်ကပြောရင်း မေးစေ့လေးကို လှမ်းဖျစ် လိုက်သေးသည်။ ရတု ဖတ်ခနဲ သူ့လက်ကို ပုတ်ထုတ်ပစ်လိုက် သည်။ သူကတော့ ရတု ဘာလုပ်လုပ် အရယ်အပြုံး မပျက်ပါ။

"ပြန်ရအောင်"

"အိုခေ ... ခဏလေး၊ ကိုယ် ပိုက်ဆံရှင်းလိုက်ဦးမယ်"

အပြန် နတ်သျှင်နောင်ရှေ့ကဖြတ်တော့ ခြံဝမှာ ညီသစ် ရပ်နေတာတွေ့တယ်၊ ညီသစ်ကလည်း သူမကို တွေ့ပုံ ရ၏။

♥ ♣ ♥



www.burmeseclassic.com

www.burmeseclassic.com



ဒီရက်ပိုင်း နေလို့ထိုင်လို့ မကောင်းဘူး။ ကောင်းထက်ပြည့်စုံနဲ့ ရွှေရတုကို တွဲတွေ့ရရင်လည်း မအီမသာကြီးခံစားရတယ်။ မကျေနပ်သလိုလို၊ စိတ်မကောင်းသလိုလို ဘာမှန်းကို မသိဘူး။

ညီသစ် စိတ်ညစ်နေသည်။ သူ ရွှေရတုကို စွဲလမ်းစပြုနေပြီထင်သည်။ ရွှေရတုရဲ့ခံစားချက်တွေကို နားလည်သလိုလို ရှိလာသည်။ ပြီးတော့ ကောင်းထက်ပြည့်စုံ လက်ထဲက ကယ်တင်ချင်စိတ်တွေ ပေါက်နေသည်။

တကယ်တော့ သူမှားနေတာပါ။ ကောင်းထက်ပြည့်စုံက သူ့ထက် အစစသာတဲ့ သူတစ်ယောက်။ ရွှေရတုကို ရွှေဘုံနန်းနဲ့ တခမ်းတနား ထားနိုင်တဲ့သူ။





သူလိုကောင်နဲ့ ဘာဆိုင်လို့တုန်း။ သူ့မှာ နေစရာမရှိလို့ ရွှေရတုတို့ပိုင်တဲ့ နတ်သျှင်နောင်မှာ လခပေးပြီး လာနေရတာ။

ရွှေရတုကိုခေါ်ပြီး အခန်းကျဉ်းလေး တစ်ခန်းတောင် မငှားနေနိုင်တဲ့ဘဝ။ ဒါကိုများ သူက ဘာဖြစ်နေမိမှန်းမသိ။

ပြီးတော့ ရွှေရတုကို သူလေးစားချင်သည်။ ရွှေရတုဟာ ကောင်းထက်ပြည့်စုံကို သစ္စာဖောက်ပြီး တခြားတစ်ယောက်ကို လက်ထပ်မှာမျိုး သူ မဖြစ်စေချင်ပါ။

ဒွိဟလွန်ဆွဲပေမယ့် ဘယ်ဘက်က အလေးသာသလဲဆိုတာ သူ့ကိုယ်သူ အသိဆုံး။ ရွှေရတု ကိုယ်တိုင်လည်း ဒွိဟဖြစ်နေပါတယ်။ ဒါပေမဲ့ ဘာလုပ်သင့်တယ်ဆိုတာ ရွှေရတုလည်း သိမှာပါလေ။

လူတစ်ယောက်ဟာ လက်ညှိုးထိုးနိုင်ရင် ထိုးနိုင်၊ မထိုးနိုင်ရင် လက်မထောင်နိုင်ရမယ်တဲ့။ လက်ညှိုးထိုးခံရအောင်တော့ မလုပ်သင့်ဘူး။ ဂုဏ်သိက္ခာဆိုတာ လူ့တန်ဖိုးပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



သိက္ခာမရှိတဲ့ လူတစ်ယောက်၊ သစ္စာဖောက်တဲ့ လူတစ်ယောက်က ဘယ်လိုလုပ်ပြီး လက်ညှိုးထိုးနိုင်ပါ့မလဲ။ လက်မထောင်နိုင်ပါ့မလဲ။ လက်ညှိုးပဲ အထိုးခံရမယ်။ လက်မနဲ့ပဲ အဖိခံရမှာပေါ့။

ရွှေရတုကို တန်ဖိုးရှိတဲ့ မိန်းမတစ်ယောက်ပဲ ဖြစ်စေချင်ပါတယ်။ သူ့ထက်ပိုပြီး ရောဂါရင့်တဲ့ ရှိုင်းထွန့်တောင် ရွှေရတုကို သူ့ထက်သာတဲ့ ကောင်းထက်ပြည့်စုံနဲ့ မုဒိတာပွားနိုင်သေးတာပဲ။ ကိုယ် ဘယ်လောက်ပဲ ခံစားရပါစေ။ ကိုယ်ချစ်တဲ့သူ ကောင်းစားရေးအတွက် စွန့်လွှတ်ရဲရမှာပေါ့။

ကိုယ်ကျိုးဆန္ဒ ကိုယ့်အတ္တထက် ကိုယ်ချစ်တဲ့သူ့အတွက် စဉ်းစားရမှာပေါ့။ ဒါပေမဲ့ ကောင်းထက်ပြည့်စုံဘေးမှာ မျက်နှာလေးမရွှင်ပြတဲ့ ရွှေရတုကို တွေ့ရတော့ ရင်ထဲမကောင်းပါ။

သူ့ရင်ထဲမှာ တကယ်ပဲ မောဟမျဉ်းပြိုင် ဖြစ်နေပါသည်။ ဒွိဟတွေ လွန်ဆွဲကာ ဝေခွဲရခက်နေပါသည်။

အရင်က သူ ရွှေရတုကို ကြည်မရခဲ့၊ မနှစ်မြို့ခဲ့သမျှ ခုတော့ ရင်ထဲမှာ အချစ်တွေ ရှိုက်စားကာ ဖွင့်ချလို့မရတဲ့အနေ





အထားနဲ့ မတွေးနိုင် မအန်နိုင်။ ခရိုတင်ကဲ။ အပူတွေ စွဲနေပေမယ့် သူ့အပူတွေကို ငြိမ်းသတ်ပေးမယ့် ကျောက်စက်ရေကိုတော့ ဘယ်လိုမှ လက်လှမ်းမမီတော့။

ဘယ်လိုမှ သူ့ဆီ ကြွေမကျနိုင်တော့တဲ့ ကျောက်စက်ရေကို ဘာအားကိုးနဲ့ မျှော်ရမလဲကွယ်။

သူ မခံစားနိုင်တဲ့အဆုံး ရှိုင်းထွန့်ကိုပဲ ရင်ဖွင့်မိတော့တယ်။

"ရှိုင်းထွန့် ... ငါတော့ ဒုက္ခရောက်နေပြီ"

"ဘာဖြစ်လို့လဲ"

"ဖွင့်ပြောလို့ မရနိုင်တော့တဲ့ အနေအထားကျမှ ငါ ရွှေရတုကို ချစ်မိသွားတယ်"

"ဟာ"

ရှိုင်းထွန့်က မယုံနိုင်သလိုကြည့်ကာ ...

"ဘယ်လိုဖြစ်တာလဲကွာ၊ ဒီရက်ပိုင်း တွေ့လည်းမတွေ့ဖြစ်ပဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူ ရှိုင်းထွင့်ကို ရွှေရွှေ အကြောင်း ရှင်းပြလိုက်သည်။

"မင်တို့ဟာက မဟုတ်သေးပါဘူးကွာ"

"ငါတော့ ဖွင့်မပြောရဘဲ ရူးတော့မယ်"

"ဟာကွာ ... ဘာကြီးလဲကွာ၊ မဟုတ်သေးပါဘူး"

"ငါ သူ့ကို တကယ်ချစ်တယ်ကွာ။ ခုချိန်မှ ဖွင့်ပြောလို့လည်း မရတော့ဘူး။ ရူးပြီ"

"ဒါဆို သူလည်း အရမ်းစိတ်ညစ်နေတာပေါ့"

"ဟုတ်တယ်၊ သူက ကောင်းထက်ပြည့်စုံကို တစ်စက်မှ မကြိုက်ဘူး"

"အဲဒါ ဘဝပဲကွ။ ဘယ်သူမှ လိုတမရဘူး"

"ငါလေ သူ့ကိုလည်း သနား၊ ငါ့ကိုယ်ငါလည်း သနားတယ်ကွာ"

"ထားလိုက်ပါကွာ။ သူ တစ်နေ့ကျရင် ကောင်းထက်ပြည့်စုံကို ချစ်သွားမှာပါ"





"ငါ သူ့ကို ဖွင့်ပြောခွင့်တောင် မရလိုက်ဘူးကွာ"

"မင်းထက်စာရင် ငါက တော်သေးတာပေါ့ ... ဟ ဟ"

"ရှိုင်းထွင့် ညစ်တယ်ကွာ၊ ဘာလုပ်ရင် ကောင်းမလဲ"

"ဘာမှမလုပ်နဲ့၊ ငါ စာမေးပွဲရှိလို့ မင်းကို အဖော်မလုပ်ပေးနိုင်သေးဘူး"

"ဆေးကျောင်းသားကို သူငယ်ချင်းတော်ရတာလည်း မမိုက်ပါဘူးကွာ"

♥ ♣ ♥



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းထွဋ်က ဖြေသာပါသည်။ ဖွင့်ပြောပြလိုက်ရသည်။ အချစ်ဆိပ်တက်ကာ တကောက်ကောက်လည်း လိုက်ခွင့်ရလိုက်သည်။ ညီသစ်မှာ သူများနဲ့ လက်ထပ်ကာနီးမှ ထချစ်မိနေသည်။

မနေနိုင်စွာနဲ့ ညီသစ် ရွှေရုတ အပြင်ထွက်ရင်လိုက်ဖို့ ချောင်းနေမိသည်။ သူ ရောဂါတက်နေတဲ့ အချိန်ကျမှ ရွှေရွှေ့ဆိုကတောင် ဖုန်းမလာတော့။ ဘယ်လာတော့မလဲ။ သူမတို့ လက်ထပ်ကြဖို့ အလုပ်တွေ ရှုပ်နေမှာပေါ့။

ညီသစ် စိတ်ရှုပ်လွန်းလို့ စိမ်းလန်းမှာ သွားထိုင်တော့ ရွှေရုတတို့အဖွဲ့နဲ့ တည့်တည့်တိုး၏။ ရွှေရုတကလည်း ညီသစ်ကိုတွေ့တော့ မျက်နှာက တစ်မျိုးဖြစ်သွားသည်။





ညီသစ် မသိမသာ ခိုးကြည့်တိုင်း ရွှေရုတနဲ့ အကြည့်ချင်း ခလုတ်တိုက်တတ်သည်။ ကောင်းထက်ကတော့ မသိရှာ။ ကောင်းထက်က ညီသစ်ဘက်ကို ကျောပေးပြီး ထိုင်နေတာဆိုတော့ ညီသစ်က စိတ်ကြိုက်ခိုးကြည့်ခွင့် ရတာပေါ့။

တစိမ့်စိမ့်ကြည့်လေ လှလေ ချစ်စရာကောင်းလေပါပဲ။ အကြည့်ခံသော အလှမျိုးပါပဲ။ သူ့မိတွေးလည်း သူ့အရွယ်နဲ့သူ လှတာပါပဲ။ အဲဒါကြောင့်လည်း အစပိုင်းက သူ ရွှေရုတကို ချစ်ရကောင်းမှန်း မသိခဲ့တာလေ။ နှမြောစရာ ကောင်းလှပါတယ်။ နတ်သျှင်နောင် တစ်ဆောင်လုံး သူမကို အုန်းအုန်းကျွက်ကျွက် ဝိုင်းပြီး ပိုးပန်းနေချိန်မှာ သူက သူမကို ကျောခိုင်းထားမိတယ်။ ခုတော့ နှောင်းနောင်တတွေက နှိပ်စက်လွန်းလှသည်။

ရွှေရုတဟာ ကောင်းထက်ဘေးမှာ ရှိနေတဲ့အချိန်ဆို ကျောက်ရုပ်တစ်ရုပ်လိုပဲ။ အပြုံးလည်းမရှိ၊ အရယ်လည်းမရှိ။

သူ ကြည့်နေတုန်း ရွှေရုတက ထလာပြီးနှုတ်ဆက်၏။

"တစ်ပေယက်တည်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... တစ်ယောက်တည်း၊ မင်းလိုအဖော်မှမရှိတာ"

ချွေရတုက ခပ်မဲ့မဲ့ပြုံးကာ ...

"လိုချင် ရှာလိုက်ပေါ့တော်"

"ချွေရတု ... ချွေချွေ့ကို ပြောပေးပါ၊ ဖုန်းဆက်ဦးလို့"

"ချွေချွေ့လို လူမျိုးက ဖုန်းကိုင်နိုင်မတဲ့လား၊ sim card အလကားပေးတာတောင် Hand set မရှိလို့ ဘယ်ကိုင်နိုင်မှာတုန်း"

"ဒါဆို ချွေရတု စိုက်ပြီးဝယ်ပေးလိုက်ပေါ့"

"ကဲ ... ကျွန်မ ပြောလိုက်မယ်၊ ကျွန်မဖုန်းနဲ့လည်း ခေါ်ပေးမယ်၊ ဟုတ်ပြီလား"

"ကျေးဇူးတင်ပါတယ် ချွေရတု"

"ကျွန်မ သွားမယ်"

ကောင်းထက်ပြည့်စုံက ချွေရတုကို လှမ်းကြည့်ကာ ညီသစ်ကိုလည်း ပြုံးပြသည်။ တော်တော်လေးကို သဘောထားပြည့်ဝရှာပါသည်။





ချွေရတုတို့နှစ်ယောက် ထွက်သွားတော့မှ သူလည်း နတ်သျှင်နောင်ကို ပြန်ခဲ့လိုက်၏။

တစ်ချိန်လုံး ဖုန်းစောင့်နေမိသည်။ ဒါပေမဲ့ ထိုနေ့က ဖုန်းမလာပါ။ ချွေရတုတို့ခြံဘက်ကို ငေးမောနေမိသည်။ ချွေရတုရဲ့အရိပ်အယောင်လည်း မတွေ့ရပါ။

ညီသစ် စိတ်တွေလေကာ ချွေရတုဆီ ဖုန်းလှမ်းဆက်လိုက်သည်။ ချွေရတု ဖုန်းနံပါတ်ကို နတ်သျှင်နောင်တစ်ဆောင်လုံး သိကြသည်လေ။ ဒါပေမဲ့ ချွေရတုက ဖုန်းမကိုင်ပါ။ လူမလစ်သေးလို့ ပြောခွင့်မသာလို့ မကိုင်တာ ဖြစ်နိုင်ပါ၏။

သူမ လုံးဝမပြောချင်ဘူးဆိုရင် စိမ်းလန်းမှာ သူ့ဆီလာပြီး စကားပြောစရာမှ မလိုတာ။

ညနေဘက်ကျတော့ သူမ ဖုန်းပြန်ခေါ်သည်။ သူ့ရင်ထဲမှာ လှိုက်ခနဲနေအောင် ဝမ်းသာသွား၏။

"ဟယ်လို"

"အစ်ကိုလေးလား ... ချွေချွေပါ၊ ချွေချွေ့ကို ဖုန်းဆက်ခိုင်းတယ်ဆိုလို့၊ ပြောလေ အစ်ကိုလေး၊ ဟိုလေ — မြင်း



www.burmeseclassic.com

www.burmeseclassic.com



တော့ပြောနော်၊ မမရွှေရတုဖုန်းနဲ့ ဆက်ရတာ ကြာနေရင် ရွှေရွှေ့ကို မကြည်မှာစိုးလို့"

"အိုခေ ... ရွှေရွှေ အပြင်ကို မထွက်တော့ဘူးလား"

"ရွှေရွှေ အရမ်းကို ထွက်လာချင်ပါတယ် အစ်ကိုလေးရယ်၊ ဒါပေမဲ့ အခြေအနေက မပေးတော့ဘူး၊ မမရွှေရတုက မင်္ဂလာဆောင်ဖို့ နီးလာတော့ မေမေ ... ဟိုလေ မေမေကြီးက ရွှေရွှေတို့ကို အလုပ်တွေ ခိုင်းထားလို့"

"ရွှေရွှေ့ကို အကူအညီတစ်ခုလောက် တောင်းချင်တယ်၊ ကူညီမလား"

"ရွှေရွှေ့လိုလူမျိုးက ဘာများကူညီနိုင်မှာမို့လို့လဲ အစ်ကိုလေးရယ်"

"ရွှေရွှေ ကူညီနိုင်ပါတယ်၊ ရွှေရွှေ ကူညီနိုင်တဲ့ အကူအညီကို တောင်းတာပါ"

"ဟုတ်ကဲ့ ... ပြောပါ အစ်ကိုလေး"

"ရွှေရတုကို စကားတစ်ခွန်းလောက် ပြောပေးပါလား ရွှေရွှေ"





"ရှင် ... ဘာ ... ဘာပြောပေးရမှာလဲ အစ်ကိုလေး"

"ကိုယ် ရွှေရတုကို ချစ်တယ်လို့"

"ရှင်"

"ပြောပေးမလား ရွှေရွှေ"

ညီသစ်ရဲ့အသံတွေ လှိုက်ခါနေသလို နားထောင်နေသူသည်လည်း တုန်ယင်လျက်။

"အစ်ကိုလေးရယ် ... မမရွှေရတုက လက်ထပ်တော့မှာလေ"

"ကိုယ် သိပါတယ်၊ ကိုယ် ဘာမှလဲ မမျှော်လင့်ဘူး။ သူ သိအောင် ပြောခွင့်ရရုံလေးပါ။ ကိုယ် မပြောလိုက်ရဘဲ ခံစားနေရတာထက်စာရင် ချစ်နေတာကို သူ သိစေချင်ရုံလေးပါ"

ရွှေရတုဆီမှ ဗလုံးဗထွေး ညည်းတွားသံတစ်ခုကို ဝိုးတဝါး ကြားလိုက်ရသလိုမို။

"ရွှေရွှေ"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလေး ဘာမှမထူးတော့တဲ့ အချိန်ကျမှ ဘာဖြစ်လို့ ဒီစကား ပြောနိုင်းတာလဲ၊ အစ်ကိုလေး မမရွှေရတုကို ကြည့်မရဘူးဆို"

"ဟုတ်တယ်၊ အချိန်အခါ ရှိခဲ့တုန်းက ကိုယ့်နှလုံးသားက အမှောင်ဖုံးနေခဲ့တယ်၊ ကိုယ့်အတ္တကြောင့် သူ့ကိုချစ်ရကောင်းမှန်း မသိခဲ့ဘူး၊ တကယ်တမ်း သူ့ကို ကောင်းထက်ပြည့်စုံနဲ့ တွဲတွေ့ရတော့ ကိုယ် မခံစားနိုင်ဘူး။ ဒါပေမဲ့ သူ သိစေချင်ရုံလေးပါ။ ညီသစ် ဆိုတဲ့ကောင်က ကောင်းထက်ပြည့်စုံရဲ့ ခြေဖျားတောင် မမီတဲ့ကောင်ပါ။ ခုချိန်မှာ ရွှေရတုက ကိုယ့်ကိုလက်ထပ်ပါမယ် ဆိုရင်တောင် လက်မခံနိုင်တဲ့ကောင်ပါ"

"ဘာဖြစ်လို့လဲ၊ ချစ်တယ်ဆိုပြီး ဘာလို့ လက်မထပ်နိုင်ရတာလဲ"

"ကိုယ်က ငမွဲလေ၊ ကိုယ်တောင် နေစရာမရှိလို့ ရွှေရတုပိုင်တဲ့အဆောင်မှာ လခပေးပြီးနေရတဲ့ဘဝ။ တက္ကစီမောင်း





ပြီး ကိုယ့်ကျောင်းစရိတ် ကိုယ်ရှာရတဲ့ဘဝ။ ဒီလိုဘဝမျိုးထဲ ရွှေရတုကို ဆွဲမခေါ်ရက်ပါဘူး။ ကောင်းထက်ပြည့်စုံဆိုတဲ့ကောင်က ရွှေရတုဘဝကို ရွှေဘုံနန်းနဲ့ ထားနိုင်တဲ့သူ။ ရွှေရတုဘဝကို လက်ညှိုးညွှန်ရာ ရေဖြစ်အောင် ဖန်တီးပေးနိုင်တဲ့သူ၊ ပိုက်ဆံတင် ချမ်းသာတာမဟုတ်ဘူး၊ သူတို့မိသားစုက စိတ်သဘောထားလည်း ပြည့်ဝကြတယ်တဲ့။ ကိုယ်လိုကောင်နဲ့ ဘာဆိုင်လို့လဲ။ ကိုယ်ချစ်တဲ့ ရွှေရတုကို ချစ်လွန်းလို့ မပိုင်ဆိုင်ရက်ဘူး။ ချစ်လွန်းလို့ကို ကောင်းထက်ပြည့်စုံနဲ့ သဘောတူတယ်"

"အစ်ကိုလေး ... တော်ပါတော့ အစ်ကိုလေးရယ်"

"တကယ်ချစ်လာတော့ ကိုယ်ချစ်တဲ့သူကို အကောင်းဆုံးတွေပဲ ပိုင်ဆိုင်စေချင်တယ်။ ကိုယ်က အကောင်းဆုံးမလုပ်ပေးနိုင်တော့ လုပ်ပေးနိုင်တဲ့သူဆီ ရောက်တာကိုပဲ ဝင်းသာနေရတာပါ ရွှေရွှေ။ ကိုယ် သူ့ကို သိပ်ချစ်တယ်လေ"

ရွှေရတုဆီမှ ရှိုက်သံလေး ပျံ့လွင့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မငိုပါနဲ့ ရွှေရွှေ"

"ရွှေရွှေလည်း ဝမ်းနည်းလို့ပါ အစ်ကိုလေး"

"ကိုယ်က ရွှေရွှေ့ကိုလည်း မငိုစေချင်ဘူး"

♥ ♣ ♥





ဒီနေ့ ရွှေရတုတို့ လက်မှတ်ထိုးမယ့်နေ့။ ရွှေရတုတို့အိမ်မှာပဲ လက်မှတ်ထိုးကြမှာ။ ဗေဒင် ယတြာတွေတွက်ချက် အချိန်တွေ နေ့ရက်တွေ ရွေးပြီး လုပ်တာမို့လို့ ဆယ့်တစ်နာရီ ဆယ့်တစ်မိနစ်မှာ လက်မှတ်ထိုးမှာ။

ရွှေရတု တစ်ညလုံး အိပ်မပျော်ပါ။ လက်မှတ်ထိုးလိုက်ပြီဆိုရင် ရွှေရတုက ကောင်းထက်ပြည့်စုံရဲ့ဇနီး ဖြစ်သွားပြီလေ။

လက်မှတ်ထိုးပြီးတာနဲ့ ရွှေရတုရဲ့အပျိုစင်ဘဝလေး ပြီးဆုံးသွားပြီ။ ထို့ကြောင့် ထိုအချိန်မတိုင်ခင် ရွှေရတုသည် ညီသစ်ဆီကို ဖုန်းဆက်ချင်ပါသည်။ ဖြစ်နိုင်ရင် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကိုတောင် သွားတွေ့ချင်သည်။ ဒါပေမဲ့ အပြင်ထွက်ဖို့က လုံးဝ မလွယ်တော့။

တစ်ညလုံး ဖုန်းဆက်ဖို့ ချောင်းနေပေမယ့် မေမေကလည်း မလစ်တော့ အခွင့်အရေးမရ။ ရွှေရတု စိတ်တွေညစ်နေသည်။ မေမေကလည်း ရွှေရတုကိုဖက်ပြီး ဆုံးမစကားတွေပြော၊ မှာတမ်းတွေချွေနဲ့။ မေမေ ပြောတာတွေနဲ့ ရွှေရတုနားထဲ တစ်ခွန်းမှ မရောက်။

လူက ကိုယ့်ဖာနဲ့ကိုယ်။ ပြီးတော့ ညီသစ်ပြောတဲ့ စကားတွေကိုလည်း ပြန်ကြားယောင်နေသေးသည်။

ထို့ကြောင့် အိပ်ချင်ယောင်ဆောင်နေလိုက်တော့ မေမေလည်း ဆက်မပြောတော့။ ညီသစ် ခများ သူ့ဘဝလေး မလုပရှာလို့ သူမကို မပိုင်ဆိုင်ရက်ဘူးတဲ့။ ယုံပါတယ်။ ညီသစ်ရဲ့မေတ္တာတရားတွေကို။ ညီသစ် တကယ်ချစ်တယ်ဆိုတာ သူမ ခံစားလို့ ရပါတယ်။ သူပြောတဲ့ အသံမှာ လှိုက်လှဲမှုတွေပါတယ်။ ပြီးတော့ သူမကို ရွှေရွှေအမှတ်နဲ့ ရင်ဖွင့်နေရှာတာ။





တစ်ညလုံး လူးလွန့်နေမိသည်။ မေမေကလည်း ဖက်ထားတာ မလွှတ်။ မေမေလည်း အိပ်မည့်ပုံမပေါ်။ မနက်ငါးနာရီထိုးတော့မှ …

"သမီးလေး အိပ်ပျော်အောင် အိပ်လိုက်ပါလား။ တော်ကြာ နေ့လယ်ကျရင် မျက်ကွင်းတွေ ညိုနေဦးမယ်။ မေမေ ဘုရားခန်းသွားပြီး ဘုရားရှိခိုးလိုက်ဦးမယ်နော်"

"ဟုတ်ကဲ့"

"Air-con လျှော့ပေးခဲ့မယ်နော် သမီး။ နည်းနည်းအေးလာပြီ"

"ဟုတ်ကဲ့"

မေမေထွက်သွားတာနဲ့ တံခါးကို ချက်ထထိုးကာ ဖုန်းကိုအပြေးယူရသည်။

ဖုန်းဝင်သွားပေမယ့် တော်တော်နဲ့ မကိုင်သဖြင့် ဖုန်းက ကျသွား၏။ ဘုရားရေ … မြန်မြန်ကိုင်ပါ။ အချိန်မရှိ



www.burmeseclassic.com

www.burmeseclassic.com



တော့လို့ပါ။ ဖုန်းဆက်စရာဆိုလို့ ဒီခဏလောက်ပဲ အချိန်ရတော့ လို့ပါ။ သူမ ထပ်ခါ ထပ်ခါ ခေါ်သည်။ သုံးခါမြောက်ကျမှ အိပ်ချင်မူးတူးနဲ့ ထူးသံကြားရသည်။

"ဟဲလို ... ဟဲလို ... ရွှေရတုလား"

"ညီသစ်လား"

"ဟုတ်တယ် ... ဟုတ်တယ် ပြော"

ညီသစ်လည်း ရုတ်တရက် ရွှေရွှေ ဆိုတာကို မေ့သွားကာ ရွှေရတု နာမည်ကိုပဲ ခေါ်လိုက်၏။ တစ်ဖက်ကလည်း သူ့ကို အစ်ကိုလေး မခေါ်ပါ။

"ညီသစ်"

"ပြောလေ ... ပြော"

"တို့ ဒီနေ့ ကောင်းထက်နဲ့ လက်မှတ်ထိုးမှာလေ"

"သြော် ... နောက်ဆုံးတော့ ရွှေရတု လက်ထပ်တဲ့နေ့ကို ရောက်လာပြီပေါ့"





"ဟုတ်တယ်၊ လက်မှတ်ထိုးပြီးတဲ့ အချိန်ကျရင် ရွှေရတု ကိုယ် ရွှေရတု မပိုင်တော့ဘူး။ အဲဒါကြောင့် အခု ဖုန်းဆက်လိုက်တာ"

"ရွှေရတု"

"ပြော"

"ရွှေရွှေ ပြောတယ်မို့လား"

"ပြောပါတယ်"

"အဲဒါဆို ကိုယ် ကျေနပ်ပြီ"

"ညီသစ် အကြောင်းတွေ ရွှေရွှေ ပြောပါတယ်။ မိန်းမတိုင်းကို ညီသစ် မိထွေးလို့ မထင်ပါနဲ့ ညီသစ်ရယ်။ ကမ္ဘာပေါ်မှာ အင်ဂျလီနာဂျိုလီလို မိန်းမတွေလည်း တစ်ပုံကြီး ရှိပါသေးတယ်။ ဒါတော့ ဂျိုလီက ချမ်းသာလို့လို့ ပြောချင် ပြောမှာပေါ့။ ဒါပေမဲ့ ကိုယ့်မှာ စားစရာမရှိတဲ့ကြားက ကိုယ့်သားသမီးကိုရော၊ လင်ပါသားသမီးတွေ



www.burmeseclassic.com

www.burmeseclassic.com



ကိုပါ ဝမ်းဝ ခါးလှအောင်ထားတဲ့ မိတ္တေးကောင်းတွေလည်း အများကြီး ရှိမှာပါ။ ဖြစ်သမျှက ဝဋ်ကြွေးရှိခဲ့လို့ သဘော ထားလိုက်နော်”

“ရွှေရတု စကားကို ကိုယ်နားထောင်ပါမယ်”

“ပြီးတော့ တစ်ခု ပြောစရာရှိသေးတယ် ညီသစ်ရယ်”

“ပြောလေ ရွှေရတု”

“ရွှေရတုလေ ယောကျ်ားတစ်ယောက်ကို ချစ်မိသွားတယ်”

“ဟင်”

“အဲဒီယောကျ်ားက ကောင်းထက်ပြည့်စုံတော့ မဟုတ်ဘူး ညီသစ်ရဲ့”

“ရွှေရတု”

“သူကလည်း ရွှေရတုကို ချစ်တယ်တဲ့ ညီသစ်ရယ်။ ရွှေ ရတုလေ ဒီလောက်နဲ့ပဲ ကျေနပ်လိုက်ပါပြီ”

“ရွှေရတု”





“ညီသစ်ကလည်း ညီသစ်ချစ်တာကို ရွှေရတုကို သိစေချင် သလို ရွှေရတုကလည်း ရွှေရတု သူ့ကိုချစ်တဲ့အကြောင်း ကို သူသိစေချင်တယ်။ ပြီးတော့ သူ ဖြစ်စေချင်သလို သစ္စာရှိတဲ့ မိန်းမကောင်းတစ်ယောက်ဖြစ်အောင်လည်း ကြိုး စားမယ်။ သူ့ကိုတော့ ရွှေရတုနှလုံးသားထဲမှာ တိတ်တိတ် ကလေး သော့ခတ်ထားလိုက်တော့မယ် ညီသစ်ရယ်၊ ဒါပဲ နော်။ ဖုန်းချလိုက်တော့မယ်”

“ခဏလေး ရွှေရတု၊ သူ ... အဲ့ ဘယ်သူလဲ”

“သူက မိန်းမလှလေးတွေကို ကြောက်တဲ့သူလေ”

“ဟာ”

ညီသစ်ရဲ့ ရင်ခုန်သံတွေ ရုတ်တရက် ရပ်တံ့သွား၏။ ထွက်လေ ဝင်လေတွေလည်း မရှိတော့သလို ခံစားလိုက်ရ သည်။

အချစ်နဲ့ အိမ်ထောင်ရေးကြား လွန်ဆွဲနေတဲ့ ရွှေရတု ရဲ့ ဒွိဟစိတ်တွေ အဆုံးသတ်သွားပါပြီ။ သိပ်ချစ်ချင်တဲ့ ရွှေရတု



www.burmeseclassic.com

www.burmeseclassic.com



အချစ်ကို သော့ခတ်ကာ ကောင်းထက်ကို လက်ထပ်ရပါတော့မည်။ လူတော်တော်များများဟာ ရွေးချယ်စရာရှိမှ ဒွိဟ ဖြစ်တတ်ကြတာပါ။ ရွှေရတုကတော့ ရွေးစရာမရှိတဲ့ အချိန်တုန်းက ဒွိဟဖြစ်နေခဲ့ပြီး ရွေးစရာရှိလာတဲ့ အချိန်မှာတော့ ပြတ်ပြတ်သားသားဆုံးဖြတ်ချက် ချနိုင်ခဲ့ပါသည်။

ညီသစ်က ရွှေရတုကို ချစ်ရလွန်းလို့ ကောင်းစားစေချင်သလို ရွှေရတုကလည်း ညီသစ်ရဲ့ဆန္ဒအတိုင်း ကောင်းထက်ပြည့်စုံနဲ့ လက်ထပ်လိုက်တာဟာ ... ... ... ...။

P.S

"ရွှေရတု ဒွိဟ"ဆိုတဲ့ စာအုပ်လေးဟာ ကျွန်မရဲ့အုပ်(၅၀)မြောက် စာအုပ်ကလေးပါ။ ဒါပေမဲ့ ဒီစာအုပ်ကလေးဟာ ရွှေရတု အထိမ်းအမှတ်နဲ့ လုံးဝမထိုက်တန်သော သာမန်ဇာတ်လမ်းလေးတစ်ပုဒ်ပါပဲ။ အထိမ်းအမှတ်ဖြစ်အောင် ထူးထူးခြားခြားမရေး





နိုင်တဲ့ ကျွန်မရဲ့ဒွိဟကို ခွင့်လွှတ်ပေးပါလို့ ကျွန်မရဲ့စာဖတ်ပရိသတ်ကြီးကို အနူးအညွတ် တောင်းပန်ပါတယ်။ တကယ်တော့ ရွှေရတုအထိမ်းအမှတ်အဖြစ်ကျွန်မရေးဖို့ ရည်ရွယ်ထားသော ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ် ရှိပါတယ်။ ဒါပေမဲ့ အဲဒီဖြစ်ရပ်မှန်ဇာတ်လမ်းထဲက ကောင်လေးဟာ ဖေဖော်ဝါရီလကပဲ သွေးကင်ဆာရောဂါနဲ့ ကွယ်လွန်သွားခဲ့ပါပြီ။ သူ မကွယ်လွန်ခင်က သူ့ဇာတ်လမ်းကို ရေးဖို့စိတ်ကူးထားခဲ့တာပါ။ ဒါပေမဲ့ သူ ကွယ်လွန်သွားချိန်မှာ မရေးချင်တော့လောက်အောင်၊ မရေးရက်တော့လောက်အောင် ခံစားရလို့ သူ့ဇာတ်လမ်းအတွက် စုဆောင်းထားတဲ့ အချက်အလက်တွေကိုကျွန်မ ဒီတိုင်း ထိုင်ကြည့်နေမိတယ်။ အခု မရေးချင်သေးပေမယ့် တစ်နေ့နေ့တော့ ရေးဖြစ်မလား။ ဒါမှမဟုတ် တစ်သက်လုံး မရေးဖြစ်တော့ဘူးလား



www.burmeseclassic.com

ဆိုတာ ကျွန်မကိုယ်ကျွန်မတောင် မသေချာဘဲ ဒွိဟ ဖြစ်နေပါတယ်ရှင်။

ပရိသတ်ကြီးကို
ချစ်ခင်လေးစားလျက်

ရွှန်းရမီမိုး
30 th May 13

ဝေဖန်စာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများပေးပို့ပါလျှင်
အမှတ်-၉/၁၁၊ ၈-လွှာ(ခ)၊ ရေကျော်ဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။